# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၁၇၆)


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၄၅)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး ဖြစ်သူ Mr. Ola Almgren အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား အပြန်အလှန်ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ သွားရောက်ပေးအပ်ရာတွင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များအပါအဝင် ကုလသမဂ္ဂနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး၊ ကုလသမဂ္ဂဝန်ထမ်းများအား ခရီးသွားလာခွင့်ပြုသည့် လုပ်ငန်းစဉ် ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ရေး၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(MSDP) အကောင်အထည်ဖော်ရေးအတွက် ကုလသမဂ္ဂမှ ကူညီပံ့ပိုးပေးရေးနှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် COVID-19 ရောဂါကာကွယ်တားဆီးမှုလုပ်ငန်းများတွင် ကုလသမဂ္ဂမှ အကူအညီပေးရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးဖြစ်သူ Mr. Ola Almgren အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## ပြည်ပသို့ သွားရောက်မည့် မြန်မာနိုင်ငံသားများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ခရီးသွားလာမှုဆိုင်ရာ အကြံပြု

**နေပြည်တော် မတ် ၂၃**

COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ပြည်ပမှ ကူးစက်မှုများ ကာကွယ်တားဆီးရေးအတွက် လည်းကောင်း၊ ခရီးသွားစဉ် မမျှော်လင့်သော ကန့်သတ်ချက်များနှင့် ကြုံတွေ့နိုင်ခြင်းကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပနိုင်ငံများ၊ အထူးသဖြင့် ရောဂါကူးစက်မှုမြင့်မားနေသည့် နိုင်ငံများသို့ မလွှဲမရှောင်သာကိစ္စများမှလွဲ၍ ခရီးသွားလာမှုရှောင်ရှားကြပါရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပြုထားသည်။

ထို့ပြင် မြန်မာနိုင်ငံသားများအနေဖြင့် မလွှဲမရှောင်သာ၍ ပြည်ပခရီးသွားရောက်ရန်ရှိပါက ခရီးမထွက်ခွာမီ သွားရောက်မည့်နိုင်ငံနှင့် ဖြတ်သန်းမည့်နိုင်ငံများမှ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုနောက်ဆုံး အချက်အလက်များကို သက်ဆိုင်ရာ နိုင်ငံခြားသံရုံးများသို့ ဖြစ်စေ၊ မြန်မာသံရုံးများသို့ဖြစ်စေ ဆက်သွယ်စုံစမ်းကြရန်လည်း

*စာမျက်နှာ ၉ ကော်လံ ၁* ❄

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာ » ၈

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု မြင့်တက်လာသည့်အတွက် ဂရိနိုင်ငံက တစ်နိုင်ငံလုံးကို ပိတ်ဆို့လိုက်ကြောင်း ကြေညာ စာ » ၁၃

ကိုရိုနာဗိုင်းရပ်စ်သံသယရှိသည့်အတွက် ဂျာမနီဝန်ကြီးချုပ် သီးခြားခွဲနေရမည် စာ » ၁၄


**စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .**

**ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။**

# အသွားအလာကန့်သတ်ချက်များ ဂရုတစိုက်တိကျစွာလိုက်နာ

ကမ္ဘာပေါ်တွင် COVID-19 ရောဂါ အတည်ပြုလူနာ မတွေ့ရသေးသော နိုင်ငံဟူ၍ လက်ချိုးရေတွက်၍ရနိုင်သည့် အခြေအနေသို့ ရောက်သွားပြီဖြစ်ပြီး မြန်မာနိုင်ငံသည်လည်း COVID-19 ရောဂါ အတည်ပြုလူနာများ စတင်တွေ့ရှိလာရပြီဖြစ်သည်။ ရောဂါကူးစက်ပြန့်ပွားနေသည့် နိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများစွာတို့ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းနှင့်အတူ နိုင်ငံတွင်း ရောဂါဝင်ရောက်ဖြစ်ပွားနိုင်ခြေ လွန်စွာမြင့်မားမှုအပေါ် ပြည်သူလူထုအတွင်း၌လည်း စိုးရိမ်စိတ်တို့ ကြီးထွားလာလျက်ရှိနေသည်။

အထူးသဖြင့် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား ထောင်ပေါင်းများစွာ ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့နှင့်အတူ ရောဂါပိုးပါဝင်လာပြီး ကူးစက်ပြန့်ပွားနိုင်သည့်အတွက် ၎င်းတို့အား အသွားအလာကန့်သတ်ခြင်းကို မဖြစ်မနေ ပြုလုပ်ရမှာဖြစ်သည်။ သို့ရာတွင် လူဦးရေအများအပြား ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည့်အတွက် သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်ခြင်း (Facility Quarantine) ကို ဆောင်ရွက်ရန် မဖြစ်နိုင်ဘဲ ၎င်းတို့၏ နေအိမ်များတွင်သာ အသွားအလာကန့်သတ်ခြင်း(Home Quarantine) ကို ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းသို့ အသွားအလာကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ပိတ်ပင်ခြင်းတို့မှာ ကပ်ရောဂါများ ဖြစ်ပွားလာပါက ရောဂါပြန့်ပွားမှု မရှိစေရေးနှင့် ထိန်းချုပ်နိုင်ရေးတို့အတွက် လိုအပ်သလို ဆောင်ရွက်ရခြင်းပင်ဖြစ်ပြီး အားလုံးက လိုက်နာဆောင်ရွက်ကြရမှာလည်း ဖြစ်သည်။

နေအိမ်တွင် အသွားအလာကန့်သတ်သည့် ၁၄ ရက်တာကာလသည် နေ့ရက်တိုင်းမှာ အရေးကြီးသည့် ကာလဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ယူနီဆက်ဖ် စသည်တို့မှ ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်၊ လိုက်နာရမည့်အချက်အလက်များကို တိတိကျကျ လိုက်နာသွားကြရန် လိုသည်။ ကူးစက်ရောဂါဖြစ်ပွားနေသောဒေသမှ ပြန်လာသူသည် မိသားစုနှင့် ရောနှောမနေဘဲ သတ်မှတ်စောင့်ကြည့် ၁၄ ရက်တာကာလအတွင်း သီးခြားနေထိုင်စားသောက်ပြီး ပါးစပ်နှင့် နှာခေါင်းစည်းကိုလည်း အချိန်ပြည့် တပ်ဆင်ထားရမည်ဖြစ်သည်။ လက်ကို မကြာခဏ သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပြီး မိမိ၏အသုံးအဆောင်၊ ပန်းကန်ခွက်ယောက်များကို သီးခြားထားရှိပြီး သန့်ရှင်းစွာထားရမည်ဖြစ်သည်။ စောင့်ကြည့်ကာလ ၁၄ ရက်အတွင်း လူစုလူဝေးရှိသောနေရာကို ရှောင်ကြဉ်ခြင်း၊ နှာချေချောင်းဆိုးပါက တစ်ရှူးကို အသုံးပြုပြီး စနစ်တကျစွန့်ပစ်ခြင်း၊ လက်ပြန်ဆေးခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ အထက်ပါအချက်အလက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းအားဖြင့် မိမိတွင် ဗိုင်းရပ်စ်ပိုးပါရှိလာပါကလည်း မိမိ၏မိသားစုဝင်များ၊ ဆွေမျိုးမိတ်ဆွေများနှင့် အခြားသူများထံ ရောဂါကူးစက်ပျံ့နှံ့မှုမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်သည်။

COVID-19 ဖြစ်ပွားရာနိုင်ငံမှ ပြန်လာသူများသည် သက်ဆိုင်ရာ အုပ်ချုပ်ရေး သို့မဟုတ် ကျန်းမာရေးဌာနသို့ မဖြစ်မနေသတင်းပို့ခြင်း၊ မိမိတွင် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ကုသမှုခံယူခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများကလည်း ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြီးကြပ်ဆောင်ရွက်ကြရမည် ဖြစ်သည်။ စောင့်ကြပ်ကြည့်ရှုရန် သတ်မှတ်ထားသူ၏ အတူနေမိသားစုဝင်များသည်လည်း စောင့်ကြည့်ကာလ ၁၄ ရက်အတွင်း ထိုသူကို သီးသန့်ခွဲခြားထားရှိခြင်း ပူးပူးကပ်ကပ်ရောနှောမနေခြင်း၊ အတူတူမစားခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်းနှင့် စောင့်ကြည့်ရန် သတ်မှတ်ထားသူတွင် ရောဂါလက္ခဏာတွေ့ရှိပါက ကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်း၊ ၎င်း၏ကျန်းမာရေးအခြေအနေကို ကျန်းမာရေးဌာနသို့ ပုံမှန်သတင်းပို့ခြင်းတို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်သည့် COVID-19 ရောဂါသည် ပြည်တွင်းတွင်မရှိဘဲ ပြည်ပမှ ဝင်ရောက်လာနိုင်ခြင်းကသာ အဓိကဖြစ်ခြင်းကြောင့် လေဆိပ်၊ ရေဆိပ်များနှင့် နယ်စပ်ဝင်ပေါက်များမှ အဝင်အထွက်များကို ကန့်သတ်ခြင်း၊ တားဆီးခြင်း၊ မြို့တစ်မြို့လုံးကို အသွားအလာမရှိ ပိတ်ပင်ခြင်း၊ တစ်မြို့မှ တစ်မြို့သို့ ကူးသန်းသွားလာခြင်းများကို ပိတ်ပင်ခြင်း စသည်ဖြင့် နိုင်ငံအသီးသီးတို့က ပြုလုပ်ဆောင်ရွက်နေကြသည်။ ယင်းသို့ တားဆီးပိတ်ဆို့ခြင်းသည် COVID-19 ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးတွင် အရေးပါဆုံးသောအချက်လည်း ဖြစ်သည်။ နေအိမ်၌ အသွားအလာကန့်သတ်ခြင်းတွင် ကန့်သတ်စောင့်ကြည့်ရန် သတ်မှတ်ထားသူနှင့် မိသားစုဝင်များက သတိပေးအချက်အလက်များကို တိကျစွာလိုက်နာခြင်းဖြင့် COVID-19 ကူးစက်ပြန့်ပွားခြင်းကို ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေး တာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။



## COVID-19 ရောဂါ ကာကွယ်ကုသရေးအတွက် အထောက်အကူပြု ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် မတ် ၂၃**

COVID-19 ရောဂါ ကုသရေး အထောက်အကူပြု ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Coronavirus Disease 2019 (COVID-19) ရောဂါ ကုသရေး အထောက်အကူပြု ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိုးဝင်းက COVID-19 ရောဂါနှင့် ပတ်သက်၍ တပ်မတော်မှ ကြိုတင်ကာကွယ်မှုများ ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများမှ မြောက်ဥက္ကလာပမြို့နယ်ရှိ အထွေထွေရောဂါအထူးကုဆေးရုံကြီး (ဝေဘာဂီ)သို့ ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ ရေသန့်စက်တစ်လုံးနှင့် ပြည်သူ့ဆေးရုံများသို့ ငွေကျပ် ၁၄၄၇ သိန်းကျော်တန်ဖိုးရှိ COVID-19 ရောဂါ ကုသရေး အထောက်အကူပြု ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဌာနမှူး ဒေါက်တာထွန်းမြင့်က လက်ခံရယူသည်။

ယင်းနောက် စေတနာရှင် အလှူရှင်များက COVID-19 ရောဂါ ကုသရေး အထောက်အကူပြု ဆေးနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) နှင့် ကာကွယ်ရေး ဦးစီးချုပ် (လေ) တို့က လက်ခံရယူကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ပြုလုပ်သော အခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် အလှူရှင်များ၏ COVID-19 ရောဂါ ကုသရေး အထောက်အကူပြု ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းမှုအနေဖြင့် အလှူငွေကျပ် သိန်း ၁၄၈၀၊ Ventilator ခြောက်လုံး၊ Portable Ventilator အစုံ ၆၀၊ Oxygen ငါးလုံးနှင့် လူဦးရေ ၂၀၀၀၀ အတွက် Test Kit များကို လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တပ်မတော် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံနှင့် တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီးတို့တွင် COVID-19 ရောဂါ ကာကွယ်ကုသရေးအတွက် စောင့်ကြပ် ကြည့်ရှုရမည့်သူများ ထားရှိမည့် ကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ထမင်းစားခန်းနှင့် အထူးကြပ်မတ်ကုသဆောင် Intensive Care Unit (ICU)၊ ခန္ဓာကိုယ်ကာကွယ်ရေးဝတ်စုံ Personal Protective Equipment(PPE)စသည်တို့ ဆောင်ရွက်ထားရှိမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်အတွင်း ယခင်က COVID-19 ရောဂါ စောင့်ကြည့် ကုသရေးအတွက် တပ်မတော် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ တစ်ခုကိုသာ သတ်မှတ်ပြင်ဆင်ခဲ့ရာမှ တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး၌လည်း ပြင်ဆင်စောင့်ကြည့်ကုသနိုင်ရေး အမြန်ဆုံးပြင်ဆင်ဆောင်ရွက်သွားရန်အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၀ ပြည့်နှစ် ပထမ (၃) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) ကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ Video Conferencing System အသုံးပြု၍ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ မတ်လအထိ ပထမ (၃) လပတ် လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်မှာကြားသည်။



ယင်း Video Conferencing System ဖြင့် ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ဤအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ တက်ရောက်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
**အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၀**
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများအားစည်းရုံး၍လည်းကောင်း၊ အကြောက်တရားဖြင့် လွှမ်းမိုး၍ လည်းကောင်း၊ ဒေသခံပြည်သူများအား အကာအကွယ်ရယူ၍ လည်းကောင်း၊ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးစခန်းများကို တိုက်ခိုက်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အစိုးရဝန်ထမ်းများ၊ အပြစ်မဲ့အရပ်သား ပြည်သူများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်း၊ ကျေးရွာများအတွင်း ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

၂။ ယင်းသို့ United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့၏ အကြမ်းဖက်ပြုလုပ်မှုသည် အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်ကို လည်းကောင်း၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုလည်းကောင်း၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းကိရိယာနှင့် အသုံးအဆောင်များကို လည်းကောင်း ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေသည်။ ထို့အပြင် United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့သည် ဥပဒေနှင့်အညီ နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် အခြားစက်တပ်ယာဉ်များပေါ်တွင် အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည့်အပြင် နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကို အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည်။

၃။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# မတရားအသင်းအဖြစ် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
**အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၀**
နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်)

## မတရားအသင်းအဖြစ် ကြေညာခြင်း

၁။ နိုင်ငံတော်သမ္မတသည် United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့နှင့် အဖွဲ့ဝင်များ၊ ယင်းအဖွဲ့၏ လက်အောက်ခံအဖွဲ့၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့်ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက် အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတက မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါအဖွဲ့နှင့် ယင်းအဖွဲ့၏ လက်အောက်ခံအဖွဲ့များအား မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

**ထူးခြားသည့် နေ့အပူချိန်များ**

နေပြည်တော် မတ် ၂၃ – ထူးခြားသည့် နေ့အပူချိန်များမှာ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် တပ်ကုန်းမြို့၊ ချောက်မြို့၊ သာယာဝတီမြို့နှင့် ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) တို့တွင် ၃၉ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မိုး/ဇလ

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် ထိခိုက်နစ်နာသည့် စီးပွားရေးလုပ်ငန်းများ အကူအညီပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ Country Director အား ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၃**

"Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ" ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ Country Director Mr. Gevorg Sargsyan အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပါဝင်ကူညီနိုင်မည့်အစီအစဉ်ကဏ္ဍများနှင့် စပ်လျဉ်း၍ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များတွင် ကမ္ဘာ့ဘဏ်အနေဖြင့် ပါဝင်ကူညီနိုင်မည့် အခန်းကဏ္ဍများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက COVID – 19 ရောဂါသည် အလွန်လျင်မြန်စွာ ကူးစက်နိုင်သည့်ကပ်ရောဂါဖြစ်၍ ကာကွယ်ရေးလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအနေဖြင့် အစိုးရတစ်ဖွဲ့လုံး သာမက ပြည်သူအားလုံးကပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ COVID – 19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်ဖွဲ့စည်းထားပြီး ရောဂါကြိုတင်ကာကွယ်ရေးနှင့် စောင့်ကြပ်ကြည့်ရှုရေးအတွက် လည်းကောင်း၊ ကုသရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေးကိုလည်းကောင်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် COVID – 19 နှင့် စပ်လျဉ်း၍ သတိချပ်ပြီး ကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးပွားစေရန် သတင်းမီဒီယာများ၊ ရုပ်သံလိုင်းများအပြင် Social မီဒီယာမှတစ်ဆင့် အချိန်နှင့် တစ်ပြေးညီ အသိပေးလျက်ရှိပါကြောင်း၊ ယခုအချိန်အထိ မြန်မာနိုင်ငံတွင် ရောဂါလက္ခဏာရှိသည့် လူနာများ မတွေ့ရှိရသေးသော်လည်း အစိုးရနှင့်ပြည်သူတို့ ပူးပေါင်းကာ COVID – 19 ကာကွယ်ရေးလုပ်ငန်းစဉ်ကို အစဉ်တစိုက် ဂရုပြုလုပ်ဆောင်နေပါကြောင်း၊ ထို့အပြင် COVID – 19 ကြောင့် ထိခိုက်သည့် စီးပွားရေးလုပ်ငန်းများကို ကုစား ဆောင်ရွက်ပေးမည့် အစီအစဉ်အဖြစ် မြန်မာကျပ်ငွေ ၁၀၀ ဘီလီယံကို ရန်ပုံငွေထူထောင်ပြီး လုပ်ငန်းအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့ဘဏ်က အကူအညီများပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။



**စီးပွားရေးထိခိုက်နိုင်ခြေများ ခန့်မှန်းတွက်ချက်**

ကမ္ဘာ့ဘဏ်၏ Country Director Mr. Gevorg Sargsyan က ကမ္ဘာ့ဘဏ်အနေဖြင့် COVID–19 စိန်ခေါ်မှုကို ရင်ဆိုင်နေရသည့် နိုင်ငံများကို ချေးငွေအမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀ ကို Fast Track Facility ဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာ့ဘဏ်၏ ပညာရှင်အဖွဲ့က မြန်မာနိုင်ငံ၏ စီးပွားရေးအပေါ် ထိခိုက်နိုင်ခြေများကို အသေးစိတ် ခန့်မှန်းတွက်ချက်လျက်ရှိပြီး မကြာမီကာလတွင် မြန်မာအစိုးရဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း၊ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

### ❑ *ကျောဖုံးမှ*

စားအုန်းဆီဈေးနှုန်းမှာ ယခင်က တစ်ပိဿာလျှင် ကျပ် ၁၆၅၀ နှုန်းရှိခဲ့ရာမှ ယခုကာလတွင် မလေးရှားနိုင်ငံအနေဖြင့် COVID – 19 ရောဂါ ၎င်းတို့ နိုင်ငံအတွင်းသို့ ကူးစက်ဝင်ရောက်မှု မရှိစေရန် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှု ရပ်တန့်လိုက်သဖြင့် ဈေးနှုန်းများ သိသာစွာ မြင့်တက်လာကာ မတ် ၂၀ ရက်တွင် တစ်ပိဿာလျှင် ကျပ် ၂၀၀၀ နှုန်းခန့်အထိ ရောက်ရှိနေကြောင်း သိရသည်။

"မြန်မာနိုင်ငံအနေနဲ့ စားအုန်းဆီကို မလေးရှားနိုင်ငံက အများဆုံး ဝယ်ယူမှုရှိနေတာ ဖြစ်ပေမယ့် အခုလို အခြေအနေမျိုးမှာ အင်ဒိုနီးရှားနိုင်ငံကနေ ဝယ်ယူလို့ရပါတယ်။ အဲဒီအတွက် တင်သွင်းမှုပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို သက်ဆိုင်ရာအနေနဲ့ ကူညီပေးစေချင်ပါတယ်" ဟု ၎င်းက ဆက်လက် ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားသုံးရန်အတွက် မလေးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းမှုမှာ တစ်လလျှင် တန်ချိန်တစ်သိန်းခန့်ရှိပြီး ပြည်တွင်း၌ရှိသော လူဦးရေ၏ ၉၀ ရာခိုင်နှုန်းမှာ စားအုန်းဆီကို အဓိက စားသုံးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မုဒုံပြည်သူ့ဆေးရုံနှင့် အားကစားကွင်း ကြည့်ရှုစစ်ဆေး

**မုဒုံ မတ် ၂၃**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အေးဇံသည် မုဒုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ မုဒုံပြည်သူ့ဆေးရုံအတွင်းရှိ လူနာဆောင်များ၌ ဆေးကုသမှုခံယူနေသည့် လူနာများကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

ထို့နောက် COVID – 19 ရောဂါနှင့် ပတ်သက်၍ မုဒုံပြည်သူ့ဆေးရုံအတွင်း၌ စီစဉ်ဆောင်ရွက်ထားမှုများကို မေးမြန်းခဲ့ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်သိန်းဦးက ကုသရေးလုပ်ငန်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားကြောင်း၊ သံသယလူနာတွေ့ရှိပါက သီးသန့်လူနာဆောင်များ ဆောင်ရွက်ထားကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံဝင်းအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ် အား/ကာ ဦးစီးဌာန ရွှေဟသ်ာအားကစားခန်းမသို့ ရောက်ရှိကာ မြို့နယ်အား/ကာ ဦးစီးမှူး ဒေါ်နွယ်နီစံက မြို့နယ်အားကစားကွင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အာရှဖွံ့ဖြိုးရေးဘဏ်၏ Country Director အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ Country Director Mr. Newin Sinsiri အား ယနေ့ နံနက်ပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးရုံးတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် အစိုးရနှင့် ပြည်သူပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ထိခိုက်မှုအများဆုံးရှိသည့် စီးပွားရေးလုပ်ငန်းများအား အလျင်အမြန် အထောက်အပံ့ပေးမည့် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ Country Director Mr. Newin Sinsiri အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

### အသိပေးပြောကြား

ADB ၏ Country Director က အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် COVID-19 ကူးစက်ရောဂါ ကျရောက်လျက်ရှိသော ကမ္ဘာ့နိုင်ငံများ၌ အရေးပေါ်လိုအပ်လျက်ရှိသည့် ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွက် အရေးပေါ်လိုအပ်သော COVID-19 ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် လိုအပ်သည့် အကူအညီအထောက်အပံ့နှင့် ချေးငွေများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားခဲ့သည်။

### ဆွေးနွေး

ဆက်လက်၍ လတ်တလောအနေဖြင့် မဟာမဲခေါင်ဒေသခွဲကျန်းမာရေးစောင့်ရှောက်မှု စီမံချက်အောက်မှ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ သန်းဖြင့် မြန်မာနိုင်ငံအတွက် အရေးပေါ် လိုအပ်လျက်ရှိသော COVID-19 ရောဂါရှာဖွေရေး Rapid test kit များ၊ ကျန်းမာရေးဝန်ထမ်းများအတွက် အကာအကွယ်ဝတ်စုံများနှင့် ကုသရေးအတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများ ဝယ်ယူနိုင်ရန် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ၌ အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော အခြေခံအဆောက်အအုံစီမံကိန်းများအတွက် ချေးငွေများ မြန်ဆန်စွာ ထုတ်ပေးနိုင်ရေးနှင့် အဆိုပါ စီမံကိန်းဒေသရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးကိစ္စရပ်များကိုပါ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် Forever Group တို့မှ အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၂၃**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် Forever Group တို့မှ အလှူငွေ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဝင်ရောက်လာနိုင်

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုအခါ ကိုရိုနာဗိုင်းရပ်စ်ရောဂါမှာ တစ်ကမ္ဘာလုံးနီးပါး ကူးစက်ပြန့်ပွားနေသော်လည်း မိမိတို့နိုင်ငံအနေဖြင့် အင်မတန်ကံကောင်းထောက်မစွာဖြင့် ယနေ့အထိ Positive မတွေ့ရသေးသည့် အနေအထားတွင် ရှိပါကြောင်း၊ သို့သော်လည်း အချိန်မရွေး ဝင်ရောက်လာနိုင်သဖြင့် စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်နေပါကြောင်း။

ရောဂါကာကွယ်ရေးကိစ္စသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်း၊ အစိုးရဌာနများချည်း လုပ်ဆောင်နိုင်မည့်အရာ မဟုတ်ဘဲ အများပြည်သူအားလုံးက အသိစိတ်ဓာတ်ဖြင့် ပါဝင်မှသာလျှင် ဆောင်ရွက်နိုင်မည့်ကိစ္စ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များနှင့် ပြည်သူတစ်ရပ်လုံး စုပေါင်းပြီး ဆောင်ရွက်ရမည်ဟု မြင်ပါကြောင်း၊ ထိုသို့ ဖြစ်လာစေရန် ပြည်သူအားလုံးက စိတ်ပါဝင်စားမှုရှိပြီး တစ်နိုင်ငံလုံး၏ အရေးကိစ္စဖြစ်သည်ဟူသော အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်သူများ ပေါ်ပေါက်လာရန် လိုအပ်ပါကြောင်း၊ ယင်းကိစ္စအတွက် အရေးကြုံလာလျှင် ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်မည်ဆိုသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ပေါ်ပေါက်လာသည်ကိုလည်း တွေ့မြင်ရသည့်အတွက် အင်မတန် အားတက်စရာကောင်းပါကြောင်း။

### ပါဝင်ဆောင်ရွက်ကြ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အနေဖြင့် နိုင်ငံတွင် ပေါ်ပေါက်ခဲ့သည့် သာရေး၊ နာရေးကိစ္စများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် အမြဲတမ်း ပါဝင်ဆောင်ရွက်နေသကဲ့သို့ ယခုအရေးကိစ္စတွင်လည်း အလားတူ ပါဝင်ဆောင်ရွက်လာသည်ကို တွေ့မြင်ရသဖြင့် ဝမ်းသာအားရဖြစ်မိပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ Forever Group အနေဖြင့်လည်း ယခုကဲ့သို့ ပါဝင်လှူဒါန်းမှုအတွက် အလားတူကျေးဇူးတင်ရှိပါကြောင်း၊ အနုပညာရှင်များအနေဖြင့်လည်း ယခုကဲ့သို့ လှူဒါန်းမှုမျိုးအပြင် ယခုလိုကာလတွင် ဆောင်ရွက်သင့်သည်များကို စေတနာ၊ စိတ်ဓာတ်အပြည့်အဝဖြင့် ဆက်လက်ပြီး ပါဝင်ဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါကြောင်းနှင့် ဝိုင်းဝန်းဆောင်ရွက်ကြပါဟုလည်း မေတ္တာရပ်ခံပါကြောင်း။

သကြၤန်ကာလတွင် မဏ္ဍပ်များနှင့် ဖျော်ဖြေမှုများ မရှိသည့်အချိန်၊ လူအများ မိမိအိမ်တွင် နေရမည့် အခြေအနေမျိုး၌ ရုပ်မြင်သံကြားမှ ပိုမိုစိတ်ဝင်စားဖွယ်ကောင်းမည့် ဖျော်ဖြေရေးအစီအစဉ်များ ဖြည့်စွက်ဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ယင်းအစီအစဉ်များတွင် ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့် မိတ်ဖက်ရုပ်သံများ ပူးတွဲပြီး ရုပ်မြင်သံကြားဖန်သားပြင်မှ ယခင်ထက် ပိုမိုကောင်းမွန်သည့် အစီအစဉ်များ ထုတ်လွှင့်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ယင်းအစီအစဉ်များတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။



COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လက်ခံရယူစဉ်။ သတင်းစဉ်

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက နိုင်ငံတွင် သဘာဝဘေးဒဏ်ကဲ့သို့ အရေးပေါ်ကိစ္စများ ပေါ်ပေါက်ပါက မိမိတို့လောကသားများအနေဖြင့် ညီညီညွတ်ညွတ်နှင့် စုပေါင်းလှူဒါန်းလေ့ရှိပါကြောင်း၊ ယခုလှူဒါန်းမှုသည် ရုပ်ရှင်လောကသားများ ရှာဖွေထားမှုများဖြင့် လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ထိုသို့ လှူဒါန်းရသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ယခုအခါ ရုပ်ရှင်လုပ်ငန်းများ ရပ်ဆိုင်းလျက်ရှိရာ အထူးသဖြင့် နေ့စားလုပ်သားများအတွက် စားဝတ်နေရေး အဆင်ပြေစေရန် အစည်းအရုံးအနေဖြင့် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းရသဖြင့် ရုပ်ရှင်လောကသားများ ကိုယ်စား ဝမ်းသာကျေနပ် ဖြစ်ရပါကြောင်း ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အလှူငွေကျပ်သိန်း ၁၀၀၊ Forever Group က အလှူငွေ ကျပ်သိန်း ၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားစတူဒီယို - ၁ တွင် Public Service Announcement for COVID-19 အသိပညာပေး နှိုးဆော်ရေးအစီအစဉ် ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးပြီး ယင်းအစီအစဉ်တွင် ပါဝင်ရိုက်ကူးနေသည့် ရုပ်ရှင်၊ ဂီတနှင့် MRTV-4 မှ အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်၊ ဂီတအစည်းအရုံး အတွင်းရေးမှူး ဦးဇော်ထူးအောင်နှင့် ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးဆန်းဝင်းဦး (ဘိုဆန်း)တို့နှင့် ရုပ်ရှင်ရုံပိုင်ရှင်များ ပူးပေါင်းစီစဉ်မှုဖြင့် ရုပ်ရှင်/ရုပ်သံနှင့် ဂီတအနုပညာရှင်များဖြစ်ကြသော အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ခန့်စည်သူ၊ သီဟ၊ လပြည့်၊ စိုပြေမြင့်၊ စည်သူလွင်၊ ဇော်ပိုင်၊ အာဇာနည်၊ ဖိုးသောကြာ၊ လွှမ်းပိုင်၊ အကယ်ဒမီ အေးမြတ်သူ၊ ရွှေသမီး၊ နန်းခင်ဇေယျာ၊ နန့်ချစ်နဒီဇော်၊ ဝေလာရီ၊ နေရည်ဝင်းလှဲ့၊ စနိုးကြည်ဖြူ၊ ချောစုခင်၊ ကော်နီ၊ ထက်ထက်(Bobby Soxer)၊ ဆောင်းအိန္ဒြေထွန်းတို့က ပါဝင်ရိုက်ကူးကြခြင်းဖြစ်ပြီး ယင်းအစီအစဉ်ကို MRTV မှ မကြာမီ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ရာဇဝတ်အထူးအယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

**တွေ့ဆုံဆွေးနွေးသွားမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို တစ်နှစ်တစ်ခါ ပြန်လည်ဖွဲ့စည်းအတည်ပြုပြီး ဆုရွေးချယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို အဖွဲ့ကြီး၏ အစည်းအဝေးဖြင့် ဆွေးနွေးလေ့ရှိပါကြောင်း၊ ယခုနှစ်တွင်လည်း ဆုရွေးချယ်ရေးအဖွဲ့ဝင်များအားလုံးနှင့် ယခင်နှစ်များကဲ့သို့ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသော်လည်း COVID-19 ကိစ္စကြောင့် အဓိကတာဝန်ယူထားသည့် ပုဂ္ဂိုလ်တချို့ကိုသာ ဖိတ်ကြားပြီး အစည်းအဝေးကျင်းပခြင်းဖြစ်ပါကြောင်း၊ အခြေအနေပေးသည်နှင့် အဖွဲ့ဝင်အားလုံး ဖိတ်ကြားပြီး တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအနေဖြင့် ကျန်ရှိသည့်အဖွဲ့ဝင်များထံ ယနေ့အစည်းအဝေး စီစဉ်ဆောင်ရွက်မှုအခြေအနေကို ဆက်လက်မျှဝေပေးစေလိုပါကြောင်း၊ ယခုအစည်းအဝေးသည် ယခုနှစ်ဆုရွေးချယ်နိုင်ရန်အတွက် စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ရာ တက်ရောက်လာကြသည့် ဆုရွေးချယ်ရေးအဖွဲ့ဝင်များအနေဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ စည်သူဒေါက်တာသော်ကောင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)နှင့် ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)တို့က ဆုရွေးချယ်ရေးကော်မတီဖွဲ့စည်းထားမှုအခြေအနေ၊ ဆုရွေးချယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဆုရစာအုပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အတွင်းရေးမှူး ဦးသန်းအုန်း(မောင်ဇေယျာ)က အမျိုးသားစာပေဆုအတွက် စာအုပ်များ လက်ခံရရှိမှုအခြေအနေနှင့် ဆုရွေးချယ်မှုဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်(မောင်ရင့်မာ-ကျောင်းကုန်း)က ပြိုင်ပွဲဝင်စာမူများလက်ခံရရှိမှု အခြေအနေနှင့် ဆုရွေးချယ်ရေးဆိုင်ရာ လုပ်ငန်းများ စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဆုရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များကိုယ်စား ကော်မတီဥက္ကဋ္ဌ စည်သူသော်ကောင်းအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းနှုန်းဖြင့် ၅၄ ဦးအတွက် ငွေကျပ် ၁၀၈ သိန်း၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်(မောင်ရင့်မာ-ကျောင်းကုန်း)အား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းနှုန်းဖြင့် ၂၇ ဦးအတွက် ငွေကျပ် ၅၄ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာပေဆု စိစစ်ရွေးချယ်နိုင်ရန်အတွက် တစ်နှစ်အတွင်းထွက်ရှိသည့် စာအုပ်များပြည့်စုံစွာ ရရှိအောင် ဆောင်ရွက်ရေး၊ ဆုရွေးချယ်ရေးလုပ်ငန်းစဉ်များ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ ဆုရွေးချယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ စိစစ်အတည်ပြုပြီးပါက ယင်းအချက်များနှင့်အညီ စာအုပ်နှင့်စာမူများကို စနစ်တကျရွေးချယ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

အမျိုးသားစာပေဆုကို ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ပထမအကြိမ်ထုတ်စာအုပ်များကို စာပေအမျိုးအစားနှင့် ဘာသာရပ်အလိုက် ၁၈ မျိုးခွဲခြားကာ အမျိုးသားစာပေဆု မူဝါဒစည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်ရွေးချယ်ပြီး ဆုချီးမြှင့်ခြင်း၊ စာပေဗိမာန်စာမူဆုကို မြန်မာစာပေလောကတွင် စာကောင်းပေမွန်များ ထွက်ပေါ်စေရေးအတွက် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲရှိနေသော စာပေကလောင်ရှင်များ၏ စာမူများကို ပြိုင်ပွဲဖိတ်ခေါ်ကာ နှစ်စဉ်ရွေးချယ်ပြီး ဆုချီးမြှင့်ခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၃

ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ARSA အကြမ်းဖက်အဖွဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲကင်းစခန်း၊ ရဲစခန်းနှင့် တပ်မတော်တပ်ရင်းတို့အား တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းနောက် လုံခြုံရေးတပ်ဖွဲ့များနှင့် ARSA အကြမ်းဖက်အဖွဲ့တို့အကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE) ၏ အပြီးသတ် အစီရင်ခံစာအရ အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်တွင် အဓိကအားဖြင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်း နေရာ ၁၃ ခု ၌ ရာဇဝတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အရေးယူပြီး၊ အရေးယူဆဲ၊ စုံစမ်းစစ်ဆေး အရေးယူမည့်အမှုများကို စိစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူမည့် အမှုများအနက်မှ ဦးစားပေးဆောင်ရွက်မည့် အမှုများကို ယခုအစည်းအဝေးတွင် တင်ပြရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ယင်းချမှတ်ခဲ့သော အစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပူးပေါင်းစုံစမ်းစစ်ဆေးရေးအဖွဲ့ (Task Force) ကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့၏ အမိန့်အမှတ်၊ ၁/၂၀၂၀ ဖြင့် ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း၊ ယနေ့ကျင်းပသော အစည်းအဝေးတွင် ပထမသတင်းပေး တိုင်ချက်ဖွင့်လှစ်ရန် လျာထားသည့် အမှုစာရင်းများ ဆွေးနွေးညှိနှိုင်း အတည်ပြုပြီး အမှုဖွင့်လှစ်နိုင်ရန် စုံစမ်းစစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အမှုဖွင့်လှစ်ဆောင်ရွက်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ မြန်ဆန်ထိရောက်စေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ICOE အစီရင်ခံစာပါ အကြံပြုချက်များအတိုင်း ပြစ်မှုများကျူးလွန်သူများအား စုံစမ်းဖော်ထုတ် တရားစွဲဆိုနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းမဟုတ်သော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်များအတွက် အထွေထွေသွားရောဂါကု ဆေးပညာဒီပလိုမာသင်တန်းအောင်မြင်ပြီး နှစ်နှစ် ပြည့်ပြီးသူများကိုသာ ဝင်ခွင့်ဖြေဆိုခွင့်ပြုသွားမည်

**နေပြည်တော် မတ် ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်များအား သက်ဆိုင်ရာဘာသာရပ်တစ်ခုချင်းစီအလိုက် အထူးပြုမဟာဘွဲ့လွန်ပညာများ ဆက်လက်သင်ကြားပေးရန်အတွက် မည်သည့်ပညာသင်နှစ်တွင် စတင်သင်ကြားပေးမည်နှင့် မည်သည့်တက္ကသိုလ်တွင် သင်ကြားပေးမည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က နိုင်ငံ့ဝန်ထမ်းမဟုတ်သော သွားဘက်ဆိုင်ရာဆရာဝန်များအား သွားဘက်ဆိုင်ရာဆေးပညာမဟာဘွဲ့ ဆက်လက်သင်ကြားခွင့်ပြုရန်ကိစ္စကို ၂၀၂၁ ပညာသင်နှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့တွင် ၂၀၂၁ ပညာသင်နှစ် MDSC General သင်တန်းများ ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအား ၂၀၂၁ ပညာသင်နှစ်တွင် အဆိုပါ MDSC General သင်တန်းသို့ တက်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းမဟုတ်သော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်များအတွက် အထွေထွေသွားရောဂါကု ဆေးပညာဒီပလိုမာသင်တန်းအောင်မြင်ပြီး နှစ်နှစ်ပြည့်ပြီးသူများကိုသာ ဝင်ခွင့်ဖြေဆိုခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းကြေးအား ညှိနှိုင်းဆဲဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ်လတွင်ကျင်းပမည့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးဘွဲ့အစည်းအဝေးတွင် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် သင်တန်းကြေးများအား အတည်ပြုကာ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ဘွဲ့လွန်သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့်အခါတွင် ထည့်သွင်းခေါ်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### ၂၀၂၀ ပြည့်နှစ် မေလတွင် ကော့သောင်းမြို့နယ်အတွင်းတွင်ရှိ ဝေးလံသည့်ဒေသများတွင် ဒေသခံဆရာ၊ ဆရာမများ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြဆရာ၊ ဆရာမများကို ဖြည့်ဆည်းခန့်ထားပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

ကော့သောင်း မဲဆန္ဒနယ်မှ ဦးခင်ဇော်၏ ကော့သောင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် လစ်လပ်လျက်ရှိသော ဆရာ၊ ဆရာမ များကို ဖြည့်စွက်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာဦးစီးဌာနအနေဖြင့် ကော့သောင်းမြို့နယ် အတွင်းရှိသည့် အခြေခံပညာကျောင်းများတွင် လစ်လပ်လျက်ရှိသည့် ဆရာ ဆရာမများကို ဖြည့်စွက်ခန့်ထားပေးနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၉ ရက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများသို့ အပြောင်းအရွှေ့လျှောက်လွှာများခေါ်ယူရန် ပေးပို့ထားပြီဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများမှလည်း လျှောက်လွှာများကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် မေလတွင် ကော့သောင်းမြို့နယ်အတွင်းတွင်ရှိ ဝေးလံသည့်ဒေသများတွင် ဒေသခံဆရာ၊ ဆရာမများ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြဆရာ၊ ဆရာမများကို ဖြည့်ဆည်းခန့်ထားပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး (ခ) ဦးအုန်းခင်၏ မင်းလှမြို့နယ်ရှိ ရဲဝန်ထမ်းများနေထိုင်သော ဟောင်းနွမ်းအိမ်ရာအဆောက်အဦများကို ဖျက်သိမ်း၍ အိမ်ရာအသစ် ဆောက်လုပ်ပေးရန်နှင့် အသုံးပြုရန် မသင့်လျော်သော မော်တော်ယာဉ် နှစ်စီးကို အသစ်လဲလှယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက သရက်ခရိုင်၊ မင်းလှမြို့မရဲစခန်းအတွက် လိုအပ်လျက်ရှိသည့် ခြောက်ခန်းတွဲ နှစ်ထပ်နှစ်လုံးနှင့် လူ ၃၀ ဦးဆံ့ လူပျိုဆောင် တစ်လုံးတို့အား ဆောက်လုပ်ခွင့်ရရှိရေးအတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ) အသုံးစရိတ်တွင်




ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး



ကော့သောင်းမဲဆန္ဒနယ်မှ
ဦးခင်ဇော်



ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်



ဒလမဲဆန္ဒနယ်မှ
ဒေါက်တာစိန်မြအေး

လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် မော်တော်ယာဉ်အသစ်များ ထပ်မံရရှိလာပါက မြို့နယ်ရဲတပ်ဖွဲ့သို့ မော်တော်ယာဉ်တစ်စီး ထပ်မံထုတ်ပေးသွားမည်ဖြစ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှ လက်ရှိမော်တော်ယာဉ်ကို မင်းလှမြို့မရဲစခန်းသို့ လွှဲပြောင်းထုတ်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စစ်ကိုင်း မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့ တည်ဆောက်ရာ၌ ဌာနဆိုင်ရာအဆောက်အဦများ နေရာချထားရာတွင် အုပ်ချုပ်ရေးမှူး ရုံးဝန်ထမ်းအိမ်ရာ ဆောက်လုပ်နိုင်ရေးအတွက် မြေဧရိယာပေ (၁၂၀ x ၁၂၀) ကို ခွဲဝေ၊ ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၏ ပုဏ္ဏားကျွန်း မြို့နယ်၊ သဲတက်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ကလည်းကောင်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ၏ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ပန်ဝိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်း(ထက်)လားဟူရွာ၊ ကျေးရွာ အမက(ခွဲ) အဆောက်အဦဟောင်းကို ဖျက်သိမ်း၍ အဆောက်အဦအသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ ၂၀၁၃ ခုနှစ် မတ်လ ၁၇ ရက်နေ့ နိုင်ငံပိုင်ကြေးမုံ သတင်းစာပါ အလုပ်ခေါ်စာအရ မူလတန်းစာပေးစာယူသင်တန်းတက်ရောက်မည့် အရည်အချင်းစစ်စာမေးပွဲ ယှဉ်ပြိုင်ဖြေဆိုအောင်မြင်ခဲ့ပြီးသော အထွေထွေလုပ်သားများကို သတင်းစာပါ အလုပ်ခေါ်စာ ကတိကဝတ်အတိုင်း မူလတန်း စာပေးစာယူသင်တန်းခေါ်ယူရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လည်းကောင်း၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၏ ဥတ္တရသီရိမြို့နယ် မြေနေရာရှိပြီးသော မင်းကုန်းအုပ်စုတွင် မီးသတ်ကားထားရှိပြီး ရုံးခွဲဖွင့်လှစ်ပေးရန်၊ တောင်ညိုအုပ်စု၊ ရွှေနံ့သာရပ်ကွက်နှင့် မောင်းရမ်းအုပ်စုများတွင် မီးသတ်ကားထားရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ သိဿိမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ သိဿိမြို့နယ်၊ မြို့နယ်ရဲစခန်းစခန်းအတွက် ၂၀၂၀–၂၀၂၁ စီမံကိန်းတွင် မြို့နယ်ရုံး တစ်ထပ်ဆောင်ဆောက်လုပ်ခြင်း၊ အချုပ်ခန်း တစ်လုံး ဆောက်လုပ်ခြင်းနှင့် လူနေအိမ်လိုင်းခန်း ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် မိုင်းယန်း မဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ မိုင်းယန်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးတွင် လိုအပ်နေသော ရဲစခန်း(အချုပ်ခန်းပါ) (၉၀ x ၃၀ x ၁၂)ပေ သံကူကွန်ကရစ် တစ်လုံး၊ မြို့နယ်ရဲစခန်းတပ်ဖွဲ့ရုံး (၄၀ x ၃၂ x ၁၂)ပေ Steel Structure တစ်ထပ် တစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ် (၁၂၆ ပေ x ၃၅ ပေ x ၆ လက်မ)+ ၂ x ၂ (၂၀ x ၂၀)ပေ သံကူကွန်ကရစ်တစ်လုံးတို့ကို လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

### တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၂၆ ချက်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန် တင်ပြချက် ၁၇ ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း ထားရှိသင့်သည့် အချက် ၁၈ ချက်တို့ကို တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သဘောကွဲလွဲသည့် အချက် ၃၅ ချက်တို့ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြခဲ့သည့် ၃၅ ချက်နှင့် စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

### အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးမျိုးနိုင်က ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို မတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံအတွက် နှာခေါင်းစည်း ၆၀၀၀၀ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၃**

COVID – 19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပြန့်ပွားမှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန်အတွက် ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံသို့ နှာခေါင်းစည်း ၆၀၀၀၀ (ခြောက်သောင်း) ကို ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ကောင်စစ်ရုံး၌ ကျင်းပရာ ယူနန်ပြည်နယ် ကိုယ်စား ပြည်နယ်ပြည်သူ့အစိုးရနိုင်ငံခြားရေးရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Hao Kun က လွှဲပြောင်းပေးအပ်ပြီး ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်က လက်ခံရယူသည်။ **(ယာပုံ)**

လှူဒါန်းပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Hao Kun က ရန်ကုန်တိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား ချစ်ကြည်ရေးဆက်ဆံမှု တည်ထောင်ထားခြင်းကြောင့် နှာခေါင်းစည်း ၁၄၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား မြန်မာ့စီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေး မူဘောင်အောက်မှ ဒေသန္တရအဆင့် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာရေးထိုးထားခြင်းကြောင့် နှာခေါင်းစည်း ၁၄၀၀၀ ကို မန္တလေးတိုင်းဒေသကြီးသို့ လည်းကောင်း၊ ကျန်နှာခေါင်းစည်း ၃၂၀၀၀ ကို မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် လိုအပ်သည့်ဒေသများသို့ ဖြန့်ဝေပေးရန်အတွက် လည်းကောင်း လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် ကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်က ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အဆိုပါနှာခေါင်းစည်း ၆၀၀၀၀ ကို မတ် ၂၄ ရက်တွင် ယူနန်ပြည်နယ် ကူမင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းဖြင့် ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ကာလတို၊ ကာလရှည်စီမံကိန်းများချမှတ်၍ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော်  မတ် ၂၃


ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး



ဒုတိယဝန်ကြီး ဦးသာဦး



အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၏ ချင်းပြည်နယ် ပလက်ဝမြို့နယ် ပါရာကျေးရွာအုပ်စု ပါရာကျေးရွာနှင့် အိန္ဒိယ–မြန်မာ ကျောက်တိုင် အမှတ်(၁၈) မပညာ – ဝဝ၈၄၄၁ ဆဘောင်းတေကျေးရွာ၊ ရှာအိုကျေးရွာ၊ ဟေမာပိ ကျေးရွာ၊ ဟေမာတေကျေးရွာများအကြား ဆိုင်ကယ်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဆိုင်ကယ်လမ်းဖောက်လုပ်ပေးရန်နှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် လမ်းမူဝါဒများနှင့်အညီ သတ်မှတ်ထားသည့် မြေလမ်းများကိုသာ ဦးစားပေး ဆောင်ရွက်လျက်ရှိပါသော်လည်း လွှတ်တော်ကိုယ်စားလှယ်၏ ဒေသလိုအပ်ချက် တင်ပြလာမှုအပေါ် ဌာနမှတာဝန်ရှိသူများကို သွားရောက်စစ်ဆေးစေမည် ဖြစ်ပါကြောင်း၊ စစ်ဆေး တွေ့ရှိချက်အပေါ် မူတည်၍ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်ချက်နှင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်ဖြင့် ရန်ပုံငွေလျာထားပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## မြင်သာတောင် – သပြေကိုင်း – တောင်ဦးကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ရန် ကျန်နေသေးသည့် မြေသားလမ်း ၁၁ မိုင် ၇ ဖာလုံရှိ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ မြန်မာနိုင်ငံ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉)ခုနှစ်အရ ကလေးအလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက မည်သည့်အစီအမံယန္တရားများကို မည်သို့ထားရှိဆောင်ရွက်နေသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က ကလေးအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ကလေးအလုပ်သမားများ၏ အခွင့်အရေး ချိုးဖောက်ခံရခြင်းများရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ကာလတို၊ ကာလရှည် စီမံကိန်းများချမှတ်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြင်သာတောင်–သပြေကိုင်း – တောင်ဦးတို့ ဆက်သွယ်ထားသော မြို့နယ်ပတ်လမ်းကို သွားလာမှုလွယ်ကူစေရန် လမ်းအဆင့်မြှင့် ပြုပြင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မြင်သာတောင် – သပြေကိုင်း – တောင်ဦးကျေးရွာချင်းဆက်လမ်း အရှည် ၂၅ မိုင် ၄ ဖာလုံသည် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် လမ်းအဆင့် သတ်မှတ်ချက် Class (A) ဦးစားပေးအဆင့်(၂)တွင် ပါဝင်သဖြင့် အဆင့်မြှင့်တင်ရန် ကျန်နေသေးသည့် မြေသားလမ်း ၁၁ မိုင် ၇ ဖာလုံ ရှိပါကြောင်း၊ အဆိုပါ ၁၁ မိုင် ၇ ဖာလုံကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်ကျေးရွာသည် ယခင်က အမြင့်မြို့ဟူ၍ ရှေးဟောင်းသမိုင်းဝင်နေရာဖြစ်ခဲ့ပြီး စေတီပုထိုး၊ တန်ဆောင်း၊ ဇရပ်၊ သိမ်၊ ကန်၊ ကျုံး စသည့် ရှေးဟောင်းသမိုင်းဝင်များ ယိုယွင်းပျက်စီးလျော့နည်း ပျောက်ကွယ်လုနီးနီးဖြစ်နေပါသဖြင့် နိုင်ငံတော်မှ အချိန်မီ အမြန်ဆုံးပြင်ဆင်မွမ်းမံ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ မြန်မာ့သင်္ဘောသားများ၏ အကျိုးစီးပွားကို ထိရောက်စွာကာကွယ်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်စေရန် အတွက် အလုပ်သမားဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၂ ဖြင့် ထုတ်ပြန်သော "အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေများ" (၂၀၁၂)။ အခန်း(၂)၊ အလုပ်သမား အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ အပိုဒ်(၄)၊ အပိုဒ်ခွဲ(စ) (၃)။ ခြွင်းချက်စာသားကို ပြင်ဆင်ရန် အစီအစဉ် ရှိ/မရှိနှင့် ပြင်ဆင်မည်ဆိုပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ပြင်ဆင်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့ပြင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ မန္တလေး – လားရှိုး – ဗန်းမော် – မြစ်ကြီးနားလမ်းပိုင်း ကီလိုမီတာ(၅၉၂ ဒသမ ၂၃) မှ (၅၉၉ ဒသမ ၄၈) အထိ (၇ ဒသမ ၂၅) ကီလိုမီတာကို လမ်းဘေးကွန်ကရစ်ပေါင် နှစ်ဖက်ဆောင်ရွက်ခြင်း Cement Stabilized Base လွှာခင်းခြင်း၊ AC အပွန်းခံလွှာခင်းခြင်း၊ လမ်းဘေးဝဲယာ အမာခံ လမ်းပခုံးနှင့် မြေသားလမ်းပခုံးဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ပြီး ယာဉ်သွားလမ်းပေါ်တွင် Road Line ဆွဲခြင်း၊ လိုအပ်သောနေရာများတွင် ဝဲယာလမ်းဘေး ရေမြောင်းတူးခြင်းနှင့် ၎င်းလမ်းမတစ်လျှောက်တွင် All RC Box Culvert (၉)စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို မဖြစ်မနေဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၏ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် လပွတ္တာ – သဃ်န်းကြီး – ပြင်စလူ ကတ္တရာလမ်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့တွင် ရွှေ့မြစ်ရေတိုက်စားမှုကြောင့် မိုင် (၂/၆ –၂/၇)ကြား ကမ်းပါးပြိုကျမှုမှစပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် ထပ်မံပြိုကျခဲ့ရာမှ လမ်းကြောင်းပြတ်တောက်မှုမဖြစ်စေရေးနှင့် လမ်းအူကြောင်းအသစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် ဆည်မြောင်းဦးစီးဌာနအနေဖြင့်လည်း ရေငန်မဝင်ရောက်နိုင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများအား ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ – ၂၀၂၁ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျေးရွာချင်းဆက်မြေသားလမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ပျက်စီးနေသော မူလလမ်းဟောင်း ကျိုက်ပရံ – ကော့ဘွီး လမ်း ၂ မိုင် ၆ ဖာလုံကို ဂဝံမြေသားလမ်းခင်းပေးရန်နှင့် ထိုလမ်းပိုင်းပေါ်တွင် ဆောက်လုပ်ရန် ကျန်ရှိသည့် တံတား ငါးစင်းတို့အား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်မြို့နယ် ဆက်သွယ်လျက်ရှိသော ကြို့ကုန်းကျေးရွာနှင့် ပန်းတောကျေးရွာ သွင်းကုန်၊ ထုတ်ကုန် မြေသားလမ်းပြုလုပ်ပေးရန်နှင့် ၎င်းမြေသားလမ်းပေါ်တွင် ဂဝံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

## မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး က အဆိုပါ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းက ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

## တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူ

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး သန်းနိုင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင်တို့က ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး သန်းနိုင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သဇင်လှိုင်တို့က ဆွေးနွေးကြသည်။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး သန်းနိုင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင်တို့က ဆွေးနွေးကြသည်။

*စာမျက်နှာ ၈ သို့*

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၂ / ၂၀၂၀
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်)

### "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ အုန်းဘောင်ကျေးရွာနေ ဒေါ်နိုင်နိုင်အေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၃-၂၀၂၀ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ အုန်းဘောင်ကျေးရွာနေ ဒေါ်နိုင်နိုင်အေး(၄၂)နှစ်၊ (ဘ)ဦးသန်းဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပင်းဘော) မယ (ပ)၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဘူးကြီးကျေးရွာနေ သက်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၃-၂၀၂၀ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဘူးကြီး ကျေးရွာနေ သက်ဦး (၅၅)နှစ်၊(ဘ)ဦးအုန်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဇီးကုန်း) မယ (ပ)၃/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ အလယ်စုကျေးရွာနေ ဝင်းလှိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၃-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ အလယ်စုကျေးရွာနေ ဝင်းလှိုင်(၄၈)နှစ်၊ (ဘ)ဦးချင်းသိုင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဝန်းသို) မယ(ပ)၄၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ လင်းဖားကျေးရွာအုပ်စု၊ လေချွန်မှော်ဒေသနေ မလှဲ့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၃-၂၀၂၀ ရက်နေ့ ခန္တီးမြို့နယ်၊ လင်းဖားကျေးရွာအုပ်စု၊ လေချွန်မှော်ဒေသနေ တူးနန်(၄၂)နှစ်၊ (ဘ)ဦးလှစိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မလှဲ့ (၃၇) နှစ်၊ (ဘ)ဦးကျင်ထောင်း၊ ဖိုးငို(ခ)အောင်ထွန်း (၃၆)နှစ်၊ (ဘ)ဦးနော်နွဲ့တို့ (၃)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းဒေသနေ အောင်ဖြိုး(၂၂)နှစ်၊ (ဘ)ဦးစိုးမြင့်ထွေးထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၄)ဦးအား နမစ (လင်းဖား)မယ(ပ) ၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး အောင်ဖြိုး၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် နမစ(လင်းဖား)မယ (ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၃)ရပ်ကွက်နေ မမျိုးသန္တာထွန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၃-၂၀၂၀ ရက်နေ့တွင် သာကေတမြို့နယ်၊ ၁၀/တောင် (၁၃) ရပ်ကွက်နေ မမျိုးသန္တာထွန်း(၂၆)နှစ်၊ (ဘ) ဦးထိန်လင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (သာကေတ)မယ(ပ) ၁၈/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၁-၃-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၃၂) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၃၂၅)ဦး၊ မ(၂၆၁)ဦး၊ ပေါင်း(၁၅၈၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၈၃၃.၂၄၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၄၀၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၅၂.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၅၁၄၉၆၈)ပြား၊ ဆေးခြောက်(၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁) လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

*စာမျက်နှာ ၇ မှ*

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် နှစ်သန်းကျော်ကို ပြည်ပမှတင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့်ရောသုံးသည့် အီသနောလောင်စာဆီကို ပြည်တွင်း၊ အရက်ချက် စက်ရုံများမှ ပြောင်း၊ ဆန် စသည့်ကုန်ကြမ်းများကို အခြေခံကာ ထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit)ကို လျှော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင်အထောက်အကူပြု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော အီသနော(ခေါ်) ရေမဲ့အရက်ကို သင့်တော်မည့် ရာခိုင်နှုန်းအချိုးအဆကို ဓာတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံးစီစဉ်ချမှတ် ဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

### မိမိတို့ နိုင်ငံသည် အီသနောထုတ်လုပ်ရန် ကုန်ကြမ်းဖြစ်သည့် ပြောင်း၊ ဆန်၊ ကြံ၊ ပီလောပီနံတို့ကို များစွာတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ပြီး နိုင်ငံစိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေမည်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦးက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစွာ ကျန်ရှိနေသေးသည့် မိမိတို့ နိုင်ငံသည် အီသနောထုတ်လုပ်ရန် ကုန်ကြမ်းဖြစ်သည့် ပြောင်း၊ ဆန်၊ ကြံ၊ ပီလောပီနံတို့ကို များစွာ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ပြီး နိုင်ငံစိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သကဲ့သို့ ယင်းနှင့်ဆက်စပ်နေသည့် မွေးမြူရေးကဏ္ဍအတွက်လည်း များစွာ အထောက်အပံ့ရစေမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံလူတန်းစားတောင်သူလယ်သမားများကို အကျိုးများစေပြီး ပြည်တွင်းလုပ်ငန်းရှင်များ၏ စီးပွားရေးကိုလည်း ခိုင်မာအားကောင်းလာစေမည့် အီသနောသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ရပ်ဖြစ်သကဲ့သို့ မြန်မာ့လေထုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ကျရေးကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အီသနောကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ပြီး သင့်တော်သည့် ရာခိုင်နှုန်းအချိုးအစားဖြင့် ဓာတ်ဆီတွင် ရောနှောအသုံးပြုနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် အဘက်ဘက်မှ ချင့်ချိန်သုံးသပ်ပြီး စနစ်တကျ စီမံဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

### သားငါးကဏ္ဍအတွက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေကြသည့် မွေးမြူရေးလုပ်ငန်းရှင်များကိုလည်း တိရစ္ဆာန်အစားအစာ ချိုသာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲစေနိုင်မည်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက အီသနောလောင်စာဆီထုတ်လုပ်ခြင်းသည် ပြည်ပမှ မှာယူတင်သွင်းပြီး နိုင်ငံခြားငွေပေးချေနေရသည့် လောင်စာဆီဝယ်ယူသုံးစွဲနေမှုကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မည်ဖြစ်သကဲ့သို့ ပြောင်း၊ ကြံ၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်နေကြသည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် သားငါးကဏ္ဍအတွက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် မွေးမြူရေးလုပ်ငန်းရှင်များကိုလည်း တိရစ္ဆာန်အစားအစာ ချိုသာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲစေနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နည်းပညာ အပြောင်းအလဲနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ပြီး နိုင်ငံတော်အနေဖြင့် ပြည်သူတစ်ရပ်လုံးကို အကျိုးပြုစေရန် အီသနောလောင်စာဆီကို ပြည်တွင်းအရက်ချက်စက်ရုံများမှ ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့်ကို ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ခွင့်ပြုပေးနိုင်ရန်နှင့် ခွင့်ပြုပေးမှုအပေါ်တွင်လည်း များစွာအခက်အခဲများ ရှိနိုင်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ၏သက်တမ်းမှာ တစ်နှစ်ပြည့်မြောက်ပြီးဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ်သက်တမ်း တစ်နှစ်တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို မတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## သီပေါမြို့နယ်၌ တရုတ်နိုင်ငံမှ ရောက်ရှိလာသည့် အမျိုးသမီးတစ်ဦးအား ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်

**သီပေါ မတ် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နောက်ကပ်ကျေးရွာမှ အမျိုးသမီးတစ်ဦး ယနေ့နံနက်က တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသဖြင့် မြို့နယ်ကျန်းမာရေးဌာနမှ ကွင်းဆင်းစစ်ဆေးလျက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ နှစ်ပတ်စာအတွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးကာ ၎င်းကို နေအိမ်၌ထားရှိ၍ အသွားအလာကန့်သတ်မှု ပြုလုပ်ထားကြောင်း သိရသည်။

တစ်ရွာတည်းနေသူများ စိုးရိမ်ပူပန်မှုမရှိစေရန်နှင့် ကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကို ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် အသိပေးဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံမှ ပြန်လာသူအမျိုးသမီးမှာ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်းများဖြစ်သဖြင့် ရွာသားများက စိုးရိမ်ပူပန်၍ ကျန်းမာရေးအသိဖြင့် သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားခဲ့ခြင်း ဖြစ်သည်။

ကျန်းမာရေးစစ်ဆေးမှုမရရှိခဲ့သော နိုင်ငံခြားမှ ပြန်လာသူများအနေဖြင့် မိမိပတ်ဝန်းကျင်နှင့် မိသားစုများ စိုးရိမ်ပူပန်မှုမရှိစေရေးအတွက် ရောက်ရှိလာပါက သက်ဆိုင်ရာကျန်းမာရေးဌာနများသို့ ကျန်းမာရေးစစ်ဆေးမှုများ ခံယူကြခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် သက်ဆိုင်ရာက နှိုးဆော်အသိပေးထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် မတ် ၂၃**

မတ် ၂၃ ရက် မြန်မာစံတော်ချိန် ၁၈ နာရီ၊ ၅၁ မိနစ်၊ ၂၆ စက္ကန့်က ကသာမြေငလျင်စခန်းမှ မြောက်ဘက် (၆၁) မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဟိုပင်မြို့၏ အနောက်မြောက်ဘက်(၁၂)မိုင် ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၅ ဒသမ ၀၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၆ ဒီဂရီ၊ အနက် (၁၀)ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

❊ ရှေ့ဖုံးမှ

နှိုးဆော်ထားပြီး မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သူများအပေါ် အာဆီယံ နိုင်ငံများနှင့် အခြားပြည်ပနိုင်ငံအချို့က ခရီးသွားလာမှုနှင့်ပတ်သက်၍ ကန့်သတ်မှုများကို ဖော်ပြပါအတိုင်း ချမှတ်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အသိပေးအကြံပြုထားသည်။ **သတင်းစဉ်**

### ပြည်ပသို့ သွားရောက်မည့် မြန်မာနိုင်ငံသားများအတွက် ခရီးသွားလာမှုဆိုင်ရာ သိရှိသင့်သည့် အချက်များ

| စဉ် | နိုင်ငံ/ဒေသ | ပြည်ဝင်ဗီဇာ ကန့်သတ်ချက် | အခြား ကန့်သတ်ချက်များ |
|---|---|---|---|
| ၁။ | ဘရူနိုင်း | ဗီဇာ ကန့်သတ်ချက် ပြုလုပ်ခြင်း မရှိသေးပါ။ | မည်သူမဆို ၁၄ ရက် Quarantine ပြုလုပ်ရပါမည်။ |
| ၂။ | ကမ္ဘောဒီးယား | ဗီဇာ ကန့်သတ်ချက် ပြုလုပ်ခြင်း မရှိသေးပါ။ | |
| ၃။ | အင်ဒိုနီးရှား | မြန်မာအပါအဝင် အာဆီယံနိုင်ငံများနှင့် ဗီဇာကင်းလွတ်ခွင့်များနှင့် ဆိုက်ရောက်ဗီဇာများ၊ ခရီးသည်ဗီဇာ ထုတ်ပေးမှုများအား (၂၀-၃-၂၀၂၀) ရက်မှစ၍ တစ်လကြာ ရပ်ဆိုင်းထားပါသည်။ | ဗီဇာလျှောက်ထားပါက ကျန်းမာရေး ထောက်ခံချက် ပူးတွဲတင်ပြရပါမည်။ |
| ၄။ | လာအို | ဗီဇာကင်းလွတ်ခွင့်များ၊ ဆိုက်ရောက်ဗီဇာ၊ ကမ္ဘာလှည့်ခရီးသည် ဗီဇာ၊ eVisa ထုတ်ပေးမှုများအား ရပ်ဆိုင်းထားပါသည်။ | ဗီဇာရရှိသူများသည် (၁၄) ရက်အတွင်း ခရီးသွားလာခဲ့သည့် မှတ်တမ်းပြသ၍ ဝင်ရောက်ရပါမည်။ |
| ၅။ | မလေးရှား | မလေးရှားသံရုံး၏ ဗီဇာ ဝန်ဆောင်မှုအား (၃၁-၃-၂၀၂၀)ရက်အထိ ရပ်ဆိုင်းထားပါသည်။ | |
| ၆။ | ဖိလစ်ပိုင် | ပြည်ဝင်ဗီဇာ ထုတ်ပေးမှုကို ယာယီရပ်ဆိုင်းထားပြီး၊ ယခင်ထုတ်ပေးထားသည့် ဗီဇာများကိုလည်း ပယ်ဖျက်ခဲ့ပါသည်။ ထို့အပြင် မြန်မာအပါအဝင် ဗီဇာကင်းလွတ်ခွင့်များကိုလည်း ယာယီဆိုင်းငံ့ထားပါသည်။ | |
| ၇။ | စင်ကာပူ | ကာလတိုလည်ပတ်သူများ၊ ဖြတ်သန်းသွားလာသူ tourist ခရီးသည်များအား ၂၂-၃-၂၀၂၀ ရက်မှစ၍ လုံးဝ ခွင့်မပြုတော့ပါ။ ဗီဇာ မလိုအပ်သော်လည်း Health Declaration ကို ဖြည့်စွက်၍ စင်ကာပူသံရုံးမှတစ်ဆင့် စင်ကာပူ ကျန်းမာရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်တောင်းခံရပါမည်။ | မည်သူမဆို ၁၄-ကြာ အိမ်တွင်နေထိုင်ခြင်း ကန့်သတ်ချက် (Stay Home Notice) သတ်မှတ်ထားပါသည်။ |
| ၈။ | ထိုင်း | မည်သူမဆို (၂၂-၂-၂၀၂၀) ရက်မှစတင်၍ လေဆိပ် check-in ပြုလုပ်စဉ် (၇၂)နာရီအတွင်း ထုတ်ပေးထားသည့် COVID-19 ကင်းစင်ကြောင်း ဆေးလက်မှတ်နှင့် ထိုင်းနိုင်ငံအတွင်း အမေရိကန်ဒေါ်လာ တစ်သိန်း ဆေးကုခွင့်အကျုံးဝင်သည့် ကျန်းမာရေးအာမခံ တင်ပြရမည်။ | ၂၃-၃-၂၀၂၀ ရက်နေ့မှစ၍ မြန်မာ-ထိုင်း နယ်စပ်ဂိတ်များမှ လူဖြတ်သန်းမှုကို ရပ်ဆိုင်းမည်ဖြစ်ပြီး၊ ကုန်တင်ယာဉ်များကိုသာ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။ |
| ၉။ | ဗီယက်နမ် | ပြည်ဝင်ဗီဇာ ထုတ်ပေးမှုအားလုံး (၁၈-၃-၂၀၂၀) ရက်မှစ၍ ရက်(၃၀)ကြာ ရပ်ဆိုင်းထားပါသည်။ ဗီယက်နမ်လေကြောင်း ပျံသန်းပြေးဆွဲမှုများအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလကုန်အထိ ယာယီရပ်ဆိုင်းထားပါသည်။ | ဗီဇာ ကင်းလွတ်ခွင့် လာရောက်သူများ COVID-19 ကူးစက်ရောဂါ ကင်းရှင်းကြောင်း အသိအမှတ်ပြု ဆေးလက်မှတ်လိုအပ်ပါသည်။ |
| ၁၀။ | တရုတ် (PRC) | တရုတ်သံရုံးတွင် ပြည်ဝင်ဗီဇာလျှောက်ထားနိုင်ပါသည်။ | မည်သူမဆို သတ်မှတ်နေရာတွင် မိမိစရိတ်ဖြင့် Quarantine ပြုလုပ်ရပါမည်။ |
| ၁၁။ | ဟောင်ကောင် (SAR) | တရုတ်သံရုံးတွင် ပြည်ဝင်ဗီဇာလျှောက်ထားနိုင်ပါသည်။ | မည်သူမဆို Home Quarantine ၁၄ ရက် ပြုလုပ်ရပါမည်။ |
| ၁၂။ | မကာအို(SAR) | (၁၈-၃-၂၀၂၀) ရက်မှစ၍ ဝင်ရောက်ခွင့် အားလုံးပိတ်ပင်ထားပါသည်။ | |
| ၁၃။ | အိန္ဒိယ | (၁၅-၄-၂၀၂၀) ရက်နေ့အထိ ပြည်ဝင်ဗီဇာများအား ရပ်ဆိုင်းထားပါသည်။ | အနည်းဆုံး (၁၄)ရက် စောင့်ကြည့်ကာလ သတ်မှတ်ခံရပါမည်။ |
| ၁၄။ | ဂျပန် | ဂျပန်သံရုံးတွင် ပြည်ဝင်ဗီဇာ လျှောက်ထားနိုင်ပါသည်။ | |
| ၁၅။ | ရုရှား | (၁၈-၃-၂၀၂၀) ရက်မှ (၁-၅-၂၀၂၀) ရက်နေ့အထိ ဝင်ရောက်ခွင့် ယာယီကန့်သတ်ထားပါသည်။ | |
| ၁၆။ | နီပေါ | ပြည်ဝင်ဗီဇာ လျှောက်ထားစဉ် (၇)ရက်အတွင်း ဆေးစစ်ထားသည့် ကျန်းမာကြောင်း ဆေးလက်မှတ် တင်ပြရမည်။ | (၁၄-၃-၂၀၂၀) ရက်နေ့ နောက်ပိုင်းဝင်ရောက်လာသူအားလုံး (၁၄) ရက် Self-Quarantine ပြုလုပ်ရမည်။ |
| ၁၇။ | သီရိလင်္ကာ | သီရိလင်္ကာသံရုံးတွင် ပြည်ဝင်ဗီဇာ လျှောက်ထားနိုင်ပါသည်။ | နေအိမ်တွင် Self-Quarantine ပြုလုပ်ရန် တိုက်တွန်းထားပါသည်။ |
| ၁၈။ | ဘင်္ဂလားဒေ့ရှ် | ဗီဇာ ရရှိပြီးသူများနှင့် ဗီဇာလျှောက်ထားသူအားလုံး (၇၂)နာရီအတွင်းထုတ်ပေးထားသည့် COVID-19 ကင်းစင်ကြောင်း ဆေးလက်မှတ်အား လေဆိပ်တွင် တင်ပြရမည်။ | |
| ၁၉။ | အမေရိကန် | ပုံမှန်ဗီဇာ ဝန်ဆောင်မှုများ ရပ်ဆိုင်းထားပါသည်။ | |
| ၂၀။ | ပြင်သစ် | ပြင်သစ်သံရုံးမှ ဗီဇာ ဝန်ဆောင်မှုများ ရပ်ဆိုင်းထားပါသည်။ | (၁၇-၃-၂၀၂၀) ရက်မှစ၍ နိုင်ငံအတွင်း လှုပ်ရှားသွားလာမှုများ (၁၅) ရက် ကန့်သတ်ထားပါသည်။ |
| ၂၁။ | ဩစတြေးလျ | (၂၀-၃-၂၀၂၀) ရက်နေ့မှစ၍ ခရီးသွားလာခွင့် ပိတ်ပင်ထားပါသည်။ | (၁၄) ရက်ကြာ သီးခြားခွဲနေထိုင်ရန် (self-isolate) လိုအပ်ပါသည်။ |
| ၂၂။ | ဆွစ်ဇာလန် | အထူးကိစ္စမှလွဲ၍ ပြည်ဝင်ဗီဇာအားလုံး ပိတ်ထားပါသည်။ | |
| ၂၃။ | အစ္စရေး | (၅) ရက်ကြိုတင်၍ အစ္စရေးသံရုံးတွင် ပြည်ဝင်ဗီဇာ လျှောက်ထားရပါမည်။ | မည်သူမဆို Home Quarantine ၁၄ ရက် သတ်မှတ်ထားပါသည်။ |
| ၂၄။ | မွန်ဂိုလီယား | ကမ္ဘာ့လှည့်ခရီးသည်ဗီဇာ ဆိုင်းငံ့ထားပါသည်။ | မဖြစ်မနေ Quarantine ပြုလုပ်ရန် လိုအပ်ပါသည်။ |
| ၂၅။ | ဒိန်းမတ် | (၁၄-၃-၂၀၂၀) ရက်နေ့မှစ၍ ပြည်ဝင်ခွင့် ပိတ်ထားပါသည်။ | |
| ၂၆။ | နော်ဝေ | | ပြည်ဝင်ဗီဇာ ရရှိပြီးနောက် ဝင်ရောက်လာသူအားလုံး မဖြစ်မနေ Self-Quarantine ပြုလုပ်ရပါမည်။ |
| ၂၇။ | ချက် | နိုင်ငံခြားသားအားလုံး ပြည်ဝင်ခွင့် ပိတ်ထားပါသည်။ | |

<u>မှတ်ချက်</u>

(က) ၂၃-၃-၂၀၂၀ ရက်နေ့၊ (၁၀၀၀)နာရီအချိန်ထိ ရရှိသော သတင်းအချက်အလက်များကို အခြေခံ၍ ပြုစုထားပါသည်။ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များသည် အချိန်နှင့်တပြေး အပြောင်းအလဲ ရှိနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

(ခ) ဇယားတွင် မပါဝင်သေးသော နိုင်ငံများ၏ ကန့်သတ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ သံရုံးသို့ ဖြစ်စေ၊ မြန်မာသံရုံးများသို့ ဖြစ်စေ စုံစမ်းမေးမြန်းကြရန် မေတ္တာရပ်ခံအပ်ပါသည်။



## ထိုင်းနိုင်ငံမှ ပြန်လာသည့် မြန်မာအလုပ်သမားများအား ကရင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အရောက် အခမဲ့ ပို့ဆောင်ပေးလျက်ရှိ

**မြဝတီ မတ် ၂၃**

မြန်မာ-ထိုင်းနယ်စပ် ချစ်ကြည်ရေးတံတား(၂)မှတစ်ဆင့် ထိုင်းနိုင်ငံမှ ပြန်လာသော မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အရောက် ကားများဖြင့် အခမဲ့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သူရည်တို့နှင့်အတူ သက်ဆိုင်ရာဌာနများမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ပြန်လည်ဝင်ရောက်လာသူများအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်မြန်ရောဂါ COVID-19 ကာကွယ်၊ တားဆီးနိုင်ရေးတို့အတွက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရောဂါနှိမ်နင်းရေး ညွှန်ကြားရေးမှူး ဒေါက်တာ စည်သူအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြဝတီ၊ ဘားအံ၊ ကော့ကရိတ်မြို့ရှိ ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အင်အားဖြည့်ပေါင်းစပ်၍ ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၂၃ - မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ပြည်သူတွေရဲ့ အသက်နဲ့ ကျန်းမာရေးထက် ပိုပြီးအရေးကြီးတဲ့အရာ လောကမှာ မရှိဘူး

တေးသံရှင် ဖြူဖြူကျော်သိန်း

## COVID-19 အသိပညာပေးဆွေးနွေးပွဲ ကျင်းပ




COVID-19 ရောဂါအကြောင်း အသိပညာပေး ဆွေးနွေးပွဲ ကျင်းပစဉ်။

COVID-19 ရောဂါအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို မတ် ၂၂ ရက် ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ စာရေးဆရာ လက်ာရည်ကျော် (ဒေါက်တာရဲမြင့်ကျော်၊ ပါမောက္ခ၊ ဌာနမှူး၊ ကလေးဆေးရုံကြီး-ရန်ကုန်)၊ တေးသံရှင် ဖြူဖြူကျော်သိန်းနှင့် မြန်မာ့ဇာတ်သဘင်မှ မင်းသားဖိုးချစ်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

COVID-19 အသိပညာပေး ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြအပ်ပါသည် -

**ဒေါက်တာခင်မောင်လွင်**

ကျွန်တော်တို့ ဒီအပိုင်းမှာတော့ COVID-19 ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှု ရပ်တန့်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘယ်လိုရပ်တန့်မလဲ။ ရပ်တန့်ဖို့အတွက် ဆောင်ရန်၊ ရှောင်ရန်တွေ ဘာတွေရှိမလဲ။ ဒ့ါအပြင် ဒီရောဂါနဲ့ပတ်သက်ပြီးတော့ လူထုသိချင်နေတဲ့၊ သိသင့်တဲ့ အပိုင်းလေးတွေလည်း လူထုကိုယ်စား ကျွန်တော်တို့ ရှာကြံပြီးဆွေးနွေးသွားဖို့ စီစဉ်ထားပါတယ်။

ပထမဦးဆုံးကတော့ နိုင်ငံတော်အစိုးရအနေနဲ့ လက်ရှိ ဒီနေ့အထိ ဆောင်ရွက်ထားတာတွေကို ဆရာဦးသန်းနိုင်စိုးက နည်းနည်းပြောပြစေချင်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး**

နိုင်ငံတော်အစိုးရ အနေနဲ့ကတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ ညစာစားပွဲမှာ တာဝန်ရှိတဲ့သူတွေကို ဖုန်းဆက်ပါတယ်။ အဲဒီအချိန်တုန်းကတော့ ဘာရောဂါမှန်းတော့ အတိအကျမသိသေးပါဘူး။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့ Sea food Market ကနေစပြီးတော့ ဒီရောဂါတွေဖြစ်ပွားနေတယ်ပေါ့နော်။ သဘော်သား Association တစ်ခုကနေပြီးတော့ ကျွန်တော်တို့ရဲ့ Social Media ပေါ် တက်လာတဲ့ဟာကို ဆရာကြီးက မြင်တဲ့အခါကျတော့ တရုတ်က ကျွန်တော်တို့နဲ့လည်း နယ်မြေချင်းထိစပ်မှုလည်းများတယ်။ အဲဒီတုန်းက ဝူဟန်ကနေ တိုက်ရိုက် လေကြောင်းလိုင်းတွေလည်း ရှိတယ်။ အထူးသဖြင့် မန္တလေးမြို့ကို ရှိတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့အနေနဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ အထူးသဖြင့် လေဆိပ်တွေနဲ့ နယ်စပ်ဝင်ပေါက်တွေ ဂရုစိုက်ပါဆိုပြီးတော့ လမ်းညွှန်တယ်။

ဒါကြောင့် ဇန်နဝါရီ ၅ ရက်မှာပဲ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) နဲ့ ညွှန်ကြားရေးမှူး (ကူးစက်) ပါတဲ့ အဖွဲ့တွေက မန္တလေးလေဆိပ်တို့၊ ရန်ကုန်လေဆိပ်တို့မှာ စပြီးတော့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီကနေနောက်ပိုင်း တဖြည်းဖြည်းနဲ့ များလာနိုင်တဲ့အနေအထားပေါ့။ အဲဒီအချိန်က SARS နဲ့ ဆက်စပ်တာနည်းနည်းသိထားတော့ ဒီလိုပဲ ကိုရိုနာဗိုင်းရပ်စ်တွေက ဖြစ်လာရင် အေးအေးဆေးဆေးပဲပြီးသွားတာမရှိသလို နောက်ပိုင်းမှာ ပိုပိုပြီးတော့ များလာမှာမို့ ကျွန်တော်တို့ဘက်က တတ်နိုင်သမျှ ပြင်ဆင်ထားတယ်။

ဇန်နဝါရီ ၈ ရက်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ဦးစီးပြီးတော့ အဖွဲ့အစည်းတွေ၊ ကော်မတီတွေ ဖွဲ့စည်းပါတယ်။ ဒါ အစောဆုံးဆောင်ရွက်တဲ့ကိစ္စတွေပါ။ နောက်ပိုင်းမှာတော့ ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်ပြီးတော့ ဝန်ကြီးဌာနပေါင်းစုံပါဝင်တဲ့ အမြဲတမ်းအတွင်းဝန်တွေ၊ ညွှန်ကြားရေးမှူးချုပ်တွေ ပါဝင်တဲ့ ဝန်ကြီးဌာနများအကြား ပူးပေါင်းညှိနှိုင်းရေးကော်မတီဆိုပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီကော်မတီရဲ့နောက်မှာတော့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှစ်ဦး ဦးဆောင်တဲ့ ကော်မတီကြီး ဖွဲ့စည်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။

ဆက်လက်ပြီးတော့ ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက်မှာတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးတွေ အားလုံးပါဝင်တဲ့ အမျိုးသားအဆင့်ကော်မတီကြီးကို ဖွဲ့စည်းကာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဆိုပြီး နိုင်ငံတော်အပိုင်းကနေ အလေးအနက်ထားပြီးတော့ အထူးဆောင်ရွက်နေတဲ့အကြောင်း တင်ပြလိုပါတယ်ခင်ဗျာ။

**ဒေါက်တာခင်မောင်လွင်**

အဲဒီနောက်ပိုင်းမှာ တော်တော်လေးသွက်လက်တဲ့၊ ထူးခြားတဲ့အပြောင်းအလဲတွေလည်း အများကြီးရှိပါတယ်။ ဒါက ဗဟိုအဆင့်အနေနဲ့ပေါ့။ ဆရာလက်ာရည်ကျော်က ကလေးဆရာဝန်ကြီးတစ်ယောက်အနေနဲ့ ဒီရောဂါအကြောင်းကို ပြည်သူလူထုသိအောင် နည်းနည်းထပ်ပြီးတော့ ဖြည့်ပေးဖို့။ အဲဒီ ထူးခြားမှုလေးတွေ ပြောပြပေးပါဦး။

**လက်ာရည်ကျော် (စာရေးဆရာ)**

SARS တုန်းကလည်း ကျွန်တော်တို့ ကြုံခဲ့ဖူးတာပေါ့နော်။ အဲဒီတုန်းကလည်း Under Control စောစောစီးစီး ဖြစ်ခဲ့ကြတယ်။ တိုင်းပြည်ထဲမှာလည်း သိပ်ပြီး ပြဿနာမရှိခဲ့ကြဘူး။ ဒီကိစ္စစတဲ့အချိန်မှာလည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်တယ်။ နည်းနည်းဆက်စပ်မှုရှိတယ်။ သတင်းတွေကြားတယ်။ အဲဒီအချိန်တုန်းကတော့ ကျွန်တော်တို့က ကိုယ်ကိုယ်တိုင်လည်း ဆေးရုံမှာ ဆေးကုနေတဲ့ဆရာဝန်၊ နောက် ဆေးကျောင်းသားတွေကို စာသင်နေတဲ့ ဆရာဝန်ဖြစ်တဲ့အခါကျတော့ ကိုယ့်အောက်က ဝန်ထမ်းတွေကို လမ်းညွှန်မှု ပေးရတာပေါ့နော်။ လာရင် ဘယ်လိုလုပ်ကြမလဲ။ အစည်းအဝေးတွေ တစ်ချိန်လုံး လုပ်ရတာပေါ့။ နေရာတွေခွဲရတာပေါ့။ ဇာတ်တိုက်ရတာပေါ့။ ပစ္စည်းတွေ ကြိုစုရတာပေါ့ ဆရာရယ်။

ပထမတော့ ဝူဟန်ပေါ့။ ပထမတစ်ဆင့်ကတော့ ဝူဟန်ကလာရင် သတိထားပါအဆင့်။ နောက်တစ်ဆင့်ကတော့ တရုတ်ပြည်မကြီးပေါ့။ နောက်တစ်ခါကျတော့ ဖြစ်တဲ့နိုင်ငံတွေ အများကြီးဖြစ်လာတယ်။ ဖြစ်တဲ့နိုင်ငံတွေ အများကြီးဖြစ်တဲ့အခါကျတော့ ဒီနိုင်ငံတွေ အားလုံးက လာရင်ပေါ့။ အခုကျတော့လည်း ကိုယ်တွေပဲ ကျန်တော့တာပေါ့။ ကိုယ်ရယ်၊ လာအိုရယ်၊ General ခရီးသွားထားတဲ့ History ရှိရင်၊ အဲဒီလိုရှိတဲ့ ကလေးတွေလာရင် ဘယ်လိုလုပ်မယ်ဆိုတာ ကျွန်တော်တို့ ကြိုတင် ပြင်ဆင်ရတာပေါ့။

ဒါပေမယ့် အခုနောက်ပိုင်း တဖြည်းဖြည်း သိလာတာကသူက Asymptomatic Carrier ပေါ့။ သူ့မှာ ရောဂါလက္ခဏာမပြဘဲနဲ့ ပြည်သူလူထုကြားထဲမှာ လျှောက်သွားနေတဲ့သူတွေ ရှိနိုင်တယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့က Universal Precaution ဘက်ကို သွားရတာပေါ့။ အားလုံးကို ကူးနိုင်တဲ့ Potential ရှိတယ်လို့ ဆုံးဖြတ်ရတဲ့အဆင့် ဖြစ်လာတယ်။ ဒါကြောင့်မို့လို့လည်း အခုလို လက်မှန်မှန်ဆေးပါ၊ လူအုပ်ထူထူထဲကို တတ်နိုင်သမျှမသွားပါနဲ့၊ ပွဲတွေလမ်းတွေ ပိတ်ပစ်ပါ စသဖြင့် လုပ်ရတာပေါ့။ အဲဒီအဆင့်တွေ ရောက်လာတယ်။ ကျွန်တော်တို့ ဆေးရုံတွေမှာရောဆိုရင် ဆေးရုံတွေမှာလည်း ကျွန်တော်တို့ နိုင်တာလုပ်ကြတာပဲ ဆရာ။

ဆေးရုံတွေမှာ ကျွန်တော်တို့ ပုံမှန်အားဖြင့် Speciality တွေရှိတယ်။ ကျွန်တော့် ဆေးရုံမှာဆိုလည်း Speciality တွေရှိတာပေါ့။ ဦးနှောက်အာရုံကြောအထူးကုဌာန၊ ကျောက်ကပ်အထူးကုဌာန၊ နှလုံးအထူးကုဌာန စသဖြင့် ကျွန်တော်တို့ OPD တွေမှာ ပုံမှန် ပြန်ပြန်ခေါ် ချိန်းနေတဲ့ကလေးတွေ ရှိတယ်။ သေချာအောင်ကြည့်တဲ့သဘောမျိုးပဲ။ အဲဒီကလေးတွေကို ကျွန်တော်တို့ မလာခိုင်းတော့ဘူး။ မလာခိုင်းတော့ဘဲနဲ့ Telephone Contact တွေပေးတယ်။ သူတို့ကိစ္စရှိရင် ကျွန်တော်တို့ကို တိုက်ရိုက်ဆက်လို့ရတယ်။ ကျွန်တော်တို့ အဲဒီလိုလုပ်တယ်။

သင်ကြားရေးကိစ္စတွေမှာ တချို့သင်ကြားရေးကိစ္စတွေကို ကျွန်တော်တို့ အင်တာနက်ပေါ်ကို တင်လိုက်တယ်။ ဆေးရုံထဲမှာလုပ်တဲ့ Journal Reading Club လိုဟာမျိုးကအစ ကျွန်တော်တို့က အင်တာနက်နဲ့ တစ် Ward မှာ TV တစ်လုံး ထားပြီးတော့ လုပ်တယ်။ အဲဒါမျိုးတွေ ကျွန်တော်တို့ စလုပ်လာတယ်။ Ward ထဲမှာရှိတဲ့ လူနာအရေအတွက်ကို ကျွန်တော်တို့ တတ်နိုင်သမျှ လျှော့ချတယ်။ တော်ရုံတန်ရုံ နေမကောင်းဖြစ်ရင် အိမ်မှာပဲနေ။ ဆေးရုံမလာနဲ့။ ဒါမျိုးတွေ ပညာပေးရတယ်။ ဒါ ဒီနေ့ ကျွန်တော်တို့ ဒီလာတဲ့အထဲမှာ ဒါလည်း ပါတာပေါ့။ တတ်နိုင်သလောက် အိမ်မှာ နေစေချင်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်နေရာက ရမယ်ဆိုတာ ကျွန်တော်တို့ ပြောလို့မရဘူးလေ။ အရင်တုန်းကလို ဝူဟန်က လာမှ၊ တရုတ်က လာမှတို့ အဲဒါတွေ ပြောလို့မရတော့ဘူး။ ဘယ်နားသွားသွား ရနိုင်တဲ့အနေအထားမျိုးတွေ ဖြစ်နေပြီ။ ခုထက်ထိ မရသေးတာကိုကပဲ တော်တော်ကံကောင်းတယ်ပေါ့နော်။ ကျေးဇူးတင်တယ် အဲဒီလိုပဲ ပြောရမှာပေါ့။

နောက် လက်မှန်မှန်ဆေးဖို့နော်။ ဆရာသိတဲ့အတိုင်းပဲ တကယ်တမ်းကျတော့ မျက်နှာတို့၊ နှာခေါင်းတို့၊ လက်တို့ မကိုင်နဲ့လို့သာ ပြောတာ မကိုင်မိဖို့က ကိုယ်တောင် တော်တော်ခက်တာ။ အဲဒါလေးတွေ လိုက်ပြီးတော့ ပညာပေးတဲ့ဟာလေးတွေ လုပ်နေပါတယ်။ အခုနောက်ဆုံးအဆင့်ကတော့ မရောက်သေးဘူးပေါ့။ အခုထက်ထိ Positive Case မတွေ့သေးဘူးပေါ့။ ဒါပေမယ့် Suspective Case တွေကတော့ တွေ့နေပြီ။ ကလေးမှာလည်း ရှိနေပြီ။ Suspective Case တွေက ရှိနေပြီ။ နောက်ပိုင်းကျတော့ ကံကောင်းလွန်းတယ်။ အခုထက်ထိတော့ Test လုပ်လိုက်တယ်၊ Negative ဖြစ်သွားတယ်၊ ဖြစ်နေတုန်းပဲပေါ့နော်။ အဲဒီကလေးတွေက ကျွန်တော်တို့ စပြီးတော့ Isolate လုပ်နေရပြီ။ သီးခြားအခန်းထဲ ထားရတယ်။ သူတို့အတွက်ကို သတ်သတ်ဝတ်စုံတွေ ထားရတယ်။ လူအင်အားခွဲပေးထားရတယ်။ ပစ္စည်းကိရိယာလေးတွေ ခွဲပေးထားရတယ်။ ဒါမျိုးတွေ ဖြစ်နေပါပြီ ဆရာ။

**ဒေါက်တာခင်မောင်လွင်**

အဲဒါတွေကြောင့်လည်း ကျွန်တော်ထင်တယ်လေ။ ဝါးတားပါတီ ရေပါတီ လုပ်လို့မရဘူးထင်တယ်။ ဖြူဖြူကျော်သိန်းအနေနဲ့ အဆိုတော်အနေနဲ့ မိတ်ဆက်ပေးတယ်ဆိုပေမယ့် ဆရာဝန်လည်းဖြစ်တယ်လေ။ အဲဒီတော့ အခုနောက်ထပ် ပညာရှင်တစ်ယောက်အနေနဲ့၊ ဆရာဝန်တစ်ယောက်အနေနဲ့ ဒီကိစ္စတွေမှာ ဘာတွေပြောချင်လဲဆိုတာကို နားထောင်ကြည့်ချင်တယ်။

**ဖြူဖြူကျော်သိန်း (တေးသံရှင်)**

အနုပညာရှင်တစ်ယောက်အနေနဲ့ရော၊ ဆေးကျောင်းမှာ စာသင်ယူခဲ့တဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ရောဆိုရင် ဖြူဖြူက ဒီလိုကိစ္စမျိုးတွေ ဖြစ်လာတဲ့အခါကျရင် စဉ်းစားတဲ့အခါ အနုပညာရှင်တစ်ယောက်တည်းအနေနဲ့ စဉ်းစားလို့မရပါဘူး။ နောက်တစ်ခု ဘယ်လိုထည့်စဉ်းစားသလဲဆိုတော့ လွန်ခဲ့တဲ့အပတ်တွေ အင်တာဗျူးတွေ ဖြေကတည်းက သူတို့တွေက မေးကြတယ်ပေါ့နော်။ ဆရာပြောတဲ့ ဝါးတားပါတီ ရေပါတီကိုပေါ့ ပိတ်မယ်ဆိုလို့ရှိရင် မဖြူ ဘယ်လိုခံစားရမလဲ စသဖြင့်ပေါ့နော်။ ဖြူဖြူက အဲဒီကတည်းက ပြောခဲ့ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ COVID-19 ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ Excellent Fortune Foundation မှ (COVID-19) ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကာကွယ်ရေးပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အဖွင့်အမှာစကား ပြောကြားပြီး Excellent Fortune Foundation ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုင်းမျိုးဝင်းက ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကာကွယ်ရေးပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် မြို့တော်ဝန် ဦးမောင်မောင်စိုးတို့ထံ Excellent Fortune Foundation ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုင်းမျိုးဝင်းက ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**



ယနေ့ Excellent Fortune Foundationမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လှူဒါန်းသည့် COVID-19 ရောဂါကာကွယ်ရေးပစ္စည်းများတွင် ရောဂါကာကွယ်ရေးဝတ်စုံ PPE အစုံ ၂၀၀၊ တစ်ခါသုံး ရော်ဘာ လက်အိတ် ၈၀၀၊ ရောဂါကာကွယ်ရေး မျက်မှန် ၆၇ ခု၊ ရောဂါကာကွယ်ရေး နှာခေါင်းစည်း ၂၄၀၀ နှင့် ရောဂါကာကွယ်ရေး နှာခေါင်းစည်း N95 Mask ၂၄၀ တို့ကို လှူဒါန်းခဲ့သည်။

ထို့ပြင် Excellent Fortune Foundation မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများ၊ တပ်မတော်ဆေးရုံဆေးရုံးကြီးနှင့် အရပ်ဘက်အဖွဲ့အစည်းများသို့ ရောဂါကာကွယ်ရေးဝတ်စုံ PPE ၁၄၃၆ စုံ၊ တစ်ခါသုံး ရော်ဘာ လက်အိတ် ၅၇၄၄ ခု၊ ရောဂါကာကွယ်ရေး မျက်မှန် ၃၇၈ ခု၊ ရောဂါကာကွယ်ရေး နှာခေါင်းစည်း Face mask ၁၅၈၂၀ နှင့် ရောဂါကာကွယ်ရေး နှာခေါင်းစည်း N95 Mask ၁၇၂၃ ခု တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

## ဓမ္မာစရိယစာမေးပွဲ ပထမနေ့ ကျင်းပ

နေပြည်တော် မတ် ၂၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲ (ပထမနေ့) ယနေ့၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့တွင် စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၇၃၉၈ အနက် ၁၄၄၀၆ ပါး ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၈၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သာသနာရေးဦးစီးဌာန**
**၁၃၈၁ ပြည့်နှစ် (၂၀၂၀ ပြည့်နှစ်)၊ ဓမ္မာစရိယစာမေးပွဲ**
**နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ**

ရက်စွဲ၊ ၂၃-၃-၂၀၂၀

ဖြေဆိုသည့်ဘာသာ၊ ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (ပထမနေ့)

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ဓမ္မာစရိယ | ၁၇၃၉၈ | ၁၄၄၀၆ | ၂၉၉၂ | ၈၂.၈၀ |

## “တတ်နိုင်သလောက် အိမ်မှာ နေစေချင်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်နေရာက ရမယ်ဆိုတာ ကျွန်တော်တို့ ပြောလို့မရဘူးလေ။ အရင်တုန်းကလို ဝူဟန်က လာမှ၊ တရုတ်က လာမှတို့ အဲဒါတွေ ပြောလို့ မရတော့ဘူး။ ဘယ်နားသွားသွား ရနိုင်တဲ့အနေအထား မျိုးတွေဖြစ်နေပြီ။ ခုထက်ထိ မရသေးတာကိုကပဲ တော်တော်ကံကောင်းတယ်”

*စာမျက်နှာ ၁၀ မှ*

အဲဒီအချိန်တုန်းကတော့ ဒီပွဲလမ်းသဘင်တွေ ပိတ်ရမယ်လို့ မကြေညာသေးခင် အချိန်ပေါ့။ လွန်ခဲ့တဲ့ ဆယ်ရက်၊ နှစ်ပတ်လောက် အချိန်တုန်းက ဆိုတော့။ ဒါနဲ့ ဖြူဖြူက ပြောတယ်။ တကယ်လို့ တာဝန်ရှိတဲ့သူတွေက၊ နားလည်တဲ့သူတွေက ဒါအန္တရာယ်ရှိလို့ မလုပ်ရဘူးဆိုရင်လည်း ဖြူဖြူကတော့ ဘာမှ စောဒကတက်စရာ မရှိပါဘူး။ ပရိသတ်ပြည်သူတွေရဲ့ အသက်နဲ့ ကျန်းမာရေးထက် ပိုပြီးအရေးကြီးတဲ့အရာ လောကမှာ မရှိဘူး။

ဒါက နိုင်ငံအဝန်း၊ ကမ္ဘာအဝန်းမှာ ကပ်ရောဂါအနေနဲ့ ဖြစ်နေတာဖြစ်တဲ့အတွက်ကြောင့် ကိုယ်က ဒီရောဂါဒဏ်ကို ခံနိုင်မယ်ဆိုရင်တောင်မှ ကိုယ်ချစ်တဲ့သူတွေထဲမှာ ကိုယ်ခံအားနည်းနေတဲ့သူတွေ ရှိမယ်။ အသက်အရွယ်အားဖြင့် ဒီရောဂါဒဏ်ကို မခံနိုင်မယ့်သူတွေ အများကြီးရှိမယ်။ အဲဒီအခါကျရင် ငါကသာ ဒီပွဲကို လုပ်လိုက်လို့၊ သွားလိုက်လို့ဆိုတဲ့ တရားခံဆိုတဲ့ ခံစားရမယ့် စိတ်က တစ်သက်လုံး ကိုယ်ရှင်ကျန်နေခဲ့ရင်တောင်မှ ဒါဘယ်တော့မှ ဖျောက်ဖျက်လို့ရမယ့် နောင်တဖြစ်လာမှာ မဟုတ်ပါဘူးပေါ့နော်။ အဲဒီလိုခံစားနေရမှာ တစ်သက်လုံးလေ။

အဲဒီအခါကျတော့ ဖြူဖြူ အဲဒီအတိုင်းပဲ ဖြေခဲ့တယ်။ တကယ်လို့ အန္တရာယ်ကင်းလို့ လုပ်လို့ရတယ်ဆိုရင်လည်း ကိုယ့်ကိုဖိတ်တဲ့ ဆီက ပရိသတ်တွေ ကျေနပ်အောင် ဖျော်ဖြေဖို့ အတွက် ပြင်ဆင်ပါမယ်။ မဟုတ်လို့ရှိရင်လည်း ဖြူဖြူတို့ အိမ်မှာပဲ နေပေါ့မယ်ပေါ့နော်။ အခုဆိုရင်တော့ ရင်ထဲမှာ တစ်ပိုင်းအေးသွားရတာက အဲဒီလိုမျိုး Public ပွဲတွေ၊ သင်္ကြန်ပွဲတွေ၊ လူစုလူဝေးနဲ့ပွဲတွေ၊ ဖြူဖြူတို့ ဖျော်ဖြေရမယ့်ပွဲတွေ ဧပြီ ၃၀ ရက်အထိ ရပ်ရမယ်ဆိုတဲ့အခါကျတော့ ဆရာရယ် အနုပညာရှင်ဖြစ်တဲ့အတွက်ကြောင့် တစ်ပိုင်းက အနုပညာရှင်ဖြစ်တဲ့အတွက်ကြောင့် အထူးသဖြင့် ဂီတတို့၊ သဘင်တို့ ဆိုတာ ပရိသတ်ကြားထဲမှာ ရှင်သန်ကြရတာ။ ရုပ်ရှင်နဲ့တောင် မတူဘူးပေါ့။ ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ပြီးတော့ လူစု လူဝေးကြားထဲမှာမှ ဆိုကြ၊ ကကြ၊ ခုန်ကြ ပေါက်ကြရတာဆိုတော့ ဒါကိုတော့ ပျော်တာ ပေါ့ ဆရာရယ်။ ဖြစ်ချင်တာပေါ့နော်။

သို့သော်လည်းပဲ ဘယ်ဟာက ပိုအရေးကြီးလဲလို့ စဉ်းစားတဲ့အခါမှာ ဩော်... ဒါ ငါ့နိုင်ငံ၊ ငါ့ပရိသတ်၊ ဒီလူတွေရဲ့ အသက်နဲ့ ကျန်းမာရေးဆိုတဲ့စိတ်နဲ့ပဲ ရပါတယ်။ အိမ်မှာနေမယ်။ သီချင်းရေးမယ်။ သီချင်းတီးမယ်။ အသစ်လေးတွေ ဖန်တီးမယ်။ ပြီးတော့ အွန်လိုင်းလည်း ရှိတယ် ဆိုတဲ့အခါကျတော့ ပရိသတ်တွေနဲ့ အွန်လိုင်းက စကားပြောမယ်။ နောက်ပြီးတော့ ကိုယ်က အနုပညာရှင်တစ်ယောက်အနေနဲ့ အခုလိုမျိုး အင်တာဗျူးလေးတွေမှာ ကိုယ်တတ် နိုင်တဲ့ဘက်ကနေ ပါဝင်ပြီးတော့ ပရိသတ်ကို အသိပညာပေးမယ်လို့ပဲ ဆုံးဖြတ်စဉ်းစားထားပါတယ် ဆရာ။

**ဒေါက်တာခင်မောင်လွင်**

ဖြူဖြူကတော့ ဟုတ်တာပေါ့။ အွန်လိုင်းကနေ စကားပြောလို့ရတာပေါ့။ ဒါပေမယ့် ကိုဖိုးချစ်တို့ကျတော့ အွန်လိုင်းကနေတော့ ကပြရတာခက်တယ်ဆိုတော့ အခု လူတွေရဲ့ အသက်ကယ်ဖို့၊ ကျန်းမာရေးအတွက် ရောဂါမပြန့်အောင်ပေါ့လေ။ ဒါပေမယ့် ရင်းနှီးတဲ့အခါမှာ ဇာတ်သဘင်က ပုဂ္ဂိုလ်တွေကျတော့ သူတို့ ထမင်းလုတ်ထဲကနေ နုတ်ပြီးတော့ ရင်းနှီးရတဲ့သဘော ဖြစ်လာတာပေါ့နော်။ ဒီလုပ်ငန်းလေးတွေ၊ ခွင်လေးတွေ ထိခိုက်လာနိုင်တဲ့ သဘင်ဘက်က ပညာရှင်တစ်ယောက်အနေနဲ့ ဝင်ပြီး ဆွေးနွေးစေချင်တာပါ။

**ဖိုးချစ် (ဇာတ်သဘင်)**

ကျွန်တော်တို့ သဘင်ကကျတော့ ခုနက မဖြူပြောသလို ပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့ရတယ်။ အထူးသဖြင့် ဂီတနဲ့ သဘင်မှာတောင်မှ သဘင်ကတော့ ကြိမ်ရေပေါင်းများစွာ ပိုထိတွေ့ရတဲ့သဘောရှိတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဓလေ့အရကိုက အလှူပွဲ၊ ဘုရားပွဲ၊ ကျောင်းပွဲတွေနယ်တွေမှာ များတယ်ဆိုတော့လေ။ စပေါ်ခဲ့တာကလည်း သဘင်က ရှေးအကျဆုံးပဲ။ ဘုရင်တွေ လက်ထက်ကတည်းကပါ။

ခုနက ပြောသလိုပါပဲ ။ ပြည်သူလူထုရဲ့ ကျန်းမာရေးနဲ့ သူတို့ရဲ့ တန်ဖိုးနဲ့ ယှဉ်ရင်တော့ ကျန်တဲ့အခက်အခဲတွေက ဖြတ်ကျော်သွားနိုင်မှာပါ။ သို့သော်လည်းပဲ ကျွန်တော်တို့ သဘင်က အရင်တုန်းက ကျန်းမာရေးနဲ့ အားကစားနဲ့ ပတ်သက်လို့ဆိုရင် အသိပညာပေးတွေ ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ တောက်လျှောက်ဖြန့်ဝေပေးခဲ့တာ။ အခုကတော့ လူစုလူဝေးနဲ့ ဖြန့်ဝေလို့ကို မရတော့ဘူးဆိုတော့ ကျွန်တော်တို့က ဘာကို သွားပြီးတော့ စဉ်းစားရလဲ ဆိုတော့ ပြည်သူလူထုလည်း အခက်အခဲဖြစ်တယ်၊ အစိုးရမှာလည်း အခက်အခဲရှိတယ်။

ကျွန်တော်တို့ အနုပညာလုပ်ကြတဲ့သူတွေမှ မဟုတ်ဘူး။ ကဏ္ဍပေါင်းစုံမှာ အကုန်အခက်အခဲပဲ။ ဒီထဲမှာ တအားဆိုးဆိုးရွားရွားထိတယ်ဆိုတဲ့အပိုင်းမှာတော့ ကျွန်တော်တို့ သဘင်သည်တွေကကျတော့ မှီခိုသူပေါ့နော်။ ပရိသတ်က အမှီခိုခံပေါ့။ သူတို့အဆင်ပြေမှ ကျွန်တော်တို့က သူတို့ကို မှီခိုပြီးတော့ ရပ်တည်ရတဲ့သူတွေဆိုတော့ ကိုယ်မှီခိုတဲ့သူကလည်း အဆင်မပြေဘူး။ အမှီခိုခံရသောသူကလည်း အဆင်မပြေတဲ့အခါမှာ ကျွန်တော်တို့က အခုအချိန်ကတော့ လုံးဝရပ်သွားတယ်။

အဲဒီတော့ ဘာကို သွားသတိရသလဲဆိုတော့ ကျွန်တော်တို့ သူ့ကျွန်ဘဝရောက်တဲ့ ခေတ်က ပြန်ကောက်ရမယ်။ ဘုရင့်ရဲ့ နန်းတွင်းသုံး အနုပညာပေါ့။ သဘင်သည်၊ ခွက်ခွင်းသည်၊ ပန်တျာသည်ပေါ့နော်။ နန်းတွင်းမှာပဲ ဖျော်ဖြေခဲ့တဲ့ဘဝနဲ့ သူ့ကျွန်ဘဝရောက်သွားတော့ ဘုရင်က ပါတော်မူသွားပြီ။ ကစရာ၊ ဆိုစရာ မရှိတော့ဘူး။ အဲဒီတော့ ဘာလုပ်ရလဲဆိုတော့ လှေကြီးတစ်စင်းနဲ့ စုန်ပြီးတော့ ကမ်းနားကို ကပ်လိုက်၊ အဲဒီရွာက ပေးတဲ့ ဆီလေး၊ ဆန်လေးတွေနဲ့ ရပ်လိုက်။ ကမ်းနားမှာကပ်ပြီး ဖျော်ဖြေလိုက်နဲ့ အောက်မြန်မာပြည်ကို သဘင်သည်တွေ ထပ်မံဖွံ့ပြီး ရောက်လာတာပေါ့။

အဲဒီတော့ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာလည်း သဘင်က တစ်ကြိမ်ထပ်ပြုတ်ကျတယ်။ သဘင်သည် သုံးပုံပုံ နှစ်ပုံလောက် ပျောက်သွားတယ်။ တခြားလုပ်ငန်းတွေနဲ့ ရေကြည်ရာ မြက်နုရာ လုပ်ကိုင်စားသောက်ကြရင်းနဲ့ ရှိတဲ့ သဘင်သည်က ပျောက်သွားတယ်။ ကျွန်တော် အခုကာလမှာ စိုးရိမ်တာ အဲဒီတစ်ခုပဲ စိုးရိမ်တာ။ ဒီကာလ နည်းနည်းမရှည်စေချင်ဘူးပေါ့နော်။ ဆုတောင်းရတာပေါ့။ ရှည်သွားလို့ ကြာသွားလို့ရှိရင် ရှိတဲ့သဘင်သည်တွေ တော်တော်နည်းသွားမယ်။ ကျွန်တော်တို့က စီးပွားရေးအဆင်မပြေရင်လည်း သဘင်သည်တွေ မကဘူး၊ မဆိုရ၊ မတီးရဘူး ခက်တယ်။

နိုင်ငံရေးဖြစ်တဲ့ နေရာတွေမှာလည်း ဘယ်လိုမှ အဆင်မပြေဘူး။ အခု ကျန်းမာရေး။ နောက် စာမေးပွဲတွေ ရှိတဲ့အချိန်မှာလည်း ပွဲမိန့်အဆင်မပြေဘူး။ နောက် ခေတ်ရဲ့ စိန်ခေါ်မှုပေါ့။ ဖျော်ဖြေတင်ဆက်မှု၊ ဖျော်ဖြေရေးတွေရဲ့ စိန်ခေါ်မှုပေါင်းများစွာကြားထဲမှာ မြန်မာ့ရဲ့ ရိုးရာယဉ်ကျေးမှုတွေနဲ့ ပတ်သက်တဲ့ ဒီစိန်ခေါ်မှုတွေကိုလည်း ရင်ဆိုင်ရသေးတယ်။ ရှေးမူမပျက်လည်း ထိန်းသိမ်းရသေးတယ်။ ပရိသတ်နဲ့ ထိတွေ့လို့ရအောင်လည်း ပြင်ဆင်ရသေးတယ်။ အဲဒီစိန်ခေါ်မှုကလည်း အများကြီး။ အဲဒီကြားထဲမှာ ကျွန်တော်တို့ဆို တအားကို တင်းထားရတဲ့ သဘောမှာရှိတာပေါ့။ ရှိတော့ ကျွန်တော် စိုးရိမ်တာက သဘင်အနုပညာရှင်တွေအနေနဲ့ ဒီကာလအပြီးမှာ အဲဒီလိုဖြစ်မှာပဲ စိုးရိမ်တယ်။ အဲဒါတစ်ချက်။ ဒါလည်း နိုင်ငံတော်ကို ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က စီမံချက်ဆွဲပြီးတော့ တင်ပြထားတယ်။

ကျွန်တော်တို့ ကိုယ့်ဘာသာပဲ ပူနေတာ မဟုတ်ပါဘူး ဆရာရယ်။ ကျွန်တော်တို့လည်း ပြည်သူထဲက ပြည်သူပါပဲ။ အဲဒီထဲမှာ ပိုပြီး တစ်ဆင့်လေးနိမ့်တာက အဲဒီပြည်သူကို မှီခိုနေရတဲ့သူတွေ ဖြစ်တယ်။ ပြည်သူ အခက်အခဲဖြစ်တယ်။ ပြည်သူကို ပြန်မှီရတဲ့ ကျွန်တော်တို့က ပိုပြီးတော့ ဆိုးဆိုးရွားရွားထိသွားတယ်ပေါ့နော်။ ပိုဆိုးတယ်ပေါ့။ မဖြူပြောသလိုပဲ ကျွန်တော်တို့က လူစုလူဝေးနဲ့မှ၊ သူတို့ပျော်မှ၊ လူစုလူဝေးနဲ့မှ ကျွန်တော်တို့က ရပ်တည်ရတဲ့သူတွေဆိုတော့ လူစုလူဝေးတွေပိတ်ဆို့တာတစ်ခုတည်းနဲ့ ကျွန်တော်တို့ နံပါတ် (၁) အရင်စထိတာ။ ဒါပေမယ့် အားလုံး နိုင်ငံတော်ရဲ့ အခက်အခဲကို နားလည်ပါတယ်။ ပြည်သူလူထုလည်းဖြစ်နေတဲ့အချိန်မှာဆိုတော့ ပါဝင် ထိန်းသိမ်းဖို့ပဲ ရှိတယ်ပေါ့နော်။ ကျန်တာ မရှိပါဘူး။

*(ဆက်လက်ဖော်ပြပါမည်။)*

**မှတ်တမ်း - သီတာဌေး (ပြန်/ဆက်)၊**
**စန္ဒာမင်း (ပြန်/ဆက်)**
**ဓာတ်ပုံ- ရဲသူရအောင် (ပြန်/ဆက်)**

# စင်ကာပူနိုင်ငံက ပြည်ပခရီးသွားများဝင်ရောက်မှုကိုပိတ်ပင်

**စင်ကာပူ မတ် ၂၃**

စင်ကာပူနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု မြင့်တက်လာပြီးနောက် ပြည်ပနိုင်ငံသားများအားလုံးကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်ခဲ့ကြောင်း အစိုးရက ပြောကြားခဲ့သည်။

ပြည်ပနိုင်ငံသားများ ဝင်ရောက်ခွင့်ပိတ်ပင်မှုသည် မတ် ၂၃ ရက် ညနေခင်းပိုင်းတွင် စတင်အသက်ဝင်မည်ဟု သိရသည်။ ဆေးကုသရေးနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အရေးကြီးဝန်ဆောင်မှုများပေးအပ်နေကြသည့် နစ်ရှည်ဗီဇာ ကိုင်ဆောင်ထားသူများကိုမူ ပိတ်ပင်မှုမှ ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။



နှာခေါင်းစည်းတပ်ဆင်သွားလာနေကြသည့် စင်ကာပူပြည်သူများ။

စင်ကာပူနိုင်ငံသည် နိုင်ငံအချို့မှ ဆိုက်ရောက်လာကြသည့် ပြည်သူများအား ပြည်ဝင်ခွင့်ပိတ်ပင်မှုတစ်ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်သည်။ ကျန်သည့်ကမ္ဘာ့နိုင်ငံများမှ ရောက်ရှိလာကြသူများကို ၎င်းတို့၏ကျန်းမာရေးအခြေအနေကို စောင့်ကြည့်စစ်ဆေးရန်အတွက် နေအိမ်၌ ၁၄ ရက်ကြာအောင် အလုံပိတ်နေထိုင်ရန် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

ထိုသို့ အရေးပေါ်အစီအမံများ ချမှတ် ဆောင်ရွက်ခဲ့သော်လည်း နိုင်ငံအတွင်း၌ ၁၀ ရက်တာအတွင်း ကူးစက်မှုနှုန်း ဆက်လက်မြင့်တက်လာခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု မြင့်တက်လာသည့်အတွက် ဂရိနိုင်ငံက တစ်နိုင်ငံလုံးကို ပိတ်ဆို့လိုက်ကြောင်း ကြေညာ

**ပေကျင်း မတ် ၂၃**

ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက် ဆက်လက်မြင့်တက်နေသည်ဖြစ်ရာ ရောဂါကူးစက်ပျံ့နှံ့မှု ထပ်မံမြင့်တက်မလာစေရေး ထိန်းချုပ်ရန်ဆောင်ရွက်ချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဂရိနိုင်ငံက တစ်နိုင်ငံလုံးကို အဝင်အထွက်ပိတ်ဆို့မှု ပြုလုပ်လိုက်ပြီဖြစ်ကြောင်း ယမန်နေ့တွင် ကြေညာခဲ့သည်။



ဂရိဝန်ကြီးချုပ် ကီရီယာကိုစ် မစ်ဆိုတာကစ်

### အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ဆောင်ရွက်

၁၄ ရက်ကြာ တစ်နိုင်ငံလုံး ပိတ်ဆို့မှုသည် မတ် ၂၃ ရက်ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။ အချိန်နှင့်တစ်ပြေးညီ အရေးပေါ် ဆောင်ရွက်ရမည်ဖြစ်ပြီး နှောင့်နှေးကြန့်ကြာမှု မရှိစေရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဂရိဝန်ကြီးချုပ် ကီရီယာကိုစ် မစ်ဆိုတာကစ်က ရုပ်မြင်သံကြားမှတစ်ဆင့် လူထုသို့ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

နေ့စဉ် ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေဆိုင်ရာ အစီရင်ခံစာအရ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကမ္ဘာတစ်ဝန်း၌ ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက် ၃၂၀၀၀ အထိရှိလာခဲ့ကာ ကမ္ဘာတစ်ဝန်းကူးစက်ခံရသူ စုစုပေါင်း ၂၆၆၀၇၃ ဦးအထိ မြင့်တက်လာစေခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မတ် ၂၁ ရက်နေ့ခင်းပိုင်းတွင် ဖော်ပြခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် နိုင်ငံတကာ၌ ပြီးခဲ့သည့် မတ် ၂၀ ရက် ညသန်းခေါင်အချိန်အထိ သေဆုံးသူ ၁၁၁၈၄ ဦးရှိခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကြောင့် အိန္ဒိယနိုင်ငံတွင် သေဆုံးသူ ကိုးဦးအထိရှိလာ

**နယူးဒေလီ မတ် ၂၃**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ကိုးဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၃ ရက်က ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူတစ်ဦးမှာ အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် အနောက်ဘင်္ဂလားနိုင်ငံမှဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်းသည် မတ် ၂၂ ရက်အထိ ၄၆၈ ဦးရှိသည့်အနက် ၃၅ ဦးမှာ ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ကိုးဦးမှာ သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

အစိုးရက ပြည်သူလူထုအား လူထူထပ်သည့်နေရာများနှင့် မလိုလားအပ်သည့် နိုင်ငံရပ်ခြားခရီးစဉ်များမသွားရန် တားမြစ်အကြံပြု တိုက်တွန်းထားသည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ပြည်နယ်ပေါင်း၂၀ ရှိ ဒေသပေါင်း ၈၀ ကို အလုံပိတ်ထားလိုက်သည်။

ပြည်တွင်းလေကြောင်းလိုင်းများကိုလည်း ဟန်တားလိုက်ပြီဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ကုန်တင်လေယာဉ်များ မပါဝင်ကြောင်း ညွှန်ကြားထားသည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာ လေကြောင်းလိုင်းများကိုလည်း ရက်သတ္တပတ် တစ်ပတ်ကြာ တားမြစ်ထားကြောင်း သိရသည်။

ဆင်ဟွာ

# ပေါ်တူဂီ၌ ကိုရိုနာဗိုင်းရပ်စ်အန္တရာယ် သတိပေးချက်စည်းကမ်းမလိုက်နာသူ ခုနစ်ဦးကို ဖမ်းဆီးအရေးယူ

**ပေါ်တို မတ် ၂၃**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာထားသည့် ပေါ်တူဂီ၌ ရောဂါကာကွယ်ရေး စည်းကမ်းများကို မလိုက်နာသည့်အတွက် လူခုနစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးအရေးယူလိုက်ကြောင်း ပေါ်တူဂီအစိုးရသတင်းရင်းမြစ်တစ်ခုက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဖမ်းခံရသူတစ်ဦးမှာ တာဝန်အရ ၎င်းနေထိုင်ရမည့်ကန့်သတ်နေရာတွင် နေထိုင်ခြင်းမရှိခဲ့သည့်အတွက် အဖမ်းခံရခြင်းဖြစ်ကြောင်း ပေါ်တူဂီပြည်တွင်း စီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး အက်ဒွာဒို ကာဘရစ်တာက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

အခြားသူ ခြောက်ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ညွှန်ကြားမှုကို လိုက်နာခြင်းမရှိသည့်အတွက် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာချက်အရ ထုတ်ပြန်ထားသည့်စည်းကမ်းများကို လိုက်နာမှုမရှိသူများအနေဖြင့် အနည်းဆုံးထောင်ဒဏ်တစ်နှစ် သို့မဟုတ် ရက်ပေါင်း ၁၂၀ အထိနှင့် ဒဏ်ငွေဆောင်ရမည်ဖြစ်ကြောင်း ပေါ်တူဂီဥပဒေအရ သိရသည်။ တစ်ရက်တာဝင်ငွေပြစ်ဒဏ်ဟူသည် အပြစ်ကျူးလွန်သူ၏ တစ်ရက်ဝင်ငွေပမာဏအပေါ် မူတည်ကာ ဒဏ်ငွေပေးဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် ဆင်းရဲနွမ်းပါးသည့်နိုင်ငံများကို အကူအညီပေးရန် ကုလသမဂ္ဂအလှူရှင်များရန်ပုံငွေတစ်ရပ်ဖွဲ့စည်းရန် နော်ဝေအဆိုပြု

**အော့စလို မတ် ၂၃**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်ရာတွင် ဆင်းရဲနွမ်းပါးသည့် နိုင်ငံများကို အကူအညီပေးရန်အတွက် ကုလသမဂ္ဂ အလှူရှင်များ ရန်ပုံငွေတစ်ရပ်စတင်ဖွဲ့စည်းစေလိုကြောင်း နော်ဝေနိုင်ငံက မတ် ၂၃ ရက်တွင် အဆိုပြုခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ခိုင်ခိုင်မာမာမရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဆိုးဆိုးရွားရွားထိခိုက်မှုဖြစ်လာစေမည်ကို စိုးရိမ်ပူပန်မိကြောင်း နော်ဝေ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဝန်ကြီး ဒက်အင်ဂီ အာလ်စတိန်းက ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

နယ်စပ်ဖြတ်ကျော် နိုင်ငံတကာ စုစည်းညီညွတ်ရေးအဖွဲ့အနေဖြင့် ယခင်ကထက် ပိုမိုအရေးကြီးလာကြောင်း၊ ထို့ကြောင့်ပင် ကုလသမဂ္ဂအဖွဲ့အတွင်း၌ ယင်းကဲ့သို့ ရန်ပုံငွေတစ်ရပ်ထူထောင်ရန် ငွေကြေးအရ ပူးပေါင်းပါဝင်ရေးမှာ ကျွန်ုပ်တို့အတွက် အရေးကြီးလာခြင်းဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားခဲ့သည်။

ရန်ပုံငွေကို ဖြစ်နိုင်လျှင် ယခုရက်သတ္တပတ်အတွင်းမှာပင် မြန်မြန်ဆန်ဆန်ထူထောင်သွားနိုင်ရန် မျှော်မှန်းထားကြောင်း နော်ဝေအစိုးရက ပြောကြားခဲ့သည်။

သို့ရာတွင် ရန်ပုံငွေထူထောင်မည့် ငွေကြေးပမာဏနှင့် စပ်လျဉ်း၍ အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိကြောင်း သိရသည်။

အေအက်ဖ်ပီ




နော်ဝေနိုင်ငံ၌ မော်တော်ယာဉ်မောင်းနှင်သူများအား ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ်သံသယရှိသည့်အတွက် ဂျာမနီဝန်ကြီးချုပ် သီးခြားခွဲနေရမည်


ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်

ဘာလင် မတ် ၂၃

ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်၏ ဆရာဝန်တွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိရ၍ ယခုအခါ ဂျာမနီဝန်ကြီးချုပ်သည်လည်း သီးခြားခွဲနေရမည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ စတက်ဖန် ဆီဘတ်က မတ် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အင်ဂျလာမာကယ်ကို ကျန်းမာရေးစစ်ဆေးပေးသည့် ဆရာဝန်တွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိကြောင်း သိရှိရပြီးနောက် အင်ဂျလာမာကယ်သည် ၎င်း၏နေအိမ်အတွင်း၌သာ သီးခြားခွဲနေရန်ဆုံးဖြတ်ခဲ့သည်။ လာမည့်ရက်ပိုင်းအတွင်း အင်ဂျလာမာကယ်ကို ဆေးစစ်မှုပြုလုပ်သွားမည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အင်ဂျလာမာကယ်သည် ရုံးပိုင်းဆိုင်ရာကိစ္စများကို နေအိမ်မှသာ စီမံခန့်ခွဲမှုပြုလုပ်သွားမည်ဖြစ်သည်။ ဂျာမနီနိုင်ငံတွင် လူနှစ်ဦးထက်ပိုကာ စုဝေးခွင့်မရှိကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ သို့သော် နေအိမ်တွင်နေထိုင်ကြသည့် မိသားစုများမှာမူ ခြွင်းချက်အဖြစ်ထားရှိကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၄၁၀၀ ကျော်ရှိလာပြီး မတ် ၂၂ ရက်တွင် သေဆုံးသူ ၉၀ အထိ ရှိလာသည်။

ဆင်ဟွာ

## မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာတွင် ကိုရိုနာဗိုင်းရပ်စ် မတွေ့ရှိရသော်လည်း သီးခြားခွဲနေရဆဲဖြစ်

ကွာလာလမ်ပူ မတ် ၂၃

မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာ မိုဟာမက်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရခြင်း မရှိသော်လည်း နေအိမ်တွင်ပင် သီးခြားခွဲနေရဦးမည်ဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် နိုင်ငံရေးသမားနှင့် မဟာသီယာ မိုဟာမက်တွေ့ဆုံပြီးနောက် ယခုလို သီးခြားခွဲနေရခြင်းဖြစ်ကြောင်း ၎င်း၏ လက်ထောက်ဖြစ်သူက မတ် ၂၂ ရက်တွင် ပြောကြားခဲ့သည်။


မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်

အသက် ၉၄ နှစ်အရွယ် မဟာသီယာမိုဟာမက်သည် ၁၄ ရက်ကြာ စောင့်ကြည့်ခံနေရခြင်းဖြစ်ပြီး ယခုအခါ ၆ ရက်မြောက်သို့ ရောက်ရှိလာပြီဖြစ်သည်။ မဟာသီယာက ၎င်းအနေဖြင့် နေအိမ်တွင်သာနေရခြင်းမှာ ထောင်ကျနေသကဲ့သို့ဖြစ်နေကြောင်း၊ ငြီးငွေ့မှုလျော့ပါးစေရန် စာရေးစာဖတ်လုပ်နေကြောင်း ၎င်း၏ ဖေ့စ်ဘုတ် စာမျက်နှာတွင် ရေးသားခဲ့သည်။ မလေးရှားနိုင်ငံတွင် မတ် ၁၈ ရက်မှစတင်ကာ နှစ်ပတ်တာပိတ်ဆို့ကန့်သတ်မှုများ လုပ်ဆောင်ခဲ့ပြီး မလေးတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားသည်။ ရဲများ၊ ကျန်းမာရေးလုပ်သားများ၊ မလေးရှားတပ်ဖွဲ့ဝင်များကို ကျေးဇူးတင်ကြောင်း မဟာသီယာက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၃၀၆ ဦးရှိပြီး အရှေ့တောင်အာရှနိုင်ငံများတွင် ကူးစက်ခံရမှု အမြင့်ဆုံးလည်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက်မှာ ၁၀ ဦး ရှိကြောင်း သိရသည်။

ကျိုဒိုနယူးစ်

## ပြင်သစ်တွင် ဒဏ်ကြေးများ မြင့်တက်ပြီး ပိတ်ဆို့မှုစည်းမျဉ်းများ တင်းကျပ်

ပါရီ မတ် ၂၃

ပြင်သစ်အစိုးရသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကို ထိန်းချုပ်ရန်အတွက် ပြည်သူများအပေါ် သွားလာလှုပ်ရှားမှုဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ထားရာ ယင်းအချက်များကိုမလိုက်နာဘဲ ချိုးဖောက်သူတို့ကို ဒဏ်ကြေးတိုးမြှင့်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်မတ် ၁၇ ရက်မှစတင်ကာ ပြည်သူများနေအိမ်အတွင်း၌သာနေကြရန် ကန့်သတ်မှုများချမှတ်ခဲ့ပြီး အစားအသောက်ဝယ်ယူရန် နှင့် အခြေခံလိုအပ်ချက်ပစ္စည်းများ ဝယ်ယူရန်၊ ဆေးရုံသွားရန်နှင့် နေအိမ်မှ အလုပ်လုပ်ကိုင်ရန်မဖြစ်သဖြင့် အလုပ်သွားရန်လိုအပ်သူတို့ကိုသာ အပြင်သို့ထွက်ခွင့်ပေးထားသည်။

အိမ်အပြင်ထွက်လျှင် အပြင်ထွက်ရသည့် အကြောင်းအရာကို လျှောက်လွှာတွင်ဖြည့်သွင်းရပြီး ကန့်သတ်ချက်ကို ချိုးဖောက်သူသည် ၁၃၅ ယူရို သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၄၄ ဒေါ်လာ ဒဏ်တပ်ခံရမည်ဖြစ်သည်။

လူများစွာမှာ စည်းမျဉ်းစည်းကမ်းချိုးဖောက်သည့်အတွက် ဒဏ်တပ်ခံရပြီး မတ် ၂၂ ရက်တွင် ၁၅ ရက်တာကာလအတွင်း စည်းကမ်းထပ်ခါထပ်ခါ ချိုးဖောက်လျှင် ယူရို ၁၅၀၀ အထိ ဒဏ်တပ်ခံရမည်ဟု ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောသည်။

ရက်ပေါင်း ၃၀အတွင်း ထပ်ခါထပ်ခါစည်းကမ်းချိုးဖောက်လျှင် ယူရို ၃၇၀၀ ဒဏ်တပ်ခံရမည်ဖြစ်သည်။ ထို့ပြင် ထောင်ဒဏ် ၆လအထိချမှတ်နိုင်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၀၀၀၀ အထိရှိလာ

ဝါရှင်တန် မတ် ၂၃

အမေရိကန်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်မှာ ၃၀၀၀၀ အထိရှိလာကြောင်း အမေရိကန် အစိုးရကပြောကြားခဲ့သည်။

မတ် ၂၂ ရက်က အိမ်ဖြူတော်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ အမေရိကန်သမ္မတ ထရမ့်နှင့် အခြားအရာရှိများ တက်ရောက်ကြပြီး ယင်းသတင်းစာရှင်းလင်းပွဲတွင် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။

မတ် ၂၀ ရက်မှစတင်ကာ အမေရိကန်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်မှာ နှစ်ဆဖြစ်လာခဲ့သည်။ အစိုးရဘက်မှ ပြည်သူများ ဗိုင်းရပ်စ်ကူးစက်ခံရခြင်း ရှိ မရှိ ပိုမိုစစ်ဆေးပေးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်ဟု ဒုတိယသမ္မတက ပြောသည်။

နယူးယောက်နှင့် ဝါရှင်တန်တို့က တောင်းဆိုသည့်အတိုင်း အဓိက ဘေးအန္တရာယ်အဖြစ် ကြေညာရန် သမ္မတ ထရမ့်က အတည်ပြုခဲ့သည်။ ယခုအခါ အဆိုပါ ပြည်နယ်နှစ်ခုတွင် အရေးပေါ် ရန်ပုံငွေအတွက်အသုံးပြုခွင့် ရှိသွားပြီဖြစ်သည်။ ဆေးဘက်သုံး အကာအကွယ်များ၊ လက်အိတ်များ၊ နှာခေါင်းစည်းများ အစရှိသည်တို့ကို နယူးယောက်နှင့် ဝါရှင်တန်တို့ရှိ ကျန်းမာရေးလုပ်သားများထံ ပေးပို့မည်ဖြစ်သည်။


အမေရိကန်တွင် ပြည်သူများ ဈေးဝယ်ယူသိုလှောင်မှုကြောင့် စူပါမားကက်တွင် ကုန်ပစ္စည်းများပြတ်လပ်နေသည်ကို တွေ့ရစဉ်။

ကယ်လီဖိုးနီးယား ပြည်နယ်တွင်လည်း အဓိကဘေးအန္တရာယ်အဖြစ် အိမ်ဖြူတော်က ကြေညာပေးခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ကူညီရန် အမေရိကန်ဒေါ်လာ ၂ ထရီလီယံ သုံးစွဲနိုင်ရေး ထရမ့်အစိုးရအဖွဲ့က စီစဉ်လျက်ရှိသည်။

အမေရိကန် လွှတ်တော်အမတ် ရန်ပေါလ်တွင်လည်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည်။ ပေါလ်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည့် တတိယမြောက် လွှတ်တော်အမတ်လည်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

## ကိုဗစ် -၁၉ကြောင့် အင်ဒိုနီးရှား၌ သေဆုံးသူ ၄၉ ဦးရှိလာ

ဂျကာတာ မတ် ၂၃

ကိုဗစ် -၁၉ကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် သေဆုံးသူ ၄၉ ဦးရှိလာပြီး မတ် ၂၃ ရက်တွင် နောက်ထပ်ကူးစက်ခံရသူ ၆၅ ဦးတွေ့ရှိခဲ့သည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် ရောဂါကူးစက်ခံရသူအရေအတွက်မှာ ၅၇၉ ဦးအထိရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရက မတ် ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ပြန်လည်သက်သာလာသူ ၃၀ ရှိကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ အာမက်ယူရီအန်တိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဂျကာတာမြို့လယ်ရှိ ၂၀၁၈ ခုနှစ်က အာဆီယံအားကစားသမားများထားရှိရန် တည်ဆောက်ခဲ့သည့် အဆောက်အအုံကို ကိုဗစ်-၁၉ ကူးစက်ခံရသူများအတွက် အရေးပေါ်ဆေးရုံအဖြစ် အင်ဒိုနီးရှားအစိုးရက ပြောင်းလဲပေးခဲ့သည်။

မတ် ၂၃ ရက်မှစတင်ကာ အရေးပေါ်ဆေးရုံတွင် လူနာပေါင်း ၂၄၀၀၀ ကို စမ်းသပ်မှုများပြုလုပ်ရန် ရည်ရွယ်ထားသည်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ဆေးရုံတွင် ပြင်ဆင်ထားမှုများကိုလေ့လာခဲ့ပြီး အစိုးရမှ လုံလောက်သည့် ထောက်ပံ့ပေးမှုများပြုလုပ်ပြီးနောက် ကိုဗစ် - ၁၉ လူနာများကို လက်ခံနိုင်မည်ဟု ပြောကြားခဲ့သည်။

မတ်၂၈ ရက်မှစတင်ကာ ဆီဘာရူကျွန်းနှင့် ဂလန်းကျွန်းတို့ကို ဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာများနှင့်စောင့်ကြည့်ခံရသူများထားရှိရာနေရာအဖြစ်အသုံးပြုသွားမည်ဟု ဂျိုကိုဝီဒိုဒိုက အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဆင်ဟွာ

# တိုကျိုအိုလံပစ်ရဲ့ မသေချာမှုနဲ့အတူ အားကစားပြိုင်ပွဲက နုတ်ထွက်သွားတဲ့ ကနေဒါ

*ထွန်းသစ်စ*

**ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် စိုးရိမ်မှုများဖြစ်ပွားနေတဲ့အချိန်မှာ ကနေဒါနိုင်ငံက တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကနေ နုတ်ထွက်လိုက်ပါတယ်။ ဂျပန်ဝန်ကြီးချုပ်ကလည်း နှောင့်နှေးကြန့်ကြာမှုများရှိလာနိုင်တယ်လို့ ဝန်ခံပြောကြားခဲ့ပါတယ်။ ထို့အတူပဲ နိုင်ငံတကာအိုလံပစ်ကော်မတီကလည်း သူ့ရဲ့ ဆုံးဖြတ်ချက်ဟာ လာမည့်ရက်သတ္တပတ်အတွင်းမှာ ထွက်ပေါ်လာနိုင်တယ်လို့ဆိုပါတယ်။**




တိုကျို အိုလံပစ် ၂၀၂၀ ပိုစတာနောက်ခံထားလျက် နှာခေါင်းစည်းတပ်ဆင်ထားသည့် အမျိုးသားတစ်ဦးဖြတ်လျှောက်သွားသည်ကို တွေ့ရစဉ်။

### ရွှေ့ဆိုင်းဖို့စဉ်းစား

ဩစတြေးလျနိုင်ငံက သူ့ရဲ့ အားကစားသမားတွေကို လာမယ့် ၂၀၂၁ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲတွေအတွက် ကြိုတင်ပြင်ဆင်ထားဖို့ ပြောကြားလိုက်ပါတယ်။ တိုကျို အိုလံပစ်အားကစားပြိုင်ပွဲတွေဟာ ပုံမှန်အားဖြင့်တော့ ဇူလိုင် ၂၄ ရက်မှာ စတင်ဖို့ အစီအစဉ်ရေးဆွဲထားပါတယ်။ သို့သော်လည်းပဲ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုက အတိုင်းအဆမရှိ ပျံ့နှံ့နေတော့ အခုကျင်းပမယ့် တိုကျိုအိုလံပစ်အားကစား ပြိုင်ပွဲကို ရွှေ့ဆိုင်းမယ့်သဘော တွေ့နေရပါတယ်။

ဂျပန်အာဏာပိုင်တွေနဲ့ အိုလံပစ်အာဏာပိုင်တွေကတော့ နွေရာသီအားကစားပွဲတွေကို သတ်မှတ်ရက်မတိုင်မီမှာ ကျင်းပဖို့ မဆုတ်မနစ်ကြိုးစားနေကြပါတယ်။ သို့သော်လည်း အားကစားသမားများနဲ့ အားကစားအဖွဲ့အစည်းများကထွက်လာတဲ့ ဝေဖန်မှုတွေကလည်း မကြာသေးမီရက်များအတွင်း တဖြည်းဖြည်းမြင့်တက်လာခဲ့ပါတယ်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံဟာ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကြီးကို ပြီးဆုံးအောင် ဆောင်ရွက်မယ်လို့ ရည်မှန်းချက်ထားကြောင်း၊ သို့သော်လည်း တကယ်လို့ အခြေအနေတွေဆိုးရွားလာခဲ့ပါက ရွှေ့ဆိုင်းဖို့လည်း စဉ်းစားထားကြောင်း ပြောကြားလိုက်ပါတယ်။

### လေ့ကျင့်မှုတွေမဖြစ်နိုင်

ပြိုင်ပွဲများ မကျင်းပဘဲ ရွှေ့ဆိုင်းခြင်းဟာ ဒုတိယအရေးအကြီးဆုံး အလျှော့ပေးလိုက်လျှောချက်ဖြစ်လာနိုင်ကြောင်းနဲ့ ဒါကိုလည်း ရွေးချယ်မှုများထဲက တစ်ခုဖြစ်လာနိုင်ကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီက ပြောပါတယ်။ အိုလံပစ်ကော်မတီရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ဟာ ရက်သတ္တလေးပတ်အတွင်း ထွက်ရှိလာမှာဖြစ်ပါတယ်။

လူသားတွေရဲ့ဘဝဟာ အားကစားပြိုင်ပွဲများကျင်းပခြင်းအပါအဝင် အရာအားလုံးထက် ဦးစားပေးရမယ့်သဘောဖြစ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘာ့ချ်က အားကစားသမားများထံပေးပို့သော အိတ်ဖွင့်ပေးစာမှာ ရေးသားဖော်ပြလိုက်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး တားမြစ်ကန့်သတ်မှုတွေ ပြုလုပ်ပြီးနောက်ပိုင်းမှာ အားကစားသမားတွေနဲ့ အားကစားအဖွဲ့အစည်းတွေရဲ့ ဝေဖန်မှုတွေကလည်း မြင့်တက်လာပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အားကစားပြိုင်ပွဲအစီ အစဉ်တွေပျက်ပြီး လေ့ကျင့်မှုတွေလည်း မဖြစ်နိုင်တော့တဲ့ အနေအထားဖြစ်ပါတယ်။

### ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ ထွက်ပေါ်လာ

ကနေဒါဟာ ဒီကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကို ကျယ်ပြန့်တဲ့အသိုက်အဝန်းတွေအထိ ထူးခြားစွာ သတိပေးခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ အိုလံပစ် နဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေဆီကနေ နှုတ်ဆက်ထွက်ခွာသွားတဲ့ ပထမဆုံးနိုင်ငံဖြစ်လို့ပါပဲ။ ပြီးတော့လည်း ဒီအိုလံပစ်အားကစားပြိုင်ပွဲကို နောက်နှစ်အထိ ရွှေ့ဆိုင်းဖို့ တိုက်တွန်းခဲ့ပါတယ်။

ဒီကိစ္စဟာ အားကစားသမားတွေရဲ့ ကျန်းမာရေးတစ်ခုတည်းအတွက် သာမဟုတ်ပါဘူး။ ဒါဟာ ပြည်သူ့ကျန်းမာရေးအတွက်ဖြစ်ပါတယ်လို့ ကနေဒါအိုလံပစ် ကော်မတီက ပြောပါတယ်။

ကိုဗစ်-၁၉ အန္တရာယ်နဲ့ ဆက်စပ်ကျန်းမာရေးအန္တရာယ်များက ကျွန်တော်တို့ အားကစားသမားတွေရဲ့ အသက်အန္တရာယ်လုံခြုံရေးကို ထိခိုက်စေပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် အားကစားသမားတွေအတွက် မလုံခြုံပါဘူး။ ထို့အတူပဲ သူတို့မိသားစုရဲ့ ကျန်းမာရေးနဲ့ လုံခြုံစိတ်ချရေးအတွက်လည်း အန္တရာယ်ရှိလာနိုင်ပါတယ်။ ကနေဒါအားကစားသမားအများစုကတော့ ဒီပွဲကို ပါဝင်ဆင်နွှဲဖို့ လေ့ကျင့်မှုတွေ ဆက်လုပ်နေပါတယ်။

ကမ္ဘာတစ်ဝန်းကျန်းမာရေးအခြေအနေနဲ့ အိုလံပစ်အားကစားပွဲတော်အပေါ် အကျိုးသက်ရောက်နိုင်မှုနဲ့ပတ်သက်ပြီး နိုင်ငံတကာ အိုလံပစ်ကော်မတီက ရွှေ့ဆိုင်းမှုအပါအဝင် အသေးစိတ်ညှိနှိုင်းမယ်လို့ သတိပေးနေတဲ့ကြားက ကနေဒါနိုင်ငံက ဒီပွဲက ထွက်ခွာသွားပြီဖြစ်ပါတယ်။ အိုလံပစ်ကော်မတီရဲ့ ဆုံးဖြတ်ချက်က နောက်ထပ် ရက်သတ္တလေးပတ်အတွင်းမှာ ထွက်ပေါ်လာမှာဖြစ်ပါတယ်။

### ဖိအားတွေနဲ့ ရင်ဆိုင်

နိုင်ငံတကာ အိုလံပစ်ကော်မတီရဲ့ ဆုံးဖြတ်ချက် ထွက်ပေါ်လာမယ့်အချိန်နဲ့ ပတ်သက်ပြီး ဝေဖန်မှုများလည်း ရှိနေပါတယ်။ ဗြိတိန် ကမ္ဘာ့မီတာ ၂၀၀ ချန်ပီယံ ဒိုင်နာအာရှာစမစ်ကတော့ ဒီလိုမျိုး နောက်ကျမှ ထွက်ပေါ်လာမယ့် ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး သိပ်အဆင်မပြေဘူးလို့ ပြောပါတယ်။ စောင့်ရဦးမယ်လို့ ပြောလိုက်တာကြောင့် အားကစားသမားတွေဟာ နောက်ထပ် ရက်သတ္တလေးပတ်လောက် လေ့ကျင့်မှုမှာ အဆင်ပြေဖို့ နည်းလမ်းတွေ ရှာရဦးမယ်။ အားကစားသမားတွေ၊ နည်းပြတွေ၊ ထောက်ပံ့ပေးနေသူတွေနဲ့ အားကစားချစ်မြတ်နိုးသူတွေလည်း ဘယ်လိုပဲဖြစ်ဖြစ် ရက်ရွှေ့ဆိုင်းဖို့လုပ်ရမှာပဲလို့ သူက ဆက်လက်ပြောလိုက်ပါတယ်။

ဒီလိုမျိုးနောက်ကျတဲ့ ဆုံးဖြတ်ချက်ကြောင့် အဆင်မပြေမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်လို့လည်း အာရှာစမစ်က ဆက်လက်ပြောကြားလိုက်ပါတယ်။ မိမိအနေနဲ့ကတော့ သူတို့တွေ တိုကျိုအိုလံပစ်ပွဲတော်ကို ၂၀၂၁ ခုနှစ်အထိ ရွှေ့ဆိုင်းဖို့ ကြေညာသင့်တယ်လို့ ပြောကြားလိုက်ပါတယ်။

နိုင်ငံတကာ အိုလံပစ်ကော်မတီဟာ တိုကျိုအိုလံပစ်ဂိမ်းတွေနဲ့ ပတ်သက်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်ချဖို့ အဓိကတာဝန်ရှိနေပါတယ်။ ထို့အတူပဲ နိုင်ငံတကာ အိုလံပစ်ကော်မတီဟာ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေတာနဲ့ ပတ်သက်ပြီး ဖိအားတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။

### စိန်ခေါ်မှုတွေဖြစ်စေ

ကိုရိုနာဗိုင်းရပ်စ်ဟာ အခုဆိုရင် နိုင်ငံပေါင်း ၁၈၆ နိုင်ငံအထိ ပျံ့နှံ့လျက်ရှိပြီး လူပေါင်း ၂၉၄၁၁၀ အထိ ကူးစက်ပျံ့နှံ့လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေမှာလည်း ၁၂၉၄၄ ဦးအထိ သေဆုံးခဲ့ပြီဖြစ်ပါတယ်။ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲတွေကို ရွှေ့ဆိုင်းဖို့ဆိုတာ အတော်ကို ရှုပ်ထွေးလှပါတယ်။ ကျင်းပဖို့နေရာအခက်အခဲ၊ များစွာသော ဟိုတယ်တွေဟာလည်း ညဘက်ကို ကြိုတင်မှာယူထားတာတွေရှိနေသလို နိုင်ငံတကာအားကစားပြိုင်ပွဲရက်တွေဟာလည်း ကျပ်နေတာတွေကို တွေ့ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဩစတြေးလျအိုလံပစ်တာဝန်ရှိသူတွေကတော့ "ဒါကရှင်းပါတယ်၊ တိုကျိုအားကစားပြိုင်ပွဲတွေကို စီစဉ်ထားတဲ့အတိုင်း ရှေ့တိုးကျင်းပလို့လည်း မရတော့ဘူးဆိုတော့ အားကစားသမားတွေကို နောက် တစ်နှစ်အတွက် ကြိုတင်ပြင်ဆင်ထားဖို့ ပြောလိုက်သင့်တယ်"လို့ ပြောပါတယ်။

မိမိတို့ရဲ့ အားကစားသမားတွေအနေနဲ့ လေ့ကျင့်မှုနဲ့ ပြင်ဆင်မှုတွေ လုပ်ဆောင်တဲ့အခါမှာ အပြုသဘောဆောင်တဲ့စိတ်နဲ့ လုပ်ဆောင်လျက်ရှိပါတယ်။ သို့သော်လည်း ဖိအားများနဲ့ မသေချာမှုတွေက သူတို့အတွက် စိန်ခေါ်မှုတွေ ဖြစ်စေပါတယ်လို့ ဩစတြေးလျအိုလံပစ်တာဝန်ရှိသူ အီရန်ချက်စတာမင်းန်က ပြောပါတယ်။

### ဆက်လက်စောင့်ကြည့်

အမေရိကန်ပြေးခုန်ပစ်ချန်ပီယံသူရဲကောင်း ကားလ်လူးဝစ်က တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ရွှေ့ဆိုင်းဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးကို ခြိမ်းခြောက်လျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ တိုကျိုအိုလံပစ်အားကစားပွဲတော်ကိုလည်း ဆိုးကျိုးသက်ရောက်နိုင်စေပါတယ်။ အခုလို ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ဆောင်ရွက်မှုတွေပြုလုပ်နေတာတောင် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း မီးရှူးတိုင်ထွန်းညှိရာသို့ လူပေါင်း ၅၀၀၀၀ ထက်မနည်း လာရောက်ခဲ့ကြပါသေးတယ်။

ဘယ်လိုပဲဆိုစေ အခုလိုကမ္ဘာတစ်ဝန်းလုံး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ ကနေဒါနိုင်ငံအနေနဲ့ အိုလံပစ်အားကစားပြိုင်ပွဲက ထွက်ခွာသွားတာဟာ တခြားအိုလံပစ် အားကစားပြိုင်ပွဲဝင်နိုင်ငံတွေကိုလည်း သတိပေးတပ်လှန့်သလို ဖြစ်ခဲ့ရပါတယ်။ ဘယ်လိုပဲ ကျင်းပမယ်လို့ ဆိုဆို နိုင်ငံတကာအိုလံပစ်ကော်မတီရဲ့ ဆုံးဖြတ်ချက်ကတော့ နောက်ထပ် ရက်သတ္တပတ်အနည်းငယ်မှ ထပ်မံထွက်ပေါ်လာမှာဖြစ်ပါတယ်။ အဲဒီအချိန်ကျတော့ ဘာတွေဘယ်လို ဆက်ဖြစ်လာမလဲဆိုတာ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### ကိုဗစ် -၁၉ နှိမ်နင်းရေး အမေရိကန်၏အကူအညီပေးရန်ကမ်းလှမ်းမှုကို အီရန်ငြင်းဆို

**တီဟီရန် မတ် ၂၃**

အီရန် ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီခါမေနီသည် အီရန်နိုင်ငံ၌ ကိုဗစ် -၁၉ နှိမ်နင်းရေးအတွက် အကူအညီပေးမည်ဟု အမေရိကန်၏ ကမ်းလှမ်းမှုကို မတ် ၂၂ ရက်က ငြင်းဆိုလိုက်ကြောင်း သိရသည်။

အမေရိကန်အရာရှိများသည် အီရန်သို့ ဆက်တိုက်ဆိုသလို သတင်းပေးပို့ခဲ့ကြောင်း၊ သို့သော် အီရန်သည် အမေရိကန်ကို မယုံကြည်သည့်အတွက် အကူအညီကို လက်မခံခဲ့ကြောင်း ခါမေနီက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်အတွက် နိုင်ငံအတွင်း ရှားပါးပြတ်လပ်မှုများနှင့် ကြုံတွေ့နေရကြောင်း အီရန်ခေါင်းဆောင်က ဆက်လက်ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် အဆိုးရွားဆုံးနိုင်ငံထဲမှတစ်ခုဖြစ်သည်။ အီရန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်မှာ ၂၀၀၀၀ ရှိသည်။

ဆင်ဟွာ

### ကမ္ဘောဒီးယားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ကူညီအားဖြည့်ရန် တရုတ်အစိုးရက ပညာရှင်အဖွဲ့စေလွှတ်

**ပေကျင်း မတ် ၂၃**

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ဆောင်ရွက်နေမှုများကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်အစိုးရက ကပ်ရောဂါတိုက်ဖျက်ရေး ပညာရှင်အဖွဲ့ကို စေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကိန်းစွမ်က မတ် ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ကပ်ရောဂါတိုက်ဖျက်ရေး ပညာရှင်အဖွဲ့ကို တရုတ်အမျိုးသားကျန်းမာရေး ကော်မရှင်က ဖွဲ့စည်းလိုက်ပြီး ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျန်းမာရေးကော်မရှင်၏ ရွေးချယ်မှုဖြင့် မတ် ၂၃ ရက်တွင် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေး ဆောင်ရွက်ရန်အတွက် စေလွှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



## စစ်ကိုင်းတိုင်းဒေသကြီး၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**မုံရွာ မတ် ၂၃**

COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများက ပူးပေါင်းပါဝင်လှုဒါန်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က COVID-19 ရောဂါ သံသယလူနာများ တွေ့ရှိပါက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးမှစ၍ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများသို့ အဆင့်ဆင့် သတင်းပို့ခြင်းများ လိုအပ်ကြောင်း၊ COVID-19 ရောဂါနှင့်ပတ်သက်ပြီး မပေါ့ဆရန်နှင့် အချိန်မရွေး၊ နေရာမရွေးတစ်ပြိုင်နက်တည်း အုံလိုက်ကျင်းလိုက် ဖြစ်နိုင်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း COVID-19 ရောဂါ စောင့်ကြည့်ရေးလုပ်ငန်းများကို ကော်မတီဖွဲ့စည်း ထားပြီး ဖြစ်သလို တိုင်းဒေသကြီးအဆင့် Technical Working Group ကို ဖွဲ့စည်းပြီး အချိန်နှင့်တစ်ပြေးညီ ရောဂါကို စီမံခန့်ခွဲနိုင်အောင် တိုင်းဒေသကြီးအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အစိုးရနှင့်ပြည်သူ လက်တွဲညီညီဆောင်ရွက်မှသာလျှင် ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူထောက်ပံ့နိုင်ရေးကိုလည်း ကြိုတင်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းနှင့် နယ်မြေဒေသအခြေအနေပေါ်မူတည်၍ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို သက်ဆိုင်ရာဒေသမှ တာဝန်ရှိသူများနှင့်အတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းက အမှာစကား ပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မိမိတို့၏ လုပ်ဆောင်ချက်၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အလှူရှင် ဦးမျိုးဝင်းလေးက COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို တိုင်းဒေသကြီး လူမှုရေး ဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ပဲခူးတိုင်းဒေသကြီး၌ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့က COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ **(အောက်ပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက COVID-19 ရောဂါသည် ကမ္ဘာ့ကပ်ရောဂါတစ်ခု ဖြစ်ပြီး မိမိတို့နိုင်ငံသို့လည်း အချိန်မရွေး ဝင်ရောက်ဖြစ်ပွားနိုင်ခြေရှိသည်ကို သတိပြုနိုင်စေရန် အသိပေးထားပြီးဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားလာပါက ပဲခူးမြို့တွင် ပဲခူးမြို့နယ်၊ ကလိခြောက်ထပ်ဆေးရုံ အနောက်ဘက်ရှိတိုင်းဒေသကြီး ကုသရေးဦးစီးဌာနရုံး အဆောက်အအုံအသစ်ကို လျာထားပြီး လိုအပ်သည့် ရေ၊ မီး၊ လမ်းများ ချက်ချင်းရရှိနိုင်ရန် ကြိုတင်စီစဉ်ထားပြီးလည်းဖြစ်ကြောင်း၊ ပြည်မြို့ရှိ ပြည်သူ့ဆေးရုံနှင့် တောင်ငူမြို့ရှိ တောင်ငူဆေးရုံကြီးများတွင်လည်း သံသယလူနာ ရောက်ရှိလာပါက လူနာထားရှိရမည့် အဆောင်များလည်း ကြိုတင်စီမံထားရှိပြီး ဖြစ်ကြောင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှလည်း လိုအပ်သည့် ဝန်ထမ်းအင်အားစာရင်း၊ ဆေးပစ္စည်းနှင့် ကူးစက်ရောဂါကုသရေးလုပ်ငန်းသုံးပစ္စည်း လိုအပ်ချက်များကို တင်ပြတောင်းခံထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ COVID - 19 ရောဂါနှင့်ပတ်သက်၍ စီမံဆောင်ရွက်ရမည့်ကော်မတီများအား တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်မှ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းကြရန်၊ ကမ္ဘာ့ကပ်ရောဂါအဆင့် ဖြစ်နေ၍ ပြည်သူအားလုံး ကျန်းမာရေးအသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုထိရောက်သော ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးနှင့် တာဝန်ရှိသူတို့က COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များကိုလည်းကောင်း၊ COVID-19 ရောဂါ ကြိုတင်ကာကွယ်ခြင်းအတွက် ကော်မတီဝင် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ အများပြည်သူ သိရှိနိုင်ရေး ကြေညာဆိုင်းဘုတ်များ စိုက်ထူ ပညာပေးရန်နှင့် ဘာသာရေးနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများနှင့် ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ ဆရာတော်၊ သံဃာတော်များ သိရှိနိုင်စေရေး အခြေအနေများကိုလည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ကလိခြောက်ထပ်ဆေးရုံ အနောက်ဘက်ရှိ တိုင်းဒေသကြီး ကုသရေးဦးစီးဌာန ရုံးအဆောက်အအုံအသစ်တွင် COVID-19 ရောဂါ စောင့်ကြည့်လူနာ၊ သံသယလူနာများ ရောက်ရှိလာပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာနိုင်ငံ၏ စီမံကိန်း ၂၂ ခုအတွက် တရုတ်နိုင်ငံမှ ရန်ပုံငွေလွှဲပြောင်း

**နေပြည်တော် မတ် ၂၃**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၀) ဖြင့် မြန်မာနိုင်ငံ ဝန်ကြီးဌာန ၁၀ ခုမှ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိသော စီမံကိန်း ၂၂ ခုအတွက် ရန်ပုံငွေ လွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက် လက်မှတ်ရေးထိုးကြသည်။

**(အောက်ပုံ)**

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီမံကိန်းအကောင်အထည်ဖော်မည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




တရုတ်နိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် စီမံကိန်း ၂၂ ခုအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းကျော်ကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ သုတေသန၊ သတင်းအချက်အလက် နည်းပညာ၊ တရားဥပဒေစိုးမိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တို့တွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ (၂၀၁၇) ဖြင့် စီမံကိန်း ၁၀ ခုအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်း ကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ (၂၀၁၈)ဖြင့် စီမံကိန်း ၁၉ ခုအတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်းကို လည်းကောင်း မြန်မာနိုင်ငံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် မစ္စတာလီခချန်း၏စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်နေ့သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ (၄) နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အောက်တွင် ပေါင်းစည်း ဆက်နွယ်ရေး၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဟူသည့် ဦးစားပေးနယ်ပယ် ငါးခုဖြင့် စတင်ပူးပေါင်းဆောင်ရွက်လျက်ရှိခဲ့ရာမှ နောက်ပိုင်းတွင် မဲခေါင်ဒေသ၏ လိုအပ်ချက်များအရ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင်လည်း တိုးချဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## စလင်းမြို့နယ်ရှိ ကူတို-ဖောင်းလင်းလမ်းကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်

**ရန်ကုန် မတ် ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကူတို-ဖောင်းလင်းလမ်း ၆ မိုင် ၄ ဖာလုံသည် ကူတိုကျေးရွာမှစ၍ ဖောင်းလင်းကျေးရွာတွင်ဆုံးပြီး ကြားတွင် အင်းပုတ်ရွာ၊ မကျီးပင်ရွာတို့ရှိသည်။ ယင်းလမ်းကို မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူ၍ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ယင်းလမ်းသည် အင်္ဂလိပ်ခေတ်မှ ဖောက်လုပ်ခဲ့သော လမ်းဖြစ်ပြီး လမ်းနယ် အကျယ်ပေ ၁၀၀ သတ်မှတ်ထားခဲ့သည်။ အဆိုပါ ကျေးလက်လမ်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူခဲ့ပြီး ထိုနှစ်တွင် ကျောက်လမ်းပေ ၃၆၀၀၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျောက်လမ်းပေ ၁၀၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောက်လမ်း ၁ မိုင် ၄ ဖာလုံတို့ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ စလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရေပေါက်တံတား သုံးစင်းနှင့် လမ်း ၃ မိုင် ၃ ဖာလုံကို ကတ္တရာခင်းရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးလက်လမ်းပြီးသွားလျှင် ဒေသတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၂၅ ရွာ၊ အိမ်ခြေ ၅၀၈၀၊ လူဦးရေ ၂၆၀၇၇ ဦးအပါအဝင် ရောဝတီမြစ်နားရှိ ကျေးရွာများ စလင်းမြို့သို့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်ကြတော့မည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**

## ဂျပန်နိုင်ငံမှပညာရှင်များ ဟားခါးမြို့၌ မြေပြိုဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လေ့လာ

ဟားခါး မတ် ၂၃

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ဂျိုက်ကာ (JICA) အဖွဲ့တို့ ပူးပေါင်း၍ ချင်းပြည်နယ် ဟားခါးမြို့အတွင်း မြေပြိုဘေး အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ် ၂၁ ရက်က ဂျပန်နိုင်ငံ JICA မှ ပညာရှင်များ ကွင်းဆင်းလေ့လာခဲ့ကြသည်။



အဆိုပါအဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ချင်းပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဟားခါးမြို့အတွင်း မြေပြိုဘေး အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်သင့်သည့်အရာများ၊ ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာပေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ မြေပြိုဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များ မကျရောက်မီ၊ ကျရောက်ဆဲ၊ ကျရောက်ပြီးနောက် ဒေသအခြေအနေနှင့်ကိုက်ညီမည့် ဆောင်ရွက်ရန်အချက်များကို ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှူး ဦးခုတ်ကန်းကျင့်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး (**အပေါ်ပုံ**) အဆိုပါရုံးအတွင်း ထားရှိသည့် မိုးလေဝသစခန်း တိုင်းတာရေးပစ္စည်းများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဂျပန်နိုင်ငံ JICA အဖွဲ့မှ ဟားခါးမြို့တွင် မြေပြို ဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အာရုံခံစက်နှစ်လုံးကို ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်နှင့် ဟားခါးထာရ် မြို့သစ်ရပ်ကွက်တို့တွင် နှစ်နေရာ တပ်ဆင်ထားရှိပြီး အာရုံခံစက် နှစ်လုံးကို ထပ်မံထားရှိနိုင်ရေး ဒုတိယအကြိမ်ကွင်းဆင်းလေ့လာခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်က ဟားခါးမြို့တွင် မြေပြိုဘေးဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များနှင့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ မိုးရေချိန်မှတ်တမ်းများအပေါ် အခြေခံ၍ မြေပြိုဘေးနှင့်ပတ်သက်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြေပြိုဘေးကျရောက်နိုင်သည့် အခြေအနေများတွင် ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရေး၊ သတင်းအချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေး သက်ဆိုင်ရာ အစိုးရအဖွဲ့၊ တာဝန်ရှိသော ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ JICA မှ Hayato Nakamura (Project Formulation Advisor) က ရှင်းလင်းပြောကြားခဲ့သည်။

**မြင့်နိုင်စိုး (ပြန်/ဆက်)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ပင်စင်စားများ နီးစပ်ရာဘဏ်များတွင် ထုတ်ယူနိုင်

ရန်ကုန် မတ် ၂၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ မိဘပင်စင်စားများအနက် မြို့တော်ခန်းမရှိ ဘတ်ဂျက်နှင့် ငွေစာရင်းဌာနတွင် လစဉ်ငွေသားများ ထုတ်ယူနေကြသည့်ပင်စင်စားများသည် ၂၀၂၀ ပြည့်နှစ် မတ်လ ပင်စင်လစာငွေကို ၂၄-၃-၂၀၂၀ မှ စတင်၍ ၂၉-၄-၂၀၂၀ ရက်အထိ လစာထုတ်ရက်နှင့် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပင်စင်လစာများသည် လစဉ်ငွေသားနှင့် လာရောက်ထုတ်ယူနေခြင်းအစား ရန်ကုန်မြို့တော်ဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေစုစာရင်းဖွင့်လှစ် ထည့်သွင်း၍ မိမိလိုအပ်ချိန်တွင် အဆိုပါငွေစုစာရင်းမှ ထုတ်ယူခြင်းကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဘဏ်တွင် ATM စာရင်းဖွင့်လှစ်၍ မိမိနှင့်နီးစပ်ရာ မည်သည့်ဘဏ်၏ ATM စက်များတွင်မဆို ထုတ်ယူခြင်းဖြင့် လည်းကောင်း ပြောင်းလဲဆောင်ရွက်မည်ဆိုပါက မြို့တော်ခန်းမသို့ လာရောက်ထုတ်ယူခြင်းဖြင့် အချိန်ကုန် လူပင်ပန်းသည့်ဒုက္ခ ကင်းဝေးစေမည်ဖြစ်ပြီး မိမိလိုအပ်ချိန်တွင် လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်သည့်အပြင် မထုတ်ယူဘဲ စုဆောင်းထားမည်ဆိုပါက ဘဏ်၏ သတ်မှတ်အတိုးနှုန်းကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကမ္ဘာတစ်ဝန်းဖြစ်ပေါ် ပျံ့နှံ့လျက်ရှိသော COVID-19 ရောဂါကာကွယ်နိုင်ရေးအတွက် လူစုလူဝေးမဖြစ်စေရန် ပင်စင်လစာ စတင်ထုတ်ပေးသည့် ၂၄-၃-၂၀၂၀ ရက်မှစ၍ သုံးရက်အတွင်း စုပြုံထုတ်ယူခြင်း မပြုကြဘဲ လစာထုတ်ရက်နှင့် အစိုးရရုံးပိတ်ရက်များမှအပ ၂၄-၃-၂၀၂၀ မှ ၂၉-၄-၂၀၂၀ ရက်အထိ ကာလတွင်း မိမိအဆင်ပြေသည့်ရက်များတွင် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**အာကာစိုး**

## အာဟာရပြည့်ဝ၍ ဘေးကင်းလုံခြုံစိတ်ချရသည့် အရည်အသွေး ပြည့်မီသော စားသောက်ကုန်များ ထုတ်လုပ်ရေးဆွေးနွေး

နေပြည်တော် မတ် ၂၃

ဥရောပသမဂ္ဂအဖွဲ့အစည်း အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် အာဟာရကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး သဘောတူညီချက် (NSRC) စီမံကိန်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ မတ်လတတိယပတ်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် အဆိုပါစီမံကိန်း၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ အဖွဲ့အစည်းမှ Mr. Niels Morel ဦးဆောင်သောအဖွဲ့ (FAO Project Formulation Team) သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ လာရောက်ဆွေးနွေးရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သုတေသနပညာရှင်များက လက်ခံတွေ့ဆုံသည်။

ဆွေးနွေးပွဲတွင် အာဟာရပြည့်ဝ၍ ဘေးကင်း လုံခြုံစိတ်ချရသည့် အရည်အသွေးပြည့်မီသော စားသောက်ကုန်များ ထုတ်လုပ်ရေးနှင့် အသိပညာတိုးပွားရေးတို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လျာထားချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စီမံကိန်းဧရိယာများဖြစ်သည့် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် စိုက်ပျိုးရေးဦးစီးဌာန (DOA) တို့မှ မျိုးဆက်သစ် ပညာရှင်များ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချရေးနှင့် လက်တွေ့သုတေသနများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ စီမံကိန်းဧရိယာအတွင်းရှိ လုပ်ကွက်ငယ် တောင်သူများအား အာဟာရပြည့်ဝ၍ ဘေးကင်းလုံခြုံစိတ်ချရသည့် အရည်အသွေးပြည့်မီသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပဲမျိုးစုံ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် စိုက်ပျိုးရေးစနစ်များ ကျင့်သုံးနိုင်ရေးတို့အတွက် လိုအပ်သည့် မျိုး၊ နည်းပညာများ ထောက်ပံ့ပေးရေးနှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချရေးတို့ကို အဓိကထား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



အာဟာရကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး သဘောတူညီချက် (NSRC) စီမံကိန်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

**မေမိုးသဲ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | - |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | - |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၁၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၀/၅၇၀ | ကျပ် | ၅၆၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၀/၅၈၅ | ကျပ် | ၅၇၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၉၀/၄၇၀ | ကျပ် | ၄၉၀/၅၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၃၀/၆၀၅ | ကျပ် | ၆၄၅/၆၆၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၁ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၅ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၅၂ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၀ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၂၀ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၁၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၀၉၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၁၄၀၀ | ၁၅၄၀၀၀၀၀ |
| MTSH | ၃၉၀၀ | ၃၈၀၀ | ၃၂၈၃ | ၁၂၅၇၂၇၀၀ |
| MCB | ၈၅၀၀ | ၈၅၀၀ | ၁ | ၈၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂ | ၄၄၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၇ | ၁၉၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ခုခံအားကျဆင်းမှုရောဂါပိုးရှိသူများနှင့် ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

**အခန်း (၉)**

**တားမြစ်ချက်များ**

၁၉။ မည်သူမျှ ရောဂါပိုးရှိသူ သို့မဟုတ် ဆက်နွယ်ထိခိုက်ခံရသူ သို့မဟုတ် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူ တစ်ဦးဦးကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အောက်ပါပြုမူလုပ်ဆောင်ချက်တစ်ရပ်ရပ်ကို မပြုရ–

(က) ကျန်းမာရေးဝန်ဆောင်မှုပေးရန် ငြင်းဆိုခြင်း၊ ကန့်သတ်ခြင်းနှင့် ရပ်စဲခြင်း၊

( ခ ) သီးခြားထားခြင်း၊ ခွဲခြားထားခြင်း၊

( ဂ ) ကျန်းမာရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အဖိုးအခကို သတ်မှတ်နှုန်းထက်ပို၍ တောင်းခံခြင်း။

၂၀။ မည်သူမျှ ရောဂါပိုးရှိသူ သို့မဟုတ် ဆက်နွယ်ထိခိုက်ခံရသူ သို့မဟုတ် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူ တစ်ဦးဦးကို –

(က) အလုပ်အကိုင်နှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီက သတ်မှတ်ထားသော ဌာနများမှတစ်ပါး အောက်ပါပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ –

(၁) အလုပ်ခန့်အပ်ရန် ရွေးချယ်မည့် အစီအစဉ်နှင့် ကြော်ငြာများတွင် သီးခြားဖော်ပြခြင်း၊

(၂) အလုပ်အကိုင်အတွက် သီးခြားစည်းကမ်းသတ်မှတ်ချက်များ ဖော်ပြခြင်း၊

(၃) အလုပ်ခန့်အပ်ရန်ငြင်းဆန်ခြင်း၊ အလုပ်မှရပ်စဲခြင်း၊ လုပ်ငန်းခွင်မှ အတင်းအကျပ် ပြောင်းခိုင်းခြင်း၊ ရာထူးတိုးပေးရန် ငြင်းဆန်ခြင်း၊ သင်တန်းတက်ရောက်ခွင့် မပြုခြင်းနှင့် တရားဝင်အကျိုးခံစားခွင့်များကို အာမခံရန် ပျက်ကွက်ခြင်း၊

( ခ ) ပညာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါပြုမူ ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ –

(၁) ကျောင်းအပ်ခြင်း သို့မဟုတ် ဝင်ခွင့်လျှောက်ထားခြင်းကို ကန့်သတ်ခြင်း၊ ငြင်းပယ်ခြင်း၊

(၂) အကျိုးခံစားခွင့်၊ ဝန်ဆောင်မှု သို့မဟုတ် အထောက်အပံ့ပစ္စည်းအား ရယူအသုံးပြုခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် အကန့်အသတ်ဖြစ်စေခြင်း၊

(၃) သီးသန့်ခွဲခြားထားခြင်း၊ ချန်လှပ်ထားခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း၊

(၄) ရောဂါပိုးစစ်ဆေးပေးရန်နှင့် စစ်ဆေးမှုရလဒ်ပေးရန် တောင်းဆိုခြင်း။

( ဂ ) အချုပ်ခန်း သို့မဟုတ် အကျဉ်းထောင်များတွင် အောက်ပါပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ –

(၁) လုပ်ထုံးလုပ်နည်းများမှ ကျော်လွန်၍ ကန့်သတ်ခြင်း၊

(၂) လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိခံစားခွင့်ကို ငြင်းပယ်ခြင်း၊ ကန့်သတ်ခြင်း၊

(၃) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိခံစားခွင့်ကို ငြင်းပယ်ခြင်း၊ ကန့်သတ်ခြင်း၊

(၄) အချုပ် သို့မဟုတ် ထောင်ဒဏ်ကျခံနေရသူများအား ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွဲခြားထားခြင်း။

(ဃ) ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဧည့်ဂေဟာ၊ အဆောင်၊ သင်တန်းကျောင်းနှင့် အခပေးငှားရမ်းသုံးစွဲသည့် အဆောက်အဦစသည့် နေထိုင်သောနေရာများတွင် နေရာထိုင်ခင်းပေးရန် သို့မဟုတ် ဆက်လက်ပေးအပ်ရန် ငြင်းပယ်ခြင်း မပြုရ။

( င ) လူမှုအသိုက်အဝန်းနှင့်စပ်လျဉ်း၍ အောက်ပါပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ–

(၁) လူမှုအသိုက်အဝန်းတွင် နေထိုင်ခွင့်ပြုရန်နှင့် ဆက်လက်နေထိုင်ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(၂) လူမှုအသိုက်အဝန်းတွင် နေထိုင်ခြင်း သို့မဟုတ် ဆက်လက်နေထိုင်ခြင်းကို ခွင့်ပြုရာ၌ သီးခြားသတ်မှတ်ချက်များထားရှိခြင်း၊

(၃) နေထိုင်ရာနေရာ သို့မဟုတ် လူမှုအသိုက်အဝန်းမှ နှင်ထုတ်ခြင်း၊

(စ) အများပြည်သူနှင့်သက်ဆိုင်သော နေရာဌာနများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုများ ရယူအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ –

(၁) ပေးအပ်ရန် ငြင်းဆန်ခြင်း၊

(၂) သီးခြားစည်းကမ်းများ သတ်မှတ်ခြင်း၊

(၃) အသုံးပြုခြင်းကို ရုပ်သိမ်းခြင်း သို့မဟုတ် ထောက်ပံ့မှုကို လျှော့ချဖြတ်တောက်ခြင်း။

၂၁။ မည်သူမျှ အသက်အာမခံထားရှိခြင်းနှင့်စပ်လျဉ်း၍ ရောဂါပိုးရှိသူအား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းမှတစ်ပါး ခွဲခြားသတ်မှတ်ဆောင်ရွက်ခြင်း မပြုရ။

၂၂။ မည်သူမျှ တစ်ဦးတစ်ယောက်အား ရောဂါပိုးရှိနေသည် သို့မဟုတ် ရောဂါပိုးကြောင့် ဆက်နွယ်ထိခိုက်ခံစားနေရသည်ကို အကြောင်းပြု၍ ကဲ့ရဲ့ပြစ်တင်ခြင်း မပြုရ။

၂၃။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေး ပညာပေးသူသည် –

(က) ရောဂါပိုးနှင့်ဆက်စပ်သော သတင်းအချက်အလက်များကို အောက်ပါအခြေအနေများမှတစ်ပါး ထုတ်ဖော်ပြောဆိုခြင်းမပြုရ –

(၁) သတင်းအချက်အလက်နှင့် ဆက်နွယ်ပတ်သက်နေသူက ၎င်း၏ ဆန္ဒအလျောက် သဘောတူညီချက်ပေးခြင်း။

(၂) ဤဥပဒေနှင့်အညီ ထုတ်ဖော်ပြောဆိုခွင့် ရှိခြင်း။

( ခ ) ပုဒ်မခွဲ (က) (၁) အရ ပေးသော သဘောတူညီချက်ကို စာဖြင့် မှတ်တမ်းတင်ထားရှိရမည်။

၂၄။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးမှုပေးသူသည် တစ်ဦးတစ်ယောက်သောသူ၏ သွေးနမူနာကို ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ သို့မဟုတ် တရားရုံး၏အမိန့်မှတစ်ပါး ထိုသူ၏ ဆန္ဒအလျောက်ပေးသော သဘောတူခွင့်ပြုချက်မရရှိဘဲ ရောဂါပိုး ရှိ မရှိ စစ်ဆေးခြင်း မပြုရ။

၂၅။ မည်သူမျှ–

(က) ရောဂါပိုးကူးစက်မှုအန္တရာယ်လျှော့ချရေးနည်းလမ်းလုပ်ငန်းစဉ်တစ်ရပ်ရပ်တွင် ပါဝင် ဆောင်ရွက်နေသူတစ်ဦးဦးကို ယင်းတာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဖမ်းဆီးခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုရ၊

( ခ ) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲရာတွင် ထိုသူတို့၏ လိင်ဝိသေသ လက္ခဏာနှင့် လိင်စိတ်ခံယူမှု သို့မဟုတ်၊ လိင်လုပ်သားဖြစ်ခြင်း သို့မဟုတ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူဖြစ်ခြင်းကို အကြောင်းပြု၍ ဥပဒေနှင့်အညီမှတစ်ပါး ဖမ်းဆီးခြင်း၊ ထိန်းသိမ်းချုပ်နှောင်ခြင်း၊ တစ်စုံတစ်ရာသော နည်းလမ်းဖြင့် အနှောင့်အယှက်ပေးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုရ။

၂၆။ မည်သူမျှ ရောဂါပိုးနှင့်ဆက်စပ်သော သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ဝေဖြန့်ချီ ခြင်း မပြုရ။

**အခန်း (၁၀)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူ ဆောင်ရွက်ခြင်း**

၂၇။ အခန်း(၉)ပါ ပြုမူဆောင်ရွက်ခြင်း မပြုရမည့် ကိစ္စတစ်ရပ်ရပ်ကို ပြုမူဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကိစ္စရပ်များနှင့်ပတ်သက်၍ နစ်နာသူသည် သက်ဆိုင်ရာ မြို့နယ်ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားနိုင်သည်။

၂၈။ ပုဒ်မ ၂၇ အရ တိုင်ကြားမှုကို လက်ခံရရှိသော မြို့နယ်ကော်မတီသည် လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ပြီး အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –

(က) တိုင်ကြားထားသော ကိစ္စရပ်နှင့်စပ်လျဉ်းသည့် လုပ်ရပ် သို့မဟုတ် အပြုအမူကို ဆက်လက် လုပ်ဆောင်ခြင်း မပြုရန် သတိပေးခြင်း သို့မဟုတ် တားမြစ်ခြင်း၊

( ခ ) အလုပ်အကိုင်ခန့်ထားစေခြင်း၊ အလုပ်အကိုင်ပြန်လည်ခန့်ထားစေခြင်း၊ ရာထူးတိုးမြှင့်ခြင်း သို့မဟုတ် အကျိုးခံစားခွင့်များ ပြန်လည်ရရှိခံစားစေခြင်း၊

( ဂ ) ဤဥပဒေကို ဆန့်ကျင်၍ ချုပ်ဆိုထားသော စာချုပ် သို့မဟုတ် သဘောတူညီချက်အား ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်စေခြင်း။

၂၉။ (က) မြို့နယ်ကော်မတီက ချမှတ်သော အမိန့်ကို ကျေနပ်မှုမရှိသူသည် အမိန့်စာမိတ္တူမှန် ထုတ်ယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီသို့ အယူခံနိုင်သည်။

( ခ ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီသည် မြို့နယ်ကော်မတီ၏အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၀။ (က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီက ချမှတ်သော အမိန့်ကို ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီသို့ အမိန့်စာမိတ္တူမှန်ထုတ်ယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီက ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိသူသည် အမျိုးသားကော်မတီသို့ အမိန့်စာမိတ္တူမှန်ထုတ်ယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

( ခ ) အမျိုးသားကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

( ဂ ) အမျိုးသားကော်မတီ၏ဆုံးဖြတ်ချက်သည်အပြီးအပြတ်ဖြစ်စေရမည်။

၃၂။ ကော်မတီအဆင့်ဆင့်သည် မိမိ၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် လိုက်နာဆောင်ရွက်ခြင်းမပြုသည့် ကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၃၃။ (က) အမျိုးသားကော်မတီသည် ကော်မတီအဆင့်ဆင့်၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမပြုသူအား လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းထံ အမှုတွဲကို လွှဲပြောင်းပေးပို့ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ လွှဲပြောင်းပေးပို့လာသည့် အမှုတွဲကို လက်ခံရရှိသော အစိုးရဌာန အဖွဲ့အစည်းသည် အရေးယူဆောင်ရွက်ပြီးစီးမှုကို အမျိုးသားကော်မတီသို့ ပြန်ကြားပေးရမည်။

**အခန်း (၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၄။ (က) မည်သူမျှ ဤဥပဒေပါ ကိစ္စရပ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းနှင့် သက်သေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းတို့အပေါ် ထိုသူအား ပိတ်ပင်ခြင်း၊ တားဆီးခြင်း၊ ထိခိုက်နစ်နာစေခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။

( ခ ) မည်သူမဆိုပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၂)**

**ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်သုံးစွဲခြင်း**

၃၅။ အမျိုးသားကော်မတီသည် ဤဥပဒေပါလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိနိုင်သည်–

(က) ဝန်ကြီးဌာနမှ ထောက်ပံ့ငွေ၊

( ခ ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ ကူညီပံ့ပိုးထောက်ပံ့ငွေများ၊ လှူဒါန်းငွေများ၊

( ဂ ) အခြားရငွေများ။

၃၆။ အမျိုးသားကော်မတီသည် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမည်။

၃၇။ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုလုပ်ရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အရအသုံးငွေစာရင်း ရှင်းတမ်းများပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြရမည်။

၃၈။ အမျိုးသားကော်မတီသည် ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။

**အခန်း (၁၃)**

**အထွေထွေ**

၃၉။ အမျိုးသားကော်မတီနှင့် ကော်မတီအဆင့်ဆင့်သည် ရောဂါပိုးတားဆီးကာကွယ်ထိန်းချုပ်ရေး သတင်းအချက်အလက်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ လက်လှမ်းမီရောက်ရှိစေရန် ဦးစားပေး ဆောင်ရွက်ရမည်–

(က) ရောဂါပိုးကူးစက်ခံရသူများနှင့် ၎င်းတို့၏မိသားစုများ၊

( ခ ) မူးယစ်ဆေးဝါးသုံးစွဲသူများ၊

( ဂ ) လိင်လုပ်သားများ၊

(ဃ) လိင်တူဆက်ဆံသူများ၊

( င ) လိင်မှတစ်ဆင့် ကူးစက်သော ရောဂါရှိသူများ၊

( စ ) ရွှေ့ပြောင်းလုပ်သားများ၊

(ဆ) ကိုယ်ဝန်ဆောင်များ၊

( ဇ ) ဝေးလံခေါင်ဖျားဒေသတွင် နေထိုင်သူများ၊ လူမှုစီးပွားအခြေအနေအထူးနိမ့်ကျသူများနှင့် အခြားရောဂါပိုးကူးစက်ရန် အခွင့်အလမ်းများသူများ။

၄၀။ တရားသူကြီးသည် ရောဂါပိုးရှိသူနှင့် ဆက်နွယ်ထိခိုက်ခံရသူများနှင့် သက်ဆိုင်သည့် အမှုများတွင် အမှုစစ်ဆေးသည့်နေရာ၌ တရားရုံးဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ တာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ အမှုနှင့်တိုက်ရိုက်သက်ဆိုင်သူများနှင့် ခွင့်ပြုထားသူမှတစ်ပါး အခြားမည်သူမျှ မရှိစေရန် ညွှန်ကြားနိုင်သည်။

၄၁။ အမျိုးသားကော်မတီသည် ရောဂါကျွမ်းနေသူတစ်ဦးကို တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်းသိရှိပါက ထိုသူအား ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ပြစ်ဒဏ်လျှော့ချခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပြုပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ တင်ပြနိုင်သည်။

၄၂။ ဝန်ကြီးဌာနက ခွင့်ပြုထားသော ရောဂါပိုးကူးစက်မှုဆိုင်ရာ အသိပညာပေးခြင်း ဆောင်ရွက်ရာတွင် အသုံးပြုသောပစ္စည်းများ၊ အပြုအမူနှင့် ဝေါဟာရ စကားလုံးများကို ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် အရေးယူခြင်း မရှိစေရ။

၄၃။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကို တရားမကြောင်းအရဖြစ်စေ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခြင်းမပြုရ။

၄၄။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်း တာဝန်ပေးအပ်ခြင်းခံရသော ကော်မတီဝင်တစ်ဦးဦးက ဤဥပဒေပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၅။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သောကော်မတီဝင်များအား ဤဥပဒေအရ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်နေ့ရက်များအတွက် သတ်မှတ်သည့် စရိတ်နှင့်ချီးမြှင့်ငွေတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။

*စာမျက်နှာ ၁၉ သို့*

# ပုဂံဒေသ၌ မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ဘုရားများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်လျက်ရှိ

ညောင်ဦး မတ် ၂၃

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့် တာဝန်ရှိသူများသည် အိန္ဒိယနိုင်ငံ Archeological Survey of India(ASI)မှ Mr. Somla Naik ဦးဆောင်သောအဖွဲ့နှင့်အတူ ပုဂံဒေသ၌ ၂၀၁၆ ခုနှစ် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ရှေးဟောင်းအဆောက်အအုံများဖြစ်သည့် ဘုရား အမှတ်–၂၀၉၅(တန်ဆောင်းဘုရား)၊ ဘုရားအမှတ်– ၁၄၀၁၊ ဘုရားအမှတ်–၁၆၀၀(နတ်လှောင်းကျောင်း)၊ ဘုရားအမှတ်– ၂၀၁၃ (မွန်ဂူ)နှင့် ဘုရားအမှတ်– ၁၂၁၉ (ကျဆင်းဘုရား)တို့၌ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဖေဖော်ဝါရီလမှ ဇွန်လအထိ ဆောင်ရွက်သွားမည့်လုပ်ငန်းများကို မတ် ၂၀ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဘုရားများအနက် ဘုရားအမှတ်–၂၀၉၅ (တန်ဆောင်းဘုရား)သည် ၁၉၇၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်က လှုပ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ကြောင့် အဆောက်အအုံပိုင်းတွင် ပစ္စယံအဆင့်များမှ အထွတ် စေတီအထိ ပတ်လည်တွင် အက်ကွဲကြောင်းကြီးများ ဖြစ်ပေါ်နေခြင်း၊ တိုက်မ၏အတွင်း အနောက်မြောက်၊ အရှေ့မြောက်နှင့် အရှေ့တောင်ထောင့်နေရာများရှိ ပေါင်းမိုးများ ကျွံကျနေခြင်းနှင့် အုတ်များပြုတ်ထွက်ပျက်စီးနေခြင်း၊ အက်ကွဲကြောင်းကြီးများဖြစ်ပေါ်နေခြင်း စသည့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကာ နံရံဆေးရေးပန်းချီများမှာလည်း မိုးရေစိမ့်ဝင်မှုကြောင့် ပျက်စီးမှုများဖြစ်နေသလို ကွာဟနေရာများ၊ အက်ကြောင်းများနှင့် ငှက်များ၏ မစင်များကြောင့်လည်း ပျက်စီးလျက်ရှိကြောင်း သိရသည်။

ဘုရားအမှတ်–၁၄၀၁ မှာလည်း စုထိုးပေါင်းကူး အမျိုးအစားဖြစ်သဖြင့် ၂၀၁၆ ငလျင်ဒဏ်ကြောင့် အဆောက်အအုံပိုင်းဆိုင်ရာ ထိခိုက်မှု အများအပြားဖြစ်ပေါ်ခဲ့ကြောင်း၊ ကွမ်းတောင်နှင့် အထက်ပိုင်းနေရာများမှာ အောက်သို့အနည်းငယ်နိမ့်ဝင်လျက် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့ပြီး အနောက်ဘက်မုခ်ကပ်အတွင်း ပေါင်းကူးခုံးအလယ်မှ အုတ်များမှာလည်း ပြုတ်ထွက်ပျက်စီးခဲ့ကာ အပေါ်ပစ္စယံအထိ အက်ကြောင်းကြီးများပေါ်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ သိရသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ASI အဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါဘုရားများရှိ အဆောက်အအုံပိုင်းဆိုင်ရာနှင့် အဆင်တန်ဆာ (နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းလက်ရာ)များ၏ ကြွခိုင်မှုထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နေကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်ရန် အရင်းအမြစ်ပစ္စည်းများဖြစ်သည့် ထုံး၊ အုတ်နီမှုန့်နှင့် အခြား တွဲစပ်အသုံးပြုပစ္စည်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေပုံနှင့် လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်ကို ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က လိုက်လံစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကအသုံးပြုရသည့် ထုံးနှင့် အုတ်နီမှုန့်များ၏ အရည်အသွေး ပြည့်မီမှုရှိစေရန် သေချာစွာ အသုံးပြု၍ UNESCO Guidelines နှင့်အညီ ရှေးဟောင်းဘုရားများ ရေရှည်တည်တံ့စေရန် လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ဌာနမှ ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ကာ နည်းစနစ်များကို လေ့လာသင်ယူသင့်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



ပုဂံဒေသ၌ မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ဘုရားတစ်ဆူတွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေစဉ်။

# ချင်းတွင်းမြစ်ကူးတံတားတည်ဆောက်ရေးအတွက် ကွင်းဆင်းတိုင်းတာ

မော်လိုက် မတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ချင်းတွင်းမြစ်ကူးတံတား တည်ဆောက်နိုင်ရေးအတွက် ပဏာမကွင်းဆင်းတိုင်းတာခြင်းကို မတ်လတတိယပတ်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် မော်လိုက်ချင်းတွင်းမြစ်ကူးတံတားတည်ဆောက်မည့် မြေနေရာလျာထားသည့် လောင်းကောင်းကျေးရွာနှင့် ညောင်ပင်သာရပ်ကွက်များသို့ ကွင်းဆင်းတိုင်းတာစိစစ်ခဲ့သည်။

ယင်းပဏာမကွင်းဆင်းတိုင်းတာရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်သိန်း၊ တံတားအထူး(၂)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇေယျာစိုးနှင့် ဝန်ထမ်းများ၊ ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးငွေသိန်းနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ပြည်သူများက ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ညောင်ပင်သာရပ်ကွက်နှင့် အရှေ့ဘက်ကမ်းရှိ လောင်းကောင်းကျေးရွာ မြေနေရာများနှင့် အခြားမြေနေရာများကို ကြည့်ရှုတိုင်းတာခဲ့ကြကြောင်းနှင့် ယင်းတိုင်းတာမှုမှရရှိလာသည့်အချက်များကို စုစည်း၍ အစီရင်ခံစာများပြုစုကာ ချင်းတွင်းမြစ်ကူးတံတားအမြန်ဆုံးပြီးစီးရေး သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မော်လိုက်ချင်းတွင်းမြစ်ကူးတံတားပြီးစီးပါက မော်လိုက်ခရိုင်နှင့် အနီးပတ်ဝန်းကျင်ဒေသတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်ကဏ္ဍအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ မြို့နယ်တွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်များနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများအတွက် များစွာအထောက်ကူဖြစ်လာမည်ဖြစ်ကြောင်း၊ မော်လိုက်ချင်းတွင်းမြစ်ကူးတံတားကို အသုံးပြု၍ ခန္တီး–ဟုမ္မလင်း–ဖောင်းပြင်–မော်လိုက် – ကလေးဝမှတစ်ဆင့် မုံရွာသို့လည်းကောင်း၊ တမူးနယ်စပ်သို့ လည်းကောင်း အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်၍ ကုန်သွယ်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။ **မော်လိုက်သားလေး**

# လှိုင်းဘွဲ့မြို့နယ်အတွင်း ရေရှားပါးပြတ်လပ်ပါက ဆက်သွယ် အကူအညီတောင်းခံနိုင်

လှိုင်းဘွဲ့ မတ် ၂၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီကာလ သောက်သုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်းနံပါတ်နှင့် ဝန်ထမ်းများ၏ ဖုန်းနံပါတ်များသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်၍ အကူအညီများတောင်းခံနိုင်ကြောင်း မြို့နယ်ဦးစီးအရာရှိထံမှ သိရသည်။

နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုများနှင့် ကြုံတွေ့လာပါက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောအောင်မျိုးမြင့်(၀၉–၇၈၄၁၃၄၀၄၆)နှင့် ဝန်ထမ်းများဖြစ်သော ဦးစောသင်းစိန် (၀၉–၄၀၂၂၉၂၃၂၅)၊ ဦးဇင်မင်းအောင်(၀၉–၇၆၈၃၄၉၉၆၀)၊ ဦးညီညီဇော် (၀၉–၆၉၁၆၆၉၇၅၄)၊ နန်းခိုင်ခင်ဦး(၀၉–၇၉၀၂၃၉၁၁၄)နှင့် ဦးဌေးလင်း(၀၉–၇၇၆၃၃၈၀၁၀)တို့ထံ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်များအပြင် Viber နှင့် ဖေ့စ်ဘုတ်မက်ဆင်ဂျာ တို့မှ ဆက်သွယ်နိုင်ရန်အတွက်လည်း Viber နံပါတ်နှင့် ဖေ့စ်ဘုတ်မက်ဆင်ဂျာ အကောင့်အမည်များကိုပါ ပြည်သူများအား ထုတ်ပြန်အသိပေးထားကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း၌ ကျေးရွာအုပ်စု ၇၁ အုပ်စုနှင့် ကျေးရွာပေါင်း ၃၅၇ ရွာရှိပြီး ကျေးရွာများတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့လာပါက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အကူအညီပေးရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ လှိုင်းဘွဲ့မြို့ပေါ်မှ မီးသတ်တပ်ဖွဲ့၊ ရေအလှူရှင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ကလည်း လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# ပြည်တွင်းစက်သုံးဆီတစ်လီတာ ငွေကျပ် ၄၇၀ အထိကျဆင်း သုံးစွဲသူယာဉ်မောင်းများအဆင်ပြေ

ရန်ကုန် မတ် ၂၃

သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အဓိကအသုံးပြုနေရသည့် ပြည်တွင်းစက်သုံးဆီဈေးမှာ ဇန်နဝါရီလဆန်းတွင် တစ်လီတာလျှင် ငွေကျပ် ၈၁၅ ဝန်းကျင်ရှိပြီး ဖေဖော်ဝါရီလဆန်းတွင် ငွေကျပ် ၈၀၀ ဝန်းကျင်အထိ ဈေးကျလာရာမှ မတ် ၂၁ ရက်တွင် တစ်လီတာလျှင် ငွေကျပ် ၄၇၀ သာရှိကြောင်း စက်သုံးဆီအရောင်းဆိုင်များမှ သိရသည်။

ရန်ကုန်မြို့တွင်ပြေးဆွဲနေသည့် အငှားယာဉ်မောင်းများမှာ စားဝတ်နေရေးအတွက် စက်သုံးဆီဈေးအပေါ် မှီခိုအားထားနေရသည်။ ယခင်က နေ့စဉ်စက်သုံးဆီ ငွေကျပ်တစ်သောင်းဖိုးခန့်ထည့်ပြီး ပြေးဆွဲခဲ့ရာမှ ယခုအခါ ငွေကျပ် ၇၀၀၀ သာ ကုန်ကျသဖြင့် အဆင်ပြေမှုရှိကြောင်း သိရသည်။

ပြည်တွင်းခရီးသွားလုပ်ငန်းရှင်များမှာ စက်သုံးဆီဈေး ဆက်တိုက်ကျဆင်းနေမှုကြောင့် အနည်းငယ်အဆင်ပြေသော်လည်း COVID –19 ရောဂါကြောင့် ခရီးသွားလုပ်ငန်းတွင် အခက်အခဲအနည်းငယ်ရှိကြောင်း သိရသည်။

COVID– 19 ရောဂါအခြေအနေကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအချို့ ရပ်တန့်ထားကာ ဝယ်လိုအားကျဆင်းသည့်အတွက် စက်သုံးဆီဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည် ။

မတ် ၂၁ ရက် စက်သုံးဆီဈေးနှုန်းများမှာ အောက်တိန်း 92 တစ်လီတာလျှင် ငွေကျပ် ၄၇၀ ၊ အောက်တိန်း 95 တစ်လီတာလျှင် ငွေကျပ် ၆၀၀၊ ပရီမီယံဒီဇယ် တစ်လီတာလျှင် ငွေကျပ် ၅၈၀ ၊ ဒီဇယ် တစ်လီတာလျှင် ငွေကျပ် ၅၇၀ ရှိသည်။ လက်ရှိစက်သုံးဆီဈေးနှုန်းမှာ ဧပြီလအထိ ဆက်တိုက်ကျဆင်းနိုင်ကြောင်း သုံးစွဲသူယာဉ်မောင်းများက ခန့်မှန်းကြသည်။ **အောင်သူရ**

*စာမျက်နှာ ၁၈ မှ*

၄၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် နှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၄၇။ အမျိုးသားခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်များကို ဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်များသို့ဖြစ်စေ ရန်ပုံငွေအတွက်ဖြစ်စေ လှူဒါန်းထောက်ပံ့သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ဝင်ငွေခွန်ကို လှူဒါန်းထောက်ပံ့ထားသော ငွေပမာဏအတွက်သာ တည်ဆဲဝင်ငွေခွန်ဥပဒေအရ သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရှိသည်။

၄၈။ အမျိုးသားခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကွန်ရက်များအား နိုင်ငံတော်အစိုးရက ထောက်ပံ့ကူညီမှုပြုနိုင်သည်။

၄၉။ ဘဝရပ်တည်ရန်ခက်ခဲသော ရောဂါပိုးရှိသူများအား စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာပံ့ပိုးမှုများနှင့် ဆေးကုသနိုင်ရေးအတွက် ခေတ္တတည်းခိုနေထိုင်ရေးကို နိုင်ငံတော်အစိုးရမှ တတ်နိုင်သမျှ ထောက်ပံ့ကူညီမှုပြုရမည်။

၅၀။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ရောဂါပိုးတားဆီးကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးစောင့်ရှောက်မှု အသိုက်အဝန်း၊ ပညာရေးအသိုက်အဝန်း၊ လူငယ်အသိုက်အဝန်း၊ လူမှုဖူလုံရေး အသိုက်အဝန်း၊ အကျဉ်းထောင်များ၊ အချုပ်ခန်းများသို့ ဆက်သွယ်ပေးပို့ရန် အဓိကတာဝန်ရှိသည်။

၅၁။ ဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ရောဂါပိုးတားဆီးကာကွယ်ကုသရေးဆိုင်ရာ အသိပညာပေးခြင်းကို သင့်လျော်သည့် သင်ရိုးညွှန်းတမ်းများဖြင့် ကျောင်းပညာရပ်များတွင် ထည့်သွင်းသင်ကြားပေးရမည်။

၅၂။ ဝန်ကြီးဌာနသည်ပြန်ကြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ရောဂါပိုးတားဆီးကာကွယ်ကုသရေးဆိုင်ရာ သတင်းအချက်အလက်များကို မီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

၅၃။ အတူနေမိသားစုများသည် ရောဂါပိုးတားဆီးကာကွယ်ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ပြီး ရောဂါပိုးပြန့်ပွားမှုကို ကြိုတင်ကာကွယ်ရန်နှင့် အိမ်ထောင်မပြုမီ၊ ကလေးမမွေးမီ ရောဂါပိုးစစ်ဆေးခြင်းနှင့် ကိုယ်ဝန်ဆောင်စဉ် ရောဂါပိုးစစ်ဆေးခြင်းကို အားပေးရမည်။

၅၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် စွန့်ပစ်ခံရသည့် ရောဂါပိုးရှိသော ကလေးငယ်များနှင့် မှီခိုရာမဲ့သော သို့မဟုတ် အလုပ်မလုပ်နိုင်သော ရောဂါပိုးကူးစက်ခံထားရသူများကို ကုသမှုပေးရန်နှင့် ကျွေးမွေးပြုစုစောင့်ရှောက်ရန် တာဝန်ရှိသည်။

၅၅။ နိုင်ငံ့တာဝန်ထမ်းဆောင်နေစဉ် လုပ်ငန်းခွင်မတော်တဆမှုကြောင့် ရောဂါပိုးကူးစက်ခံရသူများအား ကုသပေးခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းကို နိုင်ငံတော်ကဆောင်ရွက်ပေးရမည့်အပြင် တည်ဆဲဥပဒေအရပေးအပ်သော အကျိုးခံစားခွင့်များကိုလည်း ရရှိစေရမည်။

၅၆။ ဝန်ကြီးဌာနသည် ရောဂါပိုးတားဆီးကာကွယ်ကုသရေး လုပ်ငန်းစဉ်များအတွက် သင့်လျော်သည့် ကုန်ကျစရိတ်များကို နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၅၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# အင်တာနက်ကွန်ရက် အသုံးပြု Video Conferencing ပုံစံဖြင့် ကျင်းပသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃၉/၂၀၂၀)ကျင်းပ

## ပြန်ရောက်လာသူများအနေဖြင့် ကိုယ်တိုင်ရောဂါဖြစ်ပွားလာပါက ချက်ချင်းကုသမှုခံယူနိုင်ရေးနှင့် မိမိမှ မိမိ၏မိဘ၊ မိသားစုနှင့် ပတ်ဝန်းကျင်သို့ ရောဂါကူးစက်ခြင်းမျိုး မရှိစေရေးတို့အတွက် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း(quarantine) ပြုလုပ်ခြင်းကို တိကျစွာလိုက်နာဆောင်ရွက်ရန်မှာ အထူးအရေးကြီး

နေပြည်တော် မတ် ၂၃

**အင်တာနက်ကွန်ရက် အသုံးပြု Video Conferencing ပုံစံဖြင့် ကျင်းပသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃၉/၂၀၂၀)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခု Video Conferencing သို့ ဆွေးနွေးတင်ပြညှိနှိုင်းရန် တက်ရောက်နေသည့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ ကုသမှုအထောက်အကူပြု ပညာရှင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ အားလုံးသည် ပြည်သူများတွင် COVID-19 ရောဂါမရရှိစေရေးနှင့် ဖြစ်ပွားပါက ထိရောက်စွာ ကုသနိုင်ရေးအတွက် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ Video Conferencing ပြုလုပ်ခြင်းဖြင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ချက်ချင်းပံ့ပိုးနိုင်သည်ဖြစ်သည့်အတွက် မိမိတို့၏လုပ်ငန်းများနှင့် ပြည်သူများအား ဝန်ဆောင်မှုပေးခြင်းကိစ္စများသည် ပိုမိုထိရောက်မည်မှာ သေချာပါကြောင်း။

### ရောဂါဝင်ရောက် ကူးစက်ဖြစ်ပွားနိုင်ခြေသည် အလွန်မြင့်မားနေသည့် အခြေအနေဖြစ်နေ

ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံပေါင်း (၁၈၆) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုရှိနေပြီ ဖြစ်သည့်အပြင် နိုင်ငံတွင်းကူးစက်မှုရှိနေသည့် အိမ်နီးချင်းနိုင်ငံနှင့် အခြားနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများသည် နိုင်ငံအတွင်းသို့ အစုလိုက်အပြုံလိုက် ပြန်လည်ဝင်ရောက်လျက်ရှိသဖြင့် ရောဂါဝင်ရောက် ကူးစက်ဖြစ်ပွားနိုင်ခြေသည် အလွန်မြင့်မားနေသည့် အခြေအနေဖြစ်နေပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတွင် ကပ်ရောဂါ ဝင်ရောက်ဖြစ်ပွားတော့မည် (imminent epidemic) ဟု သဘောထားကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါခွတ်ခွဲအတည်ပြုလူနာတစ်ဦးတွေ့ရှိပါက ကုသမှုပေးရန်၊ ရောဂါပြန့်ပွားမှုမရှိစေရေး ထိန်းချုပ်ရန်တို့အတွက် လုပ်ငန်းအစီအစဉ် အဆင့်ဆင့်ကို နောက်ဆုံးရ ကုထုံးအချက်အလက်များနှင့်အညီ မွမ်းမံရေးဆွဲပြီးဖြစ်သည့်အတွက် ဆေးရုံများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေတော့မည် ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားကူးစက်ရာ နိုင်ငံများမှ ပြည်တွင်းသို့ ဝင်ရောက်လာသူများအား အသွားအလာကန့်သတ်ခြင်းပြုလုပ်နိုင်ရန်အတွက် နေရာများကိုလည်း စီစဉ်လျက်ရှိရာ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ထံမှ ပူးပေါင်းပံ့ပိုးဆောင်ရွက်မှုများ ရရှိနေသဖြင့် အသွားအလာကန့်သတ်ခြင်းလုပ်ငန်း စနစ်တကျဆောင်ရွက်ရန် များစွာအထောက်အကူဖြစ်လျက်ရှိပါကြောင်း၊ ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လာကြသူများ၊ ရောဂါရှိသူနှင့် ထိတွေ့ခဲ့သူများအား အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းကို မိမိတို့ဝန်ကြီးဌာနမှ မဖြစ်မနေဆောင်ရွက်ခြင်းဖြင့် ရောဂါဝင်ရောက်ဖြစ်ပွားပျံ့နှံ့မှုရှိရန် အလားအလာနည်းသွားမည်ဖြစ်ပါကြောင်း၊ COVID-19 ကပ်ရောဂါစတင်ဖြစ်ပွားပြီး နှစ်လကျော်ကြာအချိန်၌ ရောဂါဖြစ်ပွားပြီး ကောင်းစွာထိန်းချုပ်နိုင်သောနိုင်ငံများ၏ အတွေ့အကြုံအရ (၁၄)ရက်တာကာလ အသွားအလာကန့်သတ်ခြင်း (quarantine) နည်းဗျူဟာသည် အလွန်ထိရောက်သည်ကို တွေ့ရှိရပါကြောင်း။

ထိုသို့အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရာတွင် ရောဂါကူးစက်ပြန့်ပွားမှုများပြားပြီး နိုင်ငံတွင်းကူးစက်မှုရှိသော နေရာဒေသ၊ နိုင်ငံများမှ ပြန်လာခြင်း၊ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့ခြင်းနှင့် ရောဂါဖြစ်ပွားကူးစက်မှု နည်းပါးသောနိုင်ငံမှ ပြန်လာခြင်း စသည့် ကပ်ရောဂါဗေဒဆိုင်ရာအချက်များအပေါ်မူတည်၍ (၁၄)ရက်တာကာလ သတ်မှတ်နေရာ အဆောက်အအုံများတွင်ထားရှိ အသွားအလာကန့်သတ်ခြင်း(facility quarantine) (သို့မဟုတ်) နေအိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း (home quarantine) တို့ကို သတ်မှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသူများအား တကွဲတပြားမဖြစ်စေဘဲ တစ်စုတစ်စည်းတည်း ဘတ်စ်ကားများဖြင့် သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ပို့ဆောင်ရာတွင်လည်း ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို ခရီးစဉ်တစ်လျှောက်လုံး လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် လက်ကမ်းစာစောင်နှင့် ပိုစတာများ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ထိုသို့ဆောင်ရွက်နေခြင်းမှာ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ အကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ကို နေရပ်ပြန်လာသူများနှင့် ပြည်သူများအားလုံးက သိရှိရန်လိုအပ်ပြီး ထိုသို့ ပြန်ရောက်လာသူများအနေဖြင့်လည်း ကိုယ်တိုင်ရောဂါဖြစ်ပွားလာပါကလည်း ချက်ချင်းကုသမှုခံယူနိုင်ရေးနှင့် မိမိမှ မိမိ၏မိဘ၊ မိသားစုနှင့် ပတ်ဝန်းကျင်သို့ ရောဂါကူးစက်ခြင်းမျိုးမရှိစေရေးတို့အတွက် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း(quarantine) ပြုလုပ်ခြင်းကို တိကျစွာလိုက်နာဆောင်ရွက်ရန်မှာ အထူးအရေးကြီးပါကြောင်း၊

### ရပ်ရွာနေပြည်သူများနှင့် ပူးပေါင်းကာ ကြီးကြပ်ဆောင်ရွက်သွားမည်

ထိုသို့ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိကိုလည်း သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများက ရပ်ရွာနေပြည်သူများနှင့် ပူးပေါင်းကာကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ COVID-19 ရောဂါသည် အလွန်ကူးစက်ပြန့်ပွားမှု မြန်ဆန်သောရောဂါဖြစ်ပြီး အီတလီနိုင်ငံကဲ့သို့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးသောနိုင်ငံမျိုးတွင်ပင် ရောဂါကို ထိန်းချုပ်ရန် အလွန်ခက်ခဲနေပြီး ရောဂါကြောင့် သေဆုံးမှုများ မြင့်မားများပြားလျက်ရှိသည်ကိုလည်း သတိပြုကြရန် လိုအပ်ပါကြောင်း၊ ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်ရောက်လာကြသူများအနေဖြင့် လူစုလူဝေးများနိုင်သည့် အလှူပွဲကြီးများ ပြုလုပ်ပါက မြန်မာနိုင်ငံပြည်သူများထံသို့ ရောဂါကူးစက်ပြန့်ပွားစေရန် အန္တရာယ်ကို ဖိတ်ခေါ်နေခြင်းနှင့်တူသဖြင့် မလုပ်ဆောင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

ရပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်တို့နှင့် အလှမ်းဝေးသော ကျေးလက်ဒေသများတွင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကျန်းမာရေး အသိပညာပေးနှိုးဆော်ချက်များကို လက်ကိုင်အသံချဲ့စက်ငယ်များအသုံးပြု၍ ဖြန့်ဝေပေးပါက အလွန်အကျိုးရှိမည့် နည်းဗျူဟာတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများက ဤနည်းဗျူဟာအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကျန်းမာရေးပြဿနာ၊ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း၊ ထိုသို့ဖြစ်စေရေးအတွက် ဗဟို၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ဆေးရုံများအားလုံးမှ လုပ်ဆောင်နေမှုများနှင့် တိုင်းဒေသကြီး/ပြည်နယ်လူမှုရေးဝန်ကြီးများမှ လုပ်ဆောင်နေမှုများ အားလုံးကို အပြန်အလှန်သိရှိ ဝေမျှကြရမည် ဖြစ်ပါကြောင်း။

ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် မိမိတို့ကျန်းမာရေးဝန်ထမ်းများအား တာဝန်ခွဲဝေချထားရာ၌ စနစ်တကျ သာတူညီမျှခွဲဝေခြင်း (proper and balanced division of labour)ကို လုပ်ဆောင်စေလိုပါကြောင်း၊ ယနေ့မှစတင်၍ ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုဌာနများ လုပ်ငန်းဆောင်ရွက်နေပြီဖြစ်သဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ဆေးရုံများ၏ လိုအပ်ချက်များကို ပံ့ပိုးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် စိန်ခေါ်မှုအခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းခြင်းတို့ကို လုပ်ဆောင်နိုင်ပြီဖြစ်ပါကြောင်း၊ ဤပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုဌာနမှ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့က တိုင်းဒေသကြီး/ ပြည်နယ်များမှ ပေးပို့သော သတင်းအချက်အလက်များကို စောင့်ဆိုင်းလက်ခံသည်သာမက မိမိတို့ကိုယ်တိုင်က စတင်ဦးဆောင်၍ လိုအပ်ချက်နှင့်အခြေအနေများကို ဆက်သွယ်မေးမြန်းရမည် ဖြစ်ပါကြောင်း။

### ရောဂါဖြစ်ပွားမှုပုံစံ၊ ကူးစက်မှုပုံစံသည် အချိန်နှင့်အမျှ အမြဲပြောင်းလဲမှုရှိ

COVID-19 ရောဂါသည် အသစ်ပေါ်ပေါက်လာသော ရောဂါဖြစ်သည့်အတွက် ရောဂါဖြစ်ပွားမှုပုံစံ၊ ကူးစက်မှုပုံစံသည် အချိန်နှင့်အမျှ အမြဲပြောင်းလဲမှုရှိသည့်အပြင် မထင်မှတ်သော ဖြစ်ရပ်များ အချိန်မရွေး ဖြစ်ထွန်းပေါ်ပေါက်သော သဘောရှိသည့်အတွက် ဤပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုဌာနများ ဖွင့်လှစ်ဆောင်ရွက်ခြင်းမှာ ထိရောက်သော လုပ်ဆောင်မှုပင် ဖြစ်ပါကြောင်း ပြောကြားသည်။

Video Conferencing အစည်းအဝေးတွင် ဗဟိုအဆင့် တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်များ၊ တာဝန်ရှိသူများက နိုင်ငံတကာတွင် ရောဂါဖြစ်ပွားပျံ့နှံ့မှု၊ သေဆုံးမှုအခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာတွင် နိုင်ငံတွင်းသို့ ဝင်ရောက်မှုများအား တင်းကျပ်သောစည်းမျဉ်း ချမှတ်ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းလိုအပ်ချက်များ၊ နိုင်ငံတကာမှ ကုထုံးဆိုင်ရာ လေ့လာတွေ့ရှိမှုနှင့် မိမိတို့နိုင်ငံအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ (PPE)များ ချိတ်ဆက်ဝယ်ယူမှု၊ လှူဒါန်းလက်ခံရရှိမှုနှင့် ယနေ့ဖြန့်ဝေမည့် ကိစ္စရပ်များ၊ ဆေးနှင့်ဆေးပစ္စည်းများ ချိတ်ဆက်ဝယ်ယူမှု၊ လှူဒါန်းလက်ခံရရှိမှု၊ ထပ်မံလှူဒါန်းမည့် ဆေးနှင့် ဆေးပစ္စည်းများ၊ လက်သန့်စင်ဆေးရည်များနှင့် ပတ်သက်၍ အရည်အသွေး၊ အရေအတွက်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားပြီး ယနေ့နေ့လယ်ပိုင်းတွင် ပြန်လည်စတင်ခဲ့ရာ လှူဒါန်းလက်ခံရရှိငွေများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ၎င်းတို့ကို ခွဲဝေချထားမှုများ၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် ဆက်သွယ်ရေးအရာရှိ (International Health Regulation (IHR) Focal Point)များနှင့် ချိတ်ဆက်သတင်းရယူမှုများ၊ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ရယူသုံးစွဲနိုင်မည့် နိုင်ငံတကာရန်ပုံငွေများနှင့်ပတ်သက်၍ တင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေအကြံပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီနယ်စပ်ဂိတ် တံတားအမှတ် (၂) တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား COVID – 19 ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ စနစ်တကျဆောင်ရွက်လျက်ရှိ

**မြဝတီမြို့ မတ် ၂၃**
ကရင်ပြည်နယ်အတွင်းရှိ နယ်စပ်ဂိတ်များတွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသားများအား COVID – 19 ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းအဖွဲ့များဖြင့် အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ကွင်းဆင်းအဖွဲ့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထင်လင်း (ပြည်သူ့ကျန်းမာရေး) နှင့် ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင် (ရောဂါနှိမ်နင်းရေး) တို့ ဦးဆောင်သည့် အဖွဲ့ဝင် ၁၂ ဦး ပါဝင်သည့် ကွင်းဆင်းအဖွဲ့သည် ကရင်ပြည်နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ မတ် ၁၇ ရက်မှစ၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်အထိ မြဝတီမြို့ တံတားအမှတ် (၂) မှ ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသား ၂၃၃၇ ဦးအား COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ခြင်း၊ အထူးသဖြင့် ပြန်လည် ရောက်ရှိလာပြီးနောက် ၁၄ ရက်အတွင်း မိမိနေအိမ်တွင်ပင် နေထိုင်၍ အသွားအလာ ကန့်သတ်ခြင်း (quarantine) ပြုလုပ်ရန်အတွက် ညွှန်ကြားခြင်းတို့အပြင် နေရပ်သို့ ပြန်လည်ထွက်ခွာမည့်သူ စာရင်းအတိအကျအား ကောက်ယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော Quarantine Officer များထံသို့ သတင်းပေးပို့ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကွင်းဆင်းအဖွဲ့သည် မြဝတီမြို့နယ် ရွှေကုက္ကိုလ်မြို့သို့ သွားရောက်၍ တိုင်းရင်းသားဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အဖွဲ့များနှင့် တွေ့ဆုံ၍ COVID – 19 ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအပြင် အခြားကူးစက်ရောဂါများဖြစ်သည့် တီဘီ၊ ငှက်ဖျားရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက်လည်း ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြဝတီမြို့ တံတားအမှတ် (၂) အပါအဝင် နယ်စပ်ဝင်ထွက် ဂိတ် ၂၇ ခုတွင် COVID – 19 ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး အထူးဦးစားပေးဆောင်ရွက်လျက် ရှိရာ မတ် ၁၆ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ မြဝတီမြို့ တံတားအမှတ် (၂) မှ ပြန်လည် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ၃၂၆၃၀အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**



## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၃-၂၀၂၀) ရက်နေ့၊ ည (၈ : ၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၂၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၂၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၈) ဦး ရှိပါသည်။ **(ဇယား -၁)**

၃။ ယနေ့ (၂၃-၃-၂၀၂၀) ရက်နေ့၊ ည (၈) နာရီအချိန်အထိ စောင့်ကြည့်လူနာ (၁၅) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

၄။ (၂၃-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံ (၁၈၆) နိုင်ငံတွင် COVID–19 ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

(ဇယား -၁)

**COVID–19 ရောဂါ စောင့်ကြည့်လူနာ/ သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ရောဂါလက္ခဏာများ | ရောဂါလက္ခဏာများစတင်ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင်တွေ့ရှိသည့် နေရာ | COVID-19 ရောဂါလူနာနှင့် ထိတွေ့မှု ရှိ/မရှိ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | | | | |
| ၁ | ၁၉ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း | ၂၁-၃-၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၂၁-၃-၂၀၂၀ | ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံ | ထိတွေ့မှုမရှိပါ။ | ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံ (၂၂-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၂ | ၃၆ နှစ် | ကျား | ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် | ဖျားခြင်း | ၂၁-၃-၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၂၂-၃-၂၀၂၀ | မန္တလေး ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | မန္တလေး ပြည်သူ့ဆေးရုံကြီး (၂၂-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၃ | ၂၂ နှစ် | ကျား | ကရင်ပြည်နယ်၊ ဘားအံမြို့နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း | ၂၀-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၁၃-၃-၂၀၂၀ | ဘားအံပြည်သူ့ဆေးရုံ | ထိတွေ့မှုမရှိပါ။ | ဘားအံပြည်သူ့ဆေးရုံ (၂၂-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၄ | ၂၃ နှစ် | ကျား | ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း | ၂၁-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၁၉-၃-၂၀၂၀ | ပိုင်ကျုံးတိုက်နယ်ဆေးရုံ | ထိတွေ့မှုမရှိပါ။ | ဘားအံပြည်သူ့ဆေးရုံ (၂၂-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၅ | ၂၇ နှစ် | မ | ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ | ၁၆-၃-၂၀၂၀ | မရှိပါ။ | - | ဘိုကလေးမြို့နယ်ပြည်သူ့ဆေးရုံ | ထိတွေ့မှုမရှိပါ။ | ဖျာပုံပြည်သူ့ဆေးရုံ (၂၂-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၆ | ၂၃ နှစ် | ကျား | ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း လည်ချောင်းနာခြင်း၊ နှာစေးခြင်း၊ | ၁၉-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၁၀-၃-၂၀၂၀ | မြိုင်ကြီးငူ တိုက်နယ်ဆေးရုံ | ထိတွေ့မှုမရှိပါ။ | မြိုင်ကြီးငူ တိုက်နယ်ဆေးရုံ (၂၂-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၇ | ၅၃ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၁၉-၃-၂၀၂၀ | အိန္ဒိယ နိုင်ငံ | ၁၇-၃-၂၀၂၀ | အင်းစိန် ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | အင်းစိန် ပြည်သူ့ဆေးရုံကြီး (၂၂-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၈ | ၃၁ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း | ၂၂-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၁၀-၃-၂၀၂၀ | ပုဂ္ဂလိကဆေးရုံ | ထိတွေ့မှုမရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံ (၂၂-၃-၂၀၂၀) | တောင်အာဖရိကနိုင်ငံသား |

❋ *ကျောဖုံးမှ*

ခဲ့ရသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးတွင် ဆက်ရှိနေပြီး ရာသီဝက် ချန်ပီယံဆုအတွက် အခြေအနေကောင်းသွားသည်။

ပွဲအစတွင် ဟံသာဝတီအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ပိုရခဲ့သည်။ ၁၄ မိနစ်တွင် ဟံသာဝတီအသင်း အဖွင့်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဒိုနယ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ၃၇ မိနစ်တွင် ဟံသာဝတီ ဒုတိယဂိုးထပ်ရခဲ့ပြီး ဒိုနယ်ကပင် သွင်းယူခဲ့သည်။ ဟံသာဝတီ၏ ခံစစ်အမှားကို အသုံးချကာ ၅၃ မိနစ်တွင် မင်းဇော်စိုးနှင့် ၅၄ မိနစ်တွင် အီမာဆင်တို့က ဖွဲ့ကပင်အတွက် ချေပဂိုးများ သွင်းယူခဲ့သည်။ ဟံသာဝတီအတွက် အနိုင်ဂိုးများကို ၆၆ မိနစ်တွင် ဒိုနယ်က တတိယဂိုးနှင့် မိနစ် ၇၀ တွင် အီမီကာက စတုတ္ထဂိုးသွင်းယူပေးခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး– တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယနေ့ကို မတ် ၂၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ YUSC ကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ပထမနှစ်ဝက် စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုသူ သုံးသိန်းကျော်ရှိ

**နေပြည်တော် မတ် ၂၃**
တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ၂၀၁၉–၂၀၂၀ ပညာသင်နှစ် ပထမနှစ်ဝက် စာမေးပွဲများကို ယနေ့တွင် နိုင်ငံတစ်ဝန်း၌ဆက်လက်ကျင်းပရာ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ စာရင်းရှိ ၂၉၉၀၂၉ ဦးအနက် ၂၈၉၆၆၉ ဦး ဖြေဆိုသဖြင့် ပျက်ကွက် ၉၃၆၀၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များ၌ စာရင်းရှိ ၅၂၀၀၀ အနက် ၅၁၁၅၃ ဦးဖြေဆိုသဖြင့် ပျက်ကွက် ၈၄၇ ဦးနှင့် ပညာရေး ကောလိပ်များ၌ စာရင်းရှိ ၁၀၇၈၂ ဦးအနက် ၁၀၇၇၇ ဦးဖြေဆိုသဖြင့် ပျက်ကွက် ၅ ဦးရှိကြောင်း၊ နိုင်ငံတစ်ဝန်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ စုစုပေါင်း စာရင်းရှိ ၃၆၁၈၁၁ ဦး အနက် ၃၅၁၅၉၉ ဦးဖြေဆိုကြပြီး ပျက်ကွက် ၁၀၂၁၂ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် (၂၃-၃-၂၀၂၀)ရက်နေ့ စာမေးပွဲဖြေဆိုမှုအခြေပြဇယား

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | နံနက်ပိုင်း | | | မွန်းလွဲပိုင်း | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | စာရင်းရှိ | ဖြေဆို | ပျက်ကွက် | စာရင်းရှိ | ဖြေဆို | ပျက်ကွက် | စာရင်းရှိ | ဖြေဆို | ပျက်ကွက် |
| ၁ | ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | ၁၅၂၁၆၂ | ၁၄၈၂၁၆ | ၃၉၄၆ | ၁၄၆၈၆၇ | ၁၄၁၄၅၃ | ၅၄၁၄ | ၂၉၉၀၂၉ | ၂၈၉၆၆၉ | ၉၃၆၀ |
| ၂ | နည်းပညာ/ကွန်ပျူတာ တက္ကသိုလ် | ၂၈၈၇၉ | ၂၈၄၃၆ | ၄၄၃ | ၂၃၁၂၁ | ၂၂၇၁၇ | ၄၀၄ | ၅၂၀၀၀ | ၅၁၁၅၃ | ၈၄၇ |
| ၃ | ပညာရေးကောလိပ် | ၁၀၇၈၂ | ၁၀၇၇၇ | ၅ | ၀ | ၀ | ၀ | ၁၀၇၈၂ | ၁၀၇၇၇ | ၅ |
| | စုစုပေါင်း | ၁၉၁၈၂၃ | ၁၈၇၄၂၉ | ၄၃၉၄ | ၁၆၉၉၈၈ | ၁၆၄၁၇၀ | ၅၈၁၈ | ၃၆၁၈၁၁ | ၃၅၁၅၉၉ | ၁၀၂၁၂ |

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၈ နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်

(၄-၁-၂၀၂၀ ရက်နေ့မှ ၂၃-၃-၂၀၂၀ ရက်နေ့ထိ) (၂၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၂-၃-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၂၉) နာရီအချိန် ရရှိသောသတင်း အချက်အလက်များအရ ထုတ်ပြန်ချက်) ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် သတင်းအချက်အလက်များအား တစ်နေ့လျှင် တစ်ကြိမ်သာ ထုတ်ပြန်ဖော်ပြလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ အခြားသတင်းဌာနများ၌ ဖော်ပြသောအချက်အလက်များနှင့် အနည်းငယ်ကွဲလွဲမှု ရှိနိုင်ပါသည်။

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံနှင့် နယ်မြေဒေသစုစုပေါင်း - (၁၈၆) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၂၉၄,၁၁၀) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၁၂,၉၄၄) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၄.၄) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူစုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၄၉၉ | ၃,၂၆၇ |
| ၂ | အီတလီ | ၅၃,၅၇၈ | ၄,၈၂၇ |
| ၃ | စပိန် | ၂၄,၉၂၆ | ၁,၃၂၆ |
| ၄ | ဂျာမနီ | ၂၁,၄၆၃ | ၆၇ |
| ၅ | အီရန် | ၂၀,၆၁၀ | ၁,၅၆၆ |
| ၆ | အမေရိကန် | ၁၅,၂၁၉ | ၂၀၁ |
| ၇ | ပြင်သစ် | ၁၄,၂၉၆ | ၅၆၂ |
| ၈ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၈၉၇ | ၁၀၄ |
| ၉ | ဆွစ်ဇာလန် | ၆,၀၇၇ | ၅၆ |
| ၁၀ | အင်္ဂလန် | ၅,၀၁၈ | ၂၃၃ |
| ၁၁ | နယ်သာလန် | ၃,၆၃၁ | ၁၃၆ |
| ၁၂ | သြစတြီးယား | ၃,၀၂၄ | ၈ |
| ၁၃ | ဘယ်လ်ဂျီယံ | ၂,၈၁၅ | ၆၇ |
| ၁၄ | နော်ဝေး | ၁,၉၂၆ | ၇ |
| ၁၅ | ဆွီဒင် | ၁,၇၄၆ | ၂၀ |
| ၁၆ | ဒိန်းမတ် | ၁,၃၂၆ | ၁၃ |
| ၁၇ | ပေါ်တူဂီ | ၁,၂၈၀ | ၁၂ |
| ၁၈ | မလေးရှား | ၁,၁၈၃ | ၉ |
| ၁၉ | သြစတြေးလျ | ၁,၀၉၈ | ၇ |
| ၂၀ | ကနေဒါ | ၁,၀၄၈ | ၁၃ |
| ၂၁ | ဂျပန် | ၁,၀၄၆ | ၃၆ |
| ၂၂ | ချက်ပြည်သူ့သမ္မတနိုင်ငံ | ၉၉၅ | ၀ |
| ၂၃ | တူရကီ | ၉၄၇ | ၂၁ |
| ၂၄ | ဘရာဇီး | ၉၀၄ | ၁၁ |
| ၂၅ | အစ္စရေး | ၈၈၃ | ၁ |
| ၂၆ | အိုင်ယာလန် | ၇၈၅ | ၃ |
| ၂၇ | လူဇင်ဘတ် | ၆၇၀ | ၈ |
| ၂၈ | ပါကစ္စတန် | ၆၄၆ | ၃ |
| ၂၉ | ထိုင်း | ၅၉၉ | ၁ |
| ၃၀ | ပိုလန် | ၅၃၆ | ၅ |
| ၃၁ | ဂရိ | ၅၃၀ | ၁၃ |
| ၃၂ | ဖင်လန် | ၅၂၁ | ၁ |
| ၃၃ | အင်ဒိုနီးရှား | ၅၁၄ | ၄၈ |
| ၃၄ | ဆော်ဒီအာရေဗျ | ၅၁၄ | ၀ |
| ၃၅ | အီကွေဒေါ် | ၅၀၆ | ၇ |

**မှတ်ချက်။** ဓာတ်ခွဲအတည်ပြုလူနာ (၅၀၀)ဦးနှင့် အထက်ရှိသော နိုင်ငံများအား ရွေးချယ် ထုတ်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

- တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၁၀၃) နိုင်ငံ/ ဒေသ ရှိပါသည် -
  - (၁) ဥရောပဒေသ - ၄၁ နိုင်ငံ
  - (၂) အမေရိကဒေသ - ၁၇ နိုင်ငံ
  - (၃) အရှေ့အလယ်ပိုင်းဒေသ - ၁၄ နိုင်ငံ
  - (၄) အနောက်ပစိဖိတ်ဒေသ - ၁၂ နိုင်ငံ
  - (၅) အာဖရိကဒေသ - ၉ နိုင်ငံ
  - (၆) အရှေ့တောင်အာရှဒေသ - ၆ နိုင်ငံ
  - (၇) နယ်မြေဒေသ - ၄ ဒေသ
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၈) နိုင်ငံသာကျန်ရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၃-၃-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့် ပတ်သက်သည့် အခြေအနေများမှာ -

- စောင့်ကြည့်လူနာ (PUI-Person Under Investigation) (၂၁၂) ဦးနှင့် သံသယလူနာ (၂) ဦး အပါအဝင် စုစုပေါင်း (၂၁၄) ဦးရှိပြီး ၎င်းတို့အနက် -
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၁၉၈) ဦး
  - ဓာတ်ခွဲနမူနာရယူရန် ပေးပို့ဆဲ - (၁၆) ဦး
  - ရောဂါသက်သာ ပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူ - (၁၂၇) ဦး
  - COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း အခြားရောဂါများဖြင့် သေဆုံးသူ - (၁၃) ဦး
  - ၎င်းတို့မှာ - နာတာရှည် ဆီးချိုရောဂါနှင့် နှလုံးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၄) ဦး၊ တီဘီရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည် ကျောက်ကပ်ရောဂါဖြင့်သေဆုံးသူ (၂) ဦး၊ နာတာရှည် အဆုတ်ပွရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည်အသည်းရောဂါ အခံရှိသူ (၁) ဦး၊ ဗက်တီးရီးယားပိုးကြောင့် သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြင့် သေဆုံးသူ (၃) ဦးနှင့် လတ်တလော အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဝမ်းပျက် ဝမ်းလျှောခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် သေဆုံးသူ (၁)ဦး တို့ဖြစ်ကြပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၃-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၈၈) ဦး၊ မန္တလေး တိုင်းဒေသကြီးတွင် (၃၇) ဦး၊ ရှမ်းပြည်နယ်တွင် (၃၀) ဦး၊ အခြား တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၅၉) ဦး၊ စုစုပေါင်း (၂၁၄) ဦးတို့ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၃-၃-၂၀၂၀) ရက်နေ့အထိ အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း (Hospital Quarantine) ပြုလုပ်ထားသူ စုစုပေါင်း (၂၇၃)ဦး မှာ-

- တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး - (၁၂၆) ဦး
- မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံ - (၆၇) ဦး
- ဝေဘာဂီအထူးကုဆေးရုံ - (၅၄) ဦး
- ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံများ - (၂၆) ဦး
- ဆေးရုံတွင် (၁၄) ရက် ပြည့်၍ ဆင်းခွင့်ရရှိသူ - (၁၇၀) ဦး တို့ ဖြစ်ကြပါသည်။

- ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိနိုင်ရန် ဓာတ်ခွဲနမူနာအရေအတွက် တိုးမြှင့်စစ်ဆေးခြင်းကို လုပ်ဆောင်လျက်ရှိရာ ဆေးရုံများတွင် အသွားအလာကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူများအနက် (၁၃၇) ဦးအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ ၎င်းတို့တွင် COVID-19 ရောဂါ ပိုးမတွေ့ရှိရကြောင်း သိရှိရပါသည်။

၅။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ ပြည်သူလူထုအတွင်း မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လူတိုင်းလိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ငွေကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးနှာခေါင်းစည်း ၄၀၀၀၀၀ ကမ္ဘောဇဘဏ် ပေးအပ်လှူဒါန်းမည်

**နေပြည်တော် မတ် ၂၃**

မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၂၀၀၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးနှာခေါင်းစည်း ၄၀၀၀၀၀ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလှူဒါန်းမှုသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှင့် သက်ဆိုင်ရာပြည်သူ့ဆေးရုံအသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများအတွက် လည်းကောင်း၊ အကယ်၍ သံသယနှင့် ကူးစက်ခံရသော လူနာများရှိလာပါက အသုံးပြုနိုင်ရန်အတွက်လည်းကောင်း ပြည်ပမှ ကြိုတင် ဝယ်ယူလှူဒါန်းခြင်းဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင် ပစ္စည်းများ ရှားပါးပြတ်လပ်မှု မရှိစေရန်အတွက် ကမ္ဘောဇဘဏ်သည် ငွေကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ သုံးထပ်ချုပ် ဆေးရုံသုံးနှာခေါင်းစည်း (3 Ply Surgical Masks) ၄၀၀၀၀၀ ကို တရုတ်နိုင်ငံမှ တိုက်ရိုက်ဝယ်ယူခဲ့ခြင်း ဖြစ်ပြီး ယခုအပတ်အတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိမည် ဖြစ်သည်။

ထို့အပြင် မတ် ၁၈ ရက်က KBZ Bank နှင့် KBZ MS General Insurance တို့မှ COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအတွက် ကနဦး မတည်လှူဒါန်းမှုအဖြစ် ငွေကျပ်သိန်း ၁၀၀၀ ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ဆက်လက်၍လည်း COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လိုအပ်သလို ဆက်လက်ပူးပေါင်းပါဝင် လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုဇော်**

## တာချီလိတ်မြို့တွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရန် ထိန်းချုပ်ရေးစက်၊ ဆက်စပ်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်

**တာချီလိတ် မတ် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တုံ့ပြန်ဆောင်ရွက်မှု ထိန်းချုပ်ရေးလုပ်ငန်းသုံးစက်၊ ဆက်စပ်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ပွဲကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ မတ် ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး (အထက) တာချီလိတ် ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ထိန်းချုပ်စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တုံ့ပြန်ဆောင်ရွက်မှု ထိန်းချုပ်ရေးစက်နှင့် ဆက်စပ်ပစ္စည်းများ အလှူငွေများကို ပေးအပ်ခဲ့ရာ (အထက) တာချီလိတ် ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့မှ ငွေကျပ် ၆၅ သိန်းတန် Pafient Monitor နှလုံးသွေးခုန်နှုန်း သွေးပေါင်ချိန် တိုင်းတာသည့်စက်နှင့် ဆက်စပ်ပစ္စည်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ငွေကျပ်သိန်း ၅၀၊ ထာဝရအလင်းသစ်ကုမ္ပဏီမှ ငွေကျပ်သိန်း ၂၀ ကျော်၊ နိုင်ငံ့ဝန်ထမ်းဟောင်းများ အသင်းမှ ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းခဲ့ကြရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံခဲ့ကြောင်း သိရှိရသည်။

**ယာဆေး(ပြန်/ဆက်)**

### တိမ်အနည်းငယ် ဖြစ်ထွန်းနေ

နေပြည်တော် မတ် ၂၃ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ဖားကန့်၌ ယာဉ်စက်ယန္တရားများဖြင့် တရားမဝင် ကျောက်စိမ်းတူးဖော်နေသူများအား ဖမ်းဆီးရမိ

**ဖားကန့် မတ် ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာ အနီး သက်တမ်းကုန်ဆုံးပြီးဖြစ်သည့် နေလပွင့်ကုမ္ပဏီ လုပ်ကွက်အတွင်း ယာဉ်စက်ယန္တရားများဖြင့် တရားမဝင် ကျောက်စိမ်းတူးဖော်နေသူများအား ယမန်နေ့ နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဒုရဲမှူးကြီး ခန့်ကိုအောင်နှင့် ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဝင်းအောင်တို့ ဦးဆောင်သည့်အဖွဲ့က သက်တမ်းကုန်လုပ်ကွက်အတွင်း ကြီးကြပ်သူ ရဲအောင်နှင့် ဘက်ဟိုးယာဉ်မောင်း နှစ်ဦး၊ မြေသယ်ယာဉ်မောင်း နှစ်ဦးတို့အား ဘက်ဟိုးစက်ကြီး နှစ်စီး၊ မြေသယ်ယာဉ်ကြီး နှစ်စီးတို့နှင့်အတူ တရားမဝင် ကျောက်စိမ်းတူးဖော်နေမှုကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ နေလပွင့်ကုမ္ပဏီ လုပ်ကွက် သ/မ(၃၇၅) သည် မတ် ၅ ရက်က သက်တမ်းကုန်ဆုံးနေပြီဖြစ်ကြောင်း ကျောက်မျက်တူးဖော်ရေးဌာန (လုံးခင်း/ဖားကန့်) မှ သိရသည်။

သက်တမ်းကုန်လုပ်ကွက်အတွင်း ယာဉ်စက်ယန္တရားများဖြင့် တရားမဝင် ကျောက်စိမ်းတူးဖော်သူများဖြစ်ကြသည့် ရဲအောင် (၂၁ နှစ်)၊ တင်ဇော်လင်း (၂၆ နှစ်)၊ ဇော်နိုင်ဝင်း (၃၇ နှစ်)၊ ဇော်မင်းခိုင် (၂၆ နှစ်) နှင့် ကျော်သူစိုး (၂၆ နှစ်) တို့အား ဖားကန့်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

တာလင်းမောင် (ပြန်/ဆက်)



တရားမဝင် ကျောက်စိမ်းတူးဖော်ရာတွင် အသုံးပြုသည့် ယာဉ်စက်ယန္တရားများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၃-၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၈:၃၅ - "COVID-19 အသိပညာပေးဆွေးနွေးပွဲ" (STOP THE VIRUS) (အပိုင်း - ၂)
- ၁၀:၃၀ - "မတ်လ လပတ်မိုးလေဝသ အစီအစဉ်"
- ၁၁:၃၅ - ဘဝထဲကဝတ္ထု ဝတ္ထုထဲကဘဝ" ဒီလိုပဲဖြစ်သွားတယ်"
- ၁၃:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း - ၃၁) (၁)

**ညပိုင်း**

- ၁၆:၃၅ - "ချင်းရိုးရာဝတ်စားဆင်ယင်မှုများနှင့် အဓိပ္ပာယ်များ"
- ၁၇:၁၅ - "ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး" သဘာဝနှင့် အလှဆင်မြန်မာ့ကျောက်စိမ်းဂုဏ်အင်
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း - ၃၁) (၂)
- ၁၉:၄၅ - တက္ကသိုလ်ရာပြည့် ဂုဏ်ပြုတေးများ
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - "COVID-19 အသိပညာပေးဆွေးနွေးပွဲ" (PROTECT THE VULNERABLE) (အပိုင်း - ၃)
- - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# ရွှေကူ၊ ဒဂုံဆိပ်ကမ်းနှင့် တာမွေမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**

ရွှေကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၅ နာရီက ရွှေကူမြို့နယ် ပူခိုင်ကျေးရွာနေ မသီတာ၏နေအိမ်ရှေ့တွင် မသီတာနှင့် ရန်လင်းထွေးတို့အား စစ်ဆေးစဉ် ရန်လင်းထွေးသည် ထွက်ပြေးသွားပြီး မသီတာကို ဖမ်းဆီးရမိကာ မသီတာပစ်ချလိုက်သောအထုပ်အတွင်းမှ ဘိန်းဖြူသုည ဒသမ ၀၄၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂,၂၈၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၇)ရပ်ကွက် မင်းလှကျော်ထင်လမ်း အိမ်အမှတ်(မ/၈၉၂)နေ မမိုးကေသီဝင်း (ခ) မမိုး (ခ) မာမာမြင့်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ စောထူးအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ပြား၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဇေယျာသုခလမ်းရှိ သက်နိုင်ဦး(ခ)ကိုသက် တည်းခိုနေထိုင်သော ဟိုတယ်အခန်းအမှတ်(၁၀၆) နှင့် (၁၀၇)အား ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ အခန်းအမှတ်(၁၀၆) တွင် ညီထက်မြက် (ခ) ရှမ်းထက်ကျော်၊ ခန့်အောင်ခန့် (ခ) အောင်ခန့် (ခ) ဂျင်ကို၊ အိုက်သန်း (ခ) ကျော်ဝင်းနှင့် အောင်ဆွေဝင်းတို့အား တွေ့ရှိပြီး အိုက်စ် သုည ဒသမ ၀၀၂ကီလို၊ အိုက်သန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈ ပြား၊ နံရံထောင့်ရှိ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၁ ပြား နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ကမ္ဘဌာန်းလမ်း အိမ်အမှတ် (မ/၆၈၂) ရှိ အောင်ဆွေဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ သက်နိုင်ဦး (ခ) ကိုသက်အား တွေ့ရှိကာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈ ပြား၊ အိုက်စ် သုည ဒသမ ၀၀၃ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား




# အထောက်အထားမဲ့ ကားခေါင်းများ (အင်ဂျင်မပါ) ဖမ်းမိ

**နေပြည်တော် မတ် ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၂၄၈ စီး၊ သွင်းကုန် ၁၉၂၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၄ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ ဒသမ ၁၂၄ သန်း စုစုပေါင်း ဖမ်းဆီးမှု ငါးမှု၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆ ဒသမ ၅၂၄ သန်း ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် နစ်ဆန်းဒီဇယ်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ဂျင်မပါသော နစ်ဆန်းနှင့် အီစူဇူးကားခေါင်းပိုင်း နှစ်ခုနှင့် ပစ္စည်းသယ်ဆောင်လာသည့်ယာဉ် တစ်စီး၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ရွှေဆွဲကြိုးများ လုယူသူတစ်ဦးကို ဖမ်းမိ

**ရန်ကုန် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၆ ရက် မွန်းလွဲပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်း အမျိုးသားတစ်ဦးက ရွှေဆွဲကြိုးတစ်ကုံးကို လုယူထွက်ပြေးသွားကြောင်း သတင်းအရ လိုက်လံဖမ်းဆီးရာ ဆွဲကြိုးလုယူထွက်ပြေးသူ ဉာဏ်ထွန်း ကို ရွှေဆွဲကြိုးတစ်ကုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ရွှေဆွဲကြိုးပိုင်ရှင်မှာ တွံတေးမြို့နယ်နေ မဇင်မာနွယ်ဖြစ်ပြီး ၎င်းမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ ဉာဏ်ထွန်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်း ဆိုင်ကယ်ဖြင့် လှည့်လည်သွားလာ၍ ရွှေဆွဲကြိုး ကိုးကုံးကို ဆွဲဖြတ်လုယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှရွှေထည်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ လုယက်မှုကျူးလွန်သူ ဉာဏ်ထွန်းကို ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

# သပိတ်ကျင်း၌ အင်းမြေပြိုကျ၍ နှစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် လက်ပံပြန့်ကျေးရွာရှိ သက်တမ်းကုန်ဆုံးသော အကျယ် လေးပေ၊ အနက်ပေ ၂၀၀ ခန့် အင်းအတွင်း၌ ယမန်နေ့က ဇရပ်ကွင်းကျေးရွာနေ ရွှေစိုးအောင်(၂၆ နှစ်)နှင့် တစ်ရွာတည်းနေ လှမျိုးအောင်(၂၄ နှစ်)တို့ပါ လေးဦးက ရွှေဖြုန်းဆင်းတူးစဉ် အင်းမြေပြိုကျပိမိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ရွှေစိုးအောင်ပါ နှစ်ဦးမှာ ဒဏ်ရာများဖြင့် သေဆုံးသွားပြီး လှမျိုးအောင်ပါ နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် သပိတ်ကျင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

# အမရပူရမြို့တွင် လက်ရက်ကန်းပစ္စည်းများကို ထိန်းသိမ်းရောင်းချ



**မန္တလေး မတ် ၂၃**
ခေတ်မီတိုးတက်သော ကာလတွင် အမရပူရမြို့တွင် စက်ရက်ကန်းလုပ်ငန်းများ ပိုမိုများပြားကာ လက်ရက်ကန်းလုပ်ငန်းများမှာ နည်းပါးသွားခဲ့သည်။ တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းများအဖြစ် ပြုလုပ်သောလက်ရက်ကန်းများနှင့် ရိုးရာပိုးလွန်းရာကျော်ချိတ် ရက်လုပ်သည့် လက်ရက်ကန်းလုပ်ငန်းများအတွက် ရိုးရာလက်ရက်ကန်းပစ္စည်းများကို ထိန်းသိမ်းရောင်းချပေးလျက်ရှိသည်။**(ယာပုံ)**

လက်ရက်ကန်းပစ္စည်းအရောင်းဆိုင်တွင် နိုင်ငံတကာခရီးသွား ဧည့်သည်များ လေ့လာပါက အလွယ်တကူ လေ့လာနိုင်ရန် လက်ရက်ကန်းလုပ်ငန်းပုံစံငယ်ကလေးများပင် ပြသထားသည်။ ချည်ချသည့်စက်ခုံကလေးများကို သစ်သားဖြင့် ပြုလုပ်ရာမှ သံဖြင့်ပါ ပြုလုပ်လာကြသည်။ ချည်ချခုံကလေးများ ပြုလုပ်ခြင်းအတွက် လက်ဝင်သော်လည်း တန်ဖိုးမှာ ငွေကျပ်လေးထောင်မှ ငါးထောင်မျှသာရှိပြီး တစ်ခါဝယ်ပြီးသည်နှင့် နှစ်ချီအောင်အသုံးပြုနိုင်သည်။ လက်ရက်ကန်းနှင့် ပတ်သက်သော ပစ္စည်းမျိုးစုံကို အမရပူရမြို့နှင့် နယ်များကပါ လာရောက်ဝယ်ယူကြသည်။

ချည်ချခုံ၊ ချလက်၊ ရက်ဖောက်၊ ဝါးရက်ဖောက်၊ အသားရက်ဖောက်၊ ပလတ်စတစ်ရက်ဖောက်၊ နက်၊ ရသွား၊ ကြိုးထုံး၊ လွန်းနှင့်အတူ အခြားလက်ရက်ကန်းသုံးပစ္စည်းမျိုးစုံကို ရောင်းချပေးသည်။ လက်ရက်ကန်းနည်းပါးသွားသည့်အတွက် ဈေးကွက်သွက်လက်ခြင်းမရှိဘဲ အရောင်းပါးသည့်တိုင်အောင် ပုံမှန်လည်ပတ်နိုင်ရန် ဆက်လက်ထိန်းသိမ်းရောင်းချလျက်ရှိသည်။ လွန်းအသေးတစ်ခုလျှင် ငွေကျပ် နှစ်ရာ၊ လွန်းအကြီးတစ်ခုလျှင် ငွေကျပ်ရှစ်ရာ၊ ရသွားတစ်ခုလျှင် ငွေကျပ်လေးထောင်ကျော်မှ တစ်သောင်းကျော်အထိ ပေးရသည်။ ရက်ဖောက် အသေးအကြီးမျိုးစုံ တစ်လုံးလျှင် ငွေကျပ် ၄၀ မှ ၅၀ ခန့်သာရှိသည်။ ရောက်လုံးတစ်ခုလျှင် ငွေကျပ် နှစ်ရာခန့်ရှိပြီး အမျိုးအမည်များပြားကာ ဈေးနှုန်းကြီးမြင့်ခြင်း မရှိလှပေ။ အမရပူရမြို့ရှိ ချိတ်ထည်ရက်လုပ်သည့် လက်ရက်ကန်းခတ်သူများမှာ အမရပူရမြို့ရှိ လက်ရက်ကန်းပစ္စည်းမျိုးစုံဆိုင်တွင် အားထားဝယ်ယူကြသည်။

လက်ရက်ကန်း ပစ္စည်းဆိုင်များနှင့် ဆက်စပ်နေသော အမရပူရမြို့နှင့် နယ်မှ လက်ရက်ကန်းလုပ်ငန်းများမှာ ချည်ချိတ်ထည်များကိုသာ ရက်လုပ်ကြသည်။ လက်ရှိကာလတွင် လက်ရက်ကန်းတစ်စင်လျှင် စင်အလွတ်ချည်း ငွေကျပ်တစ်သိန်းမှ တစ်သိန်းငါးသောင်းအထိ ပေးရကြောင်း၊ အတိုင်အဖောက်ချည်များအတွက် တစ်သိန်းကျော် ရင်းနှီးရကြောင်း၊ လက်ရက်ကန်းတစ်စင်အပြီးအစီး ငွေကျပ်၂၃၀၀၀၀ ကျော်ကုန်ကြပြီး လက်ရက်ကန်းသုံးပစ္စည်းများကမူ တစ်ခါဝယ်ထားပြီးလျှင် ကြာရှည်စွာ အသုံးပြုနိုင်ကြောင်း အမရပူရမြို့တွင် လက်ရက်ကန်းပစ္စည်းမျိုးစုံကို ယနေ့တိုင် ထိန်းသိမ်းရောင်းချလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# ဘော်လခဲမြို့နယ် ဘူးခူကျေးရွာ၌ သောက်သုံးရေ ဂါလန် ၆၀၀ သွားရောက် လှူဒါန်း

**ဘော်လခဲ မတ် ၂၃**
ကယားပြည်နယ် ဘော်လခဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နွေရာသီသောက်သုံးရေ လုံလောက်မှုမရှိသော ဘူးခူကျေးရွာကို မတ် ၂၁ ရက်က တာဝန်ရှိသူများ သွားရောက်လှူဒါန်းခဲ့သည်။**(အောက်ပုံ)**

အဆိုပါကျေးရွာကို သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ဘော်လခဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နွေရာသီသောက်သုံးရေရရှိစေရေးအတွက် ရေဂါလန် ၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း၊ အခြား ဌာနဆိုင်ရာနှင့် အလှူရှင်အသင်းအဖွဲ့များမှလည်း လှူဒါန်းပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆက်လက်၍ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဘူးခူကျေးရွာသည် အိမ်ခြေ ၅၂ အိမ်၊ လူဦးရေ ၂၇၂ ဦးရှိပြီး စက်ရေတွင်းတူးဖော်ပေးနိုင်ရေး GP Survey တိုင်းတာခဲ့သော်လည်း မြေအောက်ရေအောင်းလွှာ တွေ့ရှိခြင်းမရှိကြောင်း၊ အဆိုပါကျေးရွာကို နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၆၃၈၂ သန်းဖြင့် ဂါလန် ၂၀၀၀၀ ဆံ့ မိုးရေလှောင်ကန်နှစ်ခု တည်ဆောက်ပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးစံမြက ပြောသည်။

**စိုးမိုးကျော်**

# ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှ သောက်ရေသန့်များ လှူဒါန်း

**ရေစကြို မတ် ၂၃**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့မှ ထန်းငယ်တောကျေးရွာအုပ်စု ကျောက်လှေခါးကျေးရွာ ဒေသခံပြည်သူများ သောက်ရေပြတ်လပ်မှု ဖြစ်ပေါ်နေကြောင်း သိရသဖြင့် မတ် ၂၁ ရက်က သောက်ရေသန့်များ သွားရောက်လှူဒါန်းသည်။

အဆိုပါ သောက်ရေသန့်များကို ဂါလန် ၁၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးနိုင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်၏ စီစဉ်ပေးမှုဖြင့် စနစ်တကျရေများ ရယူကြသည်။

ကျောက်လှေခါး ကျေးရွာသည် နှစ်စဉ် နွေရာသီရောက်တိုင်း သောက်ရေပြတ်လပ်မှု ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင် မိုးမကောင်းသောကြောင့် သောက်ရေကန်များအတွင်း မိုးရေဝင်ရောက်မှုနည်းပါးပြီး ယခုကဲ့သို့ ရေပြတ်လပ်မှုနှင့် စောစီးစွာကြုံနေရခြင်းဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ကျေးရွာတွင် အိမ်ခြေ ၁၇၅ အိမ်၊ အိမ်ထောင်စု ၁၈၀၊ လူဦးရေ ၉၀၂ ဦးတို့ နေထိုင်ကြပြီး သောက်ရေသန့်များရရှိသဖြင့် ဒေသခံပြည်သူများ ကျေးဇူးတင်ဝမ်းသာ ပျော်ရွှင်လျက်ရှိကြသည်။

**ဖေထွဏ်းဇော်**

# ငဖဲမြို့နယ်တွင် နေရပ်စွန့်ခွာမိသားစုဝင် ၁၅ စုကို ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ငဖဲ မတ် ၂၃**
မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာမိသားစုဝင် ၁၅ စုအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၁ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက အမ်းမြို့နယ်မှ ငဖဲမြို့နယ်အတွင်းသို့ လာရောက်သည့် နေရပ်စွန့်ခွာမိသားစုဝင်များကို ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းကြူနှင့် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်တို့က နေရပ်စွန့်ခွာတိုင်းရင်းသားမိသားစုများ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေးအတွက် ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်းနှင့် ရပ်ရွာအတွင်း စည်းလုံးညီညွတ်စွာနေထိုင်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် မကျီးကုန်းကျေးရွာ၊ ငရုံ့ချောင်းကျေးရွာ၊ ပဘဲကျေးရွာနှင့် နောင်ကျေးရွာများသို့ ရွှေ့ပြောင်းရောက်ရှိလာသော အရှိုချင်းတိုင်းရင်းသား မိသားစုဝင် ၁၅ စုအတွက် တစ်စုလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၃၀၊ ဆန်အိတ် ၁၅ အိတ်နှင့် စည်သွပ်ဘူး ၃၆၀ တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ပြီး ရွှေ့ပြောင်းမိသားစုဝင်များကိုယ်စား ဇင်ပွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**မယု(ငဖဲ)**

## အမြို့မြို့အနယ်နယ်၌ နွေရာသီသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ စိုင်ရှင်ကျေးရွာရေရရှိရေးအတွက် အနက်ပေ ၃၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းကိုလည်းကောင်း၊ ကမ်းနီကျေးရွာ၌ အနက်ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းကိုလည်းကောင်း၊ ပိုက်သင်ကျေးရွာ၌ အနက်ပေ ၃၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းကိုလည်းကောင်း၊ ဇီးဖြူကုန်းကျေးရွာ၌ အနက်ပေ ၃၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းတို့ကိုလည်းကောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၅၀၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီးပါက စိုင်ရှင်ကျေးရွာ၊ ကမ်းနီကျေးရွာ၊ ပိုက်သင်ကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာတို့ရှိ အိမ်ခြေ ၉၇၀၊ လူဦးရေ ၄၃၀၀ တို့အတွက် သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ပြောသည်။ **သူရိန်(မင်းဘူး)**

**ပင်လည်ဘူး**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယခင်က တွင်းနက်စက်ရေ တွင်းပေါင်း ၄၉ တွင်း တူးဖော်ဆောင်ရွက်ထားရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် မြေကုလားကျေးရွာ၊ ငွေးချိုကျေးရွာ၊ သင်ပေါင်းကျင်း ကျေးရွာ၊ စင်လောင်ကျေးရွာ၊ ကြူတောကိုင်းကျေးရွာ၊ ဝါးယူးသာကျေးရွာ ကျေးရွာ ခြောက်ရွာနှင့် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် နတ်ကြီးကုန်းကျေးရွာနှင့် ကပ္ပန္တုတ်ကျေးရွာ နှစ်ရွာတို့တွင် တွင်းနက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေး သွားမည်ဖြစ်သည်။

အဆိုပါတွင်းနက်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလပိုင်းမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကာ မတ် ၂၁ ရက်က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ထွန်းဇော်နှင့် ဝန်ထမ်းအဖွဲ့သည်ကပ္ပန္တုတ်ကျေးရွာနှင့် စင်လောင်ကျေးရွာတို့တွင် တွင်းနက်ရေတွင်းတူးဖော်နေမှု၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်ပြုလုပ်နေမှု၊ ရေတင်ရေစက်ရုံတည်ဆောက်မှု၊ ရေပိုက်များသွယ်တန်းဆောင်ရွက်မည့်အခြေအနေတို့အား ကြည့်ရှုစစ်ဆေးသည်။

ပင်လည်ဘူးမြို့နယ်တွင် ကျေးရွာပေါင်း ၂၆၆ ရွာရှိပြီး ကျေးရွာများတွင် သောက်သုံးရေအခက်အခဲများရှိပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဖုန်း (၀၉-၄၅၅၅၃၃၃၂၂)၊ (၀၉-၄၀၁၄၈၂၂၆၈)၊ (၀၉-၆၉၉၂၄၅၂၆၇)၊ (၀၉-၄၄၀၃၆၀၉၄၂)၊ (၀၉-၈၉၅၉၉၀၉၇၇)၊ (၀၉-၄၅၆၀၈၀၅၃၆)၊ (၀၉-၄၀၀ ၂၂၇၂၂၄)၊ (၀၉-၄၅၂၉၃၀၅၄၁) အဆိုပါဖုန်းနံပါတ်များသို့ ဖုန်းခေါ်ဆိုပြီး အကူ အညီတောင်းခံနိုင်ကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**

**ဝန်းသို**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကျောက်ပေါက်ခုံအုပ်စု အလယ်ခုံကျေးရွာတွင် ကျေးလက်နေပြည်သူများ နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၈၅သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လေးလက်မ ပေ ၄၀၀ ရှိ စက်ရေတွင်းတစ်တွင်း၊ ဂါလန်၂၀၀၀ ဆံ့ ရေစုကန်တစ်ခု၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတစ်ခုတို့ကို တည်ဆောက်သွားမည်ဖြစ်သည်။

ယခုအခါရေရရှိရေးလုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်းအားလုံးပြီးဆုံးပါက အိမ်ခြေ ၂၃ အိမ်၊ လူဦးရေ ၁၁၀ အတွက် သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်သည်။ ဝန်းသိုမြို့နယ်တွင် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ခြောက်ခု၊ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းသုံးခု၊ ပြည်ထောင်စု(မွမ်းမံ) ရန်ပုံငွေဖြင့် လုပ်ငန်းတစ်ခုတို့ကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူးထံမှ သိရသည်။ **ကျော်မြိုင် (ပြန်/ဆက်)**

**ဘားအံ**
ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်အနောက်ခြမ်းရှိ ရေတွင်းကုန်း၊ နတ်ကုန်း၊ ငှက်ပျောတောနှင့် ကော့ပတိုင် ကျေးရွာတို့မှ ကျေးလက်နေပြည်သူများသည် သောက်သုံးရေ ရှားပါးမှုမရှိစေရေး စက်ရေတွင်း(တွင်းနက်)များနှင့် လက်တူးတွင်းများ တူးဖော်ပေးခြင်း၊ အမြင့်တင်ရေစင်များ တည်ဆောက်ပေးခဲ့ခြင်းတို့ကြောင့် ယခုအခါ သောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်သည်။

နွေရာသီတွင် သောက်သုံးရေရှားပါးသော ဘားကပ်ကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာတွင် အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတစ်တွင်း အမြင့်တင်ရေစင်တစ်ခု၊ နတ်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းပရဝဏ်အတွင်း၊ စက်ရေတွင်းတစ်တွင်း၊ ကျေးရွာလမ်းဆုံတွင် စက်ရေတွင်းနှစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့အမြင့်တင်ရေစင်တစ်ခု၊ ရသေ့ပျံကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာတွင် စက်ရေတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တစ်ခု၊ ပန်းကုန်းကျေးရွာအုပ်စု ကော့ပတိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းပရဝဏ်အတွင်းတွင် တန် ၄၀၀၀ ဘီလပ်မြေစက်ရုံမှ စက်ရေတွင်းတစ်တွင်းတို့ကို တူးဖော်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကော့ပတိုင်ကျေးရွာ ကျွန်းတောပိုင်း၌ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့သော လက်တူးတွင်းတစ်တွင်းတို့ကြောင့် ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာရယူသုံးစွဲလျက်ရှိပြီး ယခုအခါ အဆိုပါကျေးရွာများတွင် သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မကွေး၌ COVID -19 ကာကွယ်ရေးတွင် လှူဒါန်းလိုသူများအတွက် ရန်ပုံငွေစာရင်းဖွင့်၍ အလှူခံမည်

**မကွေး မတ် ၂၃**
မကွေးတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းသုံး တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံ ၃၀၀၀ ကို ဝယ်ယူထားပြီးဖြစ်ကာ ရောဂါကာကွယ်ရေးအတွက် လှူဒါန်းလိုသူများလည်း ရှိနေသဖြင့် ရန်ပုံငွေစာရင်းဖွင့်၍အလှူခံသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးထံမှ သိရသည်။

"လောလောဆယ် မကွေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေထဲကငွေကျပ် ၄၂၉ သိန်းသုံးပြီး ဆေးတွေ၊ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံတွေ ဝယ်ထားတယ်။ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ အစုံသုံးထောင် (သိန်း ၂၀၀ ကျော်ဖိုး) ဝယ်ပေးတဲ့ အထဲမှာပါတယ်။ မကွေးမြို့ လုပ်ငန်းရှင်အဖွဲ့တွေကလည်း ကာကွယ်ရေးလုပ်ငန်းတွေအတွက် လှူမယ်လို့ သတင်းပို့ထားပါတယ်။ အဲဒါကြောင့် တိုင်းဒေသကြီးအစိုးရအနေနဲ့ ရန်ပုံငွေစာရင်းဖွင့်ပြီး အလှူခံပါမယ်။ မြို့နယ်တွေက ကိုယ့်မြို့နယ်ဆေးရုံကိုပဲ လှူချင်တယ်ဆိုရင်လည်း ခွင့်ပြုထားပါတယ်"ဟု တိုင်းဒေသကြီးလူမှုရေး ဝန်ကြီးက ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် ခုတင် ၁၀၀၊ ခုတင် ၂၀၀ နှင့် မြို့နယ်၊ တိုက်နယ်ဆေးရုံပေါင်း ၉၈ ရုံရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ယခင် ဖြန့်ဝေထားသော တစ်ကိုယ်ရေရောဂါကာကွယ်ရေး ဝတ်စုံများနှင့် တိုင်းဒေသကြီးအစိုးရမှ ဝယ်ယူထားသည့် ဝတ်စုံများပေါင်းပါက မြို့နယ်အဆင့် ဆေးရုံများတွင် တစ်ကိုယ်ရေရောဂါ ကာကွယ်ရေးဝတ်စုံ ၅၀ မှ ၂၀၀ အတွင်း ဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်သန်းထံမှ သိရသည်။

"တစ်ကိုယ်ရေရောဂါကာကွယ်ရေး ဝတ်စုံက ဆေးရုံတစ်ရုံကို ၃၀၊ ၄၀ အဲဒီ လောက်ပဲရှိကြတာပေါ့။ တကယ်လိုပြီဆိုရင် တိုက်နယ်ဆေးရုံဆိုရင် တစ်နေ့ကို အနည်းဆုံးသုံးစုံ လောက်လိုမယ်။ ခရိုင်ဆေးရုံဆိုရင် ကိုးစုံ၊ ၁၀ စုံ လောက်လိုမယ်။ တိုင်းဒေသကြီးဆေးရုံဆိုရင်လည်း ပိုလိုအပ်မှာပေါ့။ တကယ်တမ်းဖြစ်လာပြီဆိုရင် ၁၄ ရက် ဆိုရင်ကိုပဲ အစုံ ၁၄၀ လိုမှာလေ။ နဂိုရှိတာက အစုံ ၂၀၊၃၀ နဲ့ အခုထပ်ပေးမှာက အစုံ ၁၀၀ လောက်နဲ့ဆိုရင်တော့ နှစ်ပတ်စာလောက်တော့ကာမိမှာပေါ့"ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြောသည်။

တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံတန်ဖိုးမှာငွေကျပ် ၇၀၀၀ ကျော်တန်မှ ၄၀၀၀၀၊ ၈၀၀၀၀၊ တစ်သိန်းကျော်တန်များအထိ အရည်အသွေး အလိုက်ကွာခြားမှု များရှိပြီး ယခုဖြန့်ဝေထားသည့် ဝတ်စုံများမှာ တန်ဖိုး ၉၀၀၀ ကျော်တန်ဖြစ်ကြောင်း၊ ဆရာဝန်များ၊ သူနာပြုဆရာ ဆရာမများ အတွက် တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံနှင့် Mask မှာ မရှိမဖြစ်၍ သင့်တော်သောဝတ်စုံများ ဝယ်ပေးချင်ကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြောသည်။ မကွေးမြို့မှ လုပ်ငန်းရှင် ဦးကျော်ဝင်း၊ ဒေါ်ချိုချို (ထိန်ထိန်သာ) မိသားစုက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ငွေကျပ်သိန်း ၅၀၊ လူမှုရေးအဖွဲ့များထံ ငွေကျပ် ငါးသိန်းလှူဒါန်းသွားရန် လုပ်ဆောင်နေပြီး ယမန်နေ့က မကွေးအခြေစိုက် သတင်းမီဒီယာများ အတွက် လုပ်ငန်းသုံးအကာအကွယ်ပစ္စည်းများ ဝယ်ရန်ငွေကျပ်ငါးသိန်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ကျောင်းကုန်းမြို့မဈေးကြီးအတွင်း လက်ဆေးစင်ထားရှိခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**ကျောင်းကုန်း မတ် ၂၃**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးအတွင်း လက်ဆေးစင်သုံးခု ထားရှိခြင်း၊ အသိပညာပေး လက်ကမ်းစာစောင် ဝေငှခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ကြသည်။ **(အောက်ပုံ)**

ကျောင်းကုန်းမြို့မဈေးတာဝန်ခံရုံးအနီးတွင်တစ်ခု၊ ပုံကျဈေးနေရာတွင်တစ်ခုနှင့် သဘော်ဆိပ်တွင်တစ်ခု စုစုပေါင်းသုံးခု တပ်ဆင်ပေးထားပြီး ကျန်းမာရေးဌာနမှ လက်ဆေးခြင်းကို ပြသပေးခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများအား ဝေငှပေးခြင်းနှင့် ဥပုသ်နေ့ဈေးပိတ်ထားစဉ် ဈေးအတွင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နှင့်ကော်မတီဝင်များ၊စည်ပင်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်း၌ပင်စင်စားများအား ကိုယ်အပူချိန်တိုင်းခြင်းပြုလုပ်ပေး

**မော်လမြိုင်ကျွန်း မတ် ၂၃**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ကိုရိုနာဗိုင်းရပ်စ် ရောဂါကြိုတင်ကာကွယ်သောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ်ရှိအငြိမ်းစားဝန်ထမ်းများအားလက်ဆေးစင်တွင် လက်ဆေးရည်ဖြင့်စနစ်တကျလက်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းကိရိယာများဖြင့် တိုင်းတာစစ်ဆေးပေးခြင်းကို ယနေ့နံနက်ပိုင်းမှစတင်ပြီး မော်လမြိုင်ကျွန်းမြို့မြန်မာ့စီးပွားရေးဘဏ်၌ ကျင်းပသည်။

မြို့နယ်ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းတစ်ဦးချင်းအား လက်ဆေးစင်တွင် လက်ဆေးရည်နှင့်လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းများကို စနစ်တကျဆောင်ရွက်ပေးရာ မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်လေးလေးမော်နှင့် ဝန်ထမ်းများက ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးအတွက် လက်ဆေးစင်တွင်လက်ဆေးရည်ဖြင့် လက်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများကို မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်း ၁၅၆၀ တို့အား မတ် ၂၃ ရက်တွင် စတင်ပြီး စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။ **မော်ကျွန်း- မြင့်အောင်**

## COVID-19 ရောဂါကာကွယ်ရန် လက်ဆေးနေရာပြုလုပ်ပေး

**ဒလ မတ် ၂၃**
COVID - 19 ရောဂါကြိုတင် ကာကွယ်ရေးလုပ်ငန်းစဉ်အဖြစ် ဒလမြို့နယ်ရှိ ဌာနအချို့တွင် လက်ဆေးရန်နေရာများ ပြုလုပ်ထားပေးလျက်ရှိသည်။

ဒလမြို့နယ်တွင် COVID - 19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်အဖြစ် လက်ဆေးရန်နေရာပြုလုပ်ပေးထားသည့် ဌာနနှစ်ခုမှာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် COVID -19 ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အသိပညာပေးဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် ထိစပ်နေသည့် နိုင်ငံများ၏ ဝင်/ထွက်ပေါက်များအား ပိတ်ထားခြင်း လူစုလူဝေးပွဲများကို တားမြစ်ပိတ်ပင်ထားခြင်းဖြင့် COVID - 19 ရောဂါဖြစ်ပေါ်နိုင်မှုအား ကြိုတင် တားဆီးကာကွယ်လျက်ရှိသည်။

"ကျွန်တော်တို့ မြို့မှာတော့ လက်ဆေးဖို့အတွက် နေရာလုပ်ထားပေးတာဌာနနှစ်ခုပဲ တွေ့သေးတယ်။ အမှန်ဆို ပြည်သူအများဆုံးလာရောက်တဲ့ အခြားဌာနတွေမှာလည်း လက်ဆေးဖို့နေရာနဲ့ လက်ဆေးဖို့ပစ္စည်းတွေ ထားပေးထားသင့်တယ်" လို့ ဒေသခံတစ်ဦးက ပြောသည်။

**မောင်ယဉ်ဦး(ဒလ)**

## ရွှေဘိုမြို့၌ မိဘပင်စင်စားများအား ကိုယ်အပူချိန်တိုင်းခြင်းနှင့် လက်ဆေးခြင်းဆောင်ရွက်ပေး

**ရွှေဘို မတ် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် COVID – 19 ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင်ပင်စင်ထုတ်ယူရန်လာသော မိဘပင်စင်စားများအား ကိုယ်အပူချိန်တိုင်းခြင်းနှင့် စနစ်တကျလက်ဆေးစေခြင်းများကို ယနေ့နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ် ရွှေဘိုခရိုင်ဘဏ်ခွဲတွင် ဆောင်ရွက်ခဲ့သည်။

ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးခြင်း၊ COVID – 19 ရောဂါကာကွယ်ရေး လက်ကမ်းစာစောင်များဝေငှခြင်းတို့ကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်ကြက်ခြေနီအဖွဲ့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးဘဏ် ရွှေဘိုခရိုင်ဘဏ်ခွဲမှ ဘဏ်ဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

COVID – 19 ရောဂါကာကွယ်မှုနှင့်ပတ်သက်၍ ပင်စင်ထုတ်ယူရန်လာသော ရွှေဘိုမြို့ နွားလေးကုန်းကွက်သစ်၊ အမှတ် (၁၀) ရပ်ကွက်နေ အဘိုးဦးလှဝင်းက " အခုလို COVID – 19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းပေးတာ၊ လက်ဆေးခြင်းဆောင်ရွက်ပေးတာ အလွန်ကောင်းပါတယ်။ မိမိကိုယ်မိမိ ယုံကြည်မှုဖြစ်စေပြီး မိမိအပါအဝင် အခြားသူတွေကိုလည်း ရောဂါကာကွယ်ပြီးဖြစ်တာမို့ ဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

**မိုးသောက်(ရွှေဘို)**



## ဆိပ်ဖြူနှင့် သံတောင်ကြီး၌ COVID –19 ကာကွယ် ထိန်းချုပ်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိ

**ဆိပ်ဖြူ**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ် (COVID–19)ကို ကာကွယ်ထိန်းချုပ်နိုင်စေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လုပ်ငန်းများကို မတ် ၂၃ ရက်က ပြုလုပ်သည်။

အဆိုပါ ကျန်းမားရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာ့စီးပွာရေးဘဏ်မှ ဝန်ထမ်းများက ဘဏ်သို့ငွေသွင်းငွေထုတ်လာရောက်သည့် သက်ပြည့်အငြိမ်းစားဝန်ထမ်းများ နှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း ကိုရိုနာဗိုင်းရပ်စ် (COVID–19) အကြောင်းသိကောင်းစရာများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများအပါအဝင် ရပ်ကွက်/ကျေးရွာများတွင် ကိုရိုနာဗိုင်းရပ်စ် (COVID–19)ရောဂါဖြစ်ပွားရာဒေသနှင့် ထိစပ်နယ်မြေတို့မှ ပြန်လည်ရောက်ရှိလာသည့်သူများ၊ သံသယရှိလူနာများအား သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုများနှင့်နီးစပ်ရာ ကျန်းမာရေးဌာနများတွင် ကျန်းမာရေးစစ်ဆေးခံနိုင်ရေး၊ လူဦးရေထူထပ်သည့် ပွဲလမ်းသဘင်များကို သွားလာမှုမပြုကြရန် အသိပညာပေးလမ်းညွှန်စကားများကို ပြောကြားခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

**သံတောင်ကြီး**
ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် စာကြည့်တိုက်သို့ စာဖတ်စာငှား၊ စာဖတ်လာသူတိုင်း လက်ဆေးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအချိန် နွေရာသီကျောင်းပိတ်ရက်ဖြစ်သည့်အတွက် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ပြီးစာဖတ်စာငှားသူများ၊ ကလေးစာဖတ်ခန်းတွင် ဆော့ကစားကြသူကလေးငယ်များ၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် စာကြည့်တိုက်တွင် လက်ဆေးဆပ်ပြာရည်နှင့် ရေများထားရှိကာ စနစ်တကျလက်ဆေးနည်းများကို စာ/ထောက်-၃ ဒေါ်ယဉ်ယဉ်အေးက လက်တွေ့သရုပ်ပြပြီး ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် နံရံကပ်စာစောင်ပါ အကြောင်းအရာများကို ပြည်သူ့စာကြည့်တိုက်သို့ လာရောက်သူများအား ရှင်းလင်းပြောကြားသည်။ **နော်လော်မူ(ပြန်/ဆက်)**

## COVID–19 ရောဂါကာကွယ်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**ဒေးဒရဲ မတ် ၂၃**
COVID–19 ရောဂါကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို မတ် ၂၂ ရက်က ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ မြို့နယ်ပြည်သူ့ဆေးရုံအစည်း အဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က COVID–19 ရောဂါမိမိတို့မြို့နယ်အတွင်း ကူးစက်ခံရမှုမရှိစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကြိုတင်ပြင်ဆင်ကာကွယ်၊ ကုသနိုင်ရေးအတွက် ကျန်းမာရေးဌာနက လိုအပ်လျက်ရှိသော COVID–19 ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများအား လှူဒါန်ပေးသော အလှူရှင်များအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား ဦးမြင့်မောင်က အလှူငွေများပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အလှူရှင် ၁၀ ဦးမှ လှူဒါန်းသောငွေကျပ် ၁၇၅၀၀၀၀၊ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ ၂၀ နှင့် အဖျားတိုင်းပစ္စည်းတစ်ခုတို့ကို ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် မြို့နယ်ကျန်းမားရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနိုင်တို့က လက်ခံရယူခဲ့ကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

## လောကချမ်းသာ အဘယလာဘမုနိ (ကျောက်တော်ကြီးဘုရား) တွင် ဘုရားဖူးလာပြည်သူများအား COVID-19 ရောဂါ ကြိုတင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မတ် ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့် အညီ မတ် ၂၀ ရက်တွင် ပြုလုပ်သော လောကချမ်းသာအဘယလာဘမုနိ (ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အင်းစိန်မြို့နယ်၏ ကျက်သရေဆောင် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) သို့ လာရောက်ဖူးမြော်ကြည်ညိုကြသော ဘုရားဖူးပြည်သူများအား မတ် ၂၁ ရက် နံနက်ပိုင်းမှစတင်၍ COVID–19 ရောဂါကြိုတင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘုရားကြီး ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားရှိကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ထိုသို့ COVID–19 ရောဂါကာကွယ်ရာတွင် ဘုရားဖူးများ လက်ဆေးနိုင်ရန် လက်ဆေးကန်များကို စောင်းတန်းအဝင်များ၌ ထားရှိပေးခြင်းနှင့် အပူချိန်တိုင်းတာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရောဂါကာကွယ်ရေး ပိုစတာများချိတ်ဆွဲထားခြင်း၊ ဘုရားကြီးဝန်ထမ်းများနှင့် ဘုရားကြီး၌ ရောင်းချလျက်ရှိသော ဈေးဆိုင်များ တို့ကိုလည်း ဂေါပကအဖွဲ့က ရောဂါကာကွယ်ရေး စာစောင်များ ဝေငှပေးခြင်း၊ အသိပညာပေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဂေါပကအဖွဲ့ ဦးမောင်မောင်မြင့်အေးထံမှ သိရသည်။

ထို့အပြင် ဘုရားကြီးဝင်းအတွင်း COVID–19 သံသယလူနာတွေ့ရှိပါက ချက်ချင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဉာဏ်လင်း**

## ပဲခူးမြို့ ကလိရွာ (၆)ထပ်ဆေးရုံအနီးရှိ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနရုံးကို ကိုရိုနာဗိုင်းရပ် စောင့်ကြည့်လူနာများထားရန် ပြင်ဆင်မှုများ စတင်ပြုလုပ်နေ

**ပဲခူး မတ် ၂၃**

ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားသည့် COVID–19 ရောဂါအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်လူနာများထားရန် နေရာအဖြစ် ပဲခူးမြို့ ကလိကျေးရွာ (၆)ထပ်ဆေးရုံအနီးရှိ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံး အဆောက်အအုံကို လိုအပ်သော ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။



ပြင်ဆင်မှုများပြုလုပ်နေသည့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနရုံးအဆောက်အအုံ

အဆိုပါအဆောက်အအုံသည် လူနေရပ်ကွက်/ကျေးရွာများနှင့် သီးခြားရှိနေသည့်အတွက် ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်လူနာများထားရန် သင့်တော်သောနေရာဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်း၍ လူနာထားရှိမည့်အခန်း၊ လိုအပ်မည့် အသုံးအဆောင်ပစ္စည်းများ၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်း၊ ဆက်သွယ်မှုကိစ္စရပ်များနှင့် လုံခြုံမှုဆိုင်ရာ စသည့် လိုအပ်ချက်များ အမြန်ဆုံးပြည့်စုံရေးအတွက် ဆောင်ရွက်လျက်ရှိကြသည်။

COVID–19 ရောဂါ Outbreak အသွင်ဖြစ်ပွားလာပါက ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးရှိ ယခု Isolation Unit နေရာသည် ဆေးရုံကြီး၏ နေရာအနေအထား၊ လူနာဆောင်အနေအထားများအရ သင့်တော်မှုမရှိခြင်း၊ အထူးကု ပြင်ပလူနာဌာနနှင့် သံဃာဆောင်တို့ကို အသုံးပြုမည်ဆိုပါကလည်း စံချိန်စံညွှန်း သတ်မှတ်ချက်နှင့် ကိုက်ညီရန် များစွာပြင်ဆင်ရမည်ဖြစ်သည့်အပြင် ရေချိုးခန်းနှင့် အိမ်သာများ ထပ်မံထည့်သွင်းရန် အခက်အခဲရှိခြင်းတို့ကြောင့် လူနေ ရပ်ကွက်/ကျေးရွာများနှင့် သီးခြားရှိနေသည့် ပဲခူးမြို့ ကလိ (၆)ထပ်ဆေးရုံအနီးရှိ တိုင်းဒေသကြီး ကုသရေး ဦးစီးဌာနရုံးကို ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်လူနာများထားရန် ရွေးချယ်ပြီး ပြင်ဆင်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း ပဲခူးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်က ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်လူနာများ ထားနိုင်ရန်အတွက် အဆိုပါ ပဲခူးမြို့ ကလိ(၆)ထပ်ဆေးရုံအနီးရှိ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးအပြင် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးနှင့် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးတို့တွင်လည်း လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID–19 နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် ကိစ္စများကို မိမိတို့၏အရေးကိစ္စသဖွယ် သဘောထားကာ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် တတ်နိုင်သမျှ ဝိုင်းဝန်းပါဝင် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ညောင်ဦး ပလင်းကမ်းသာယာ ဆင်စခန်း၌ COVID–19 ကြိုတင်ကာကွယ်ရန် လက်ဆေးကန်များ ထားရှိ

**ညောင်ဦး မတ် ၂၃**

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ COVID–19 ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာ ဆင်စခန်း၌ လာရောက်လည်ပတ်သူများအတွက် လက်ဆေးကန်များ ထားရှိပေးထားကြောင်း သိရသည်။

"ယခုလ ၂၀ ရက်နေ့ကစပြီး ကျွန်တော်တို့ အပန်းဖြေဆင်စခန်းမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဆင်စခန်းကို လာရောက်တဲ့ခရီးသွားဧည့်သည်တွေ မကြာခဏ လက်ဆေးနိုင်အောင် ဆင်စခန်းဝင်းအတွင်း အများမြင်သာတဲ့နေရာတွေမှာ လက်ဆေးကန် ၁၀ ခုကို စီစဉ်ထားရှိပေးထားပါတယ်"ဟု ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုက ပြောကြားသည်။

ဆင်စခန်းဝင်းအတွင်း လက်ဆေးဘေစင် ၁၀ ခုအထိ ပြုလုပ်ပေးထားသည့်အပြင် COVID–19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပညာပေး နံရံကပ်ပိုစတာ ၁၀ ခုကိုလည်း လူအများမြင်သာသည့် နေရာများ၌ ကပ်ထားပေးပြီး လက်ဆေးရန် အသိပေးနှိုးဆော်ထားကြောင်းလည်း ဆင်စခန်းတာဝန်ခံထံမှ သိရသည်။




"အခုရက်ပိုင်းတော့ ကျွန်တော်တို့ ပလင်းကမ်းသာယာ အပန်းဖြေဆင်စခန်းကို ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေ၊ လာရောက်အပန်းဖြေသူတွေ အများကြီး လျော့နည်းသွားပါတယ်။ အရင်ကဆိုရင် ကျွန်တော်တို့ ပလင်းကမ်းသာယာ အပန်းဖြေဆင်စခန်းနဲ့အတူ ရောဝတီမြစ်လယ် သဲသောင်ပြင် အပန်းဖြေစခန်းကို ဖွင့်လှစ်ထားရှိလို့ ပြည်တွင်း ခရီးသွား ဧည့်သည်တွေ အများအပြား လာရောက်အပန်းဖြေကြ၊ ရေချိုးကြသူတွေနဲ့ အလွန်စည်ကားပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ် အသက်ရှူလမ်းကြောင်းရောဂါနဲ့ ပတ်သက်ပြီး ပြည်သူတွေ ကူးစက်မှုအန္တရာယ် ကင်းဝေးစေဖို့အတွက် နိုင်ငံတော်ကလည်း လူစုလူဝေးတွေ မလုပ်ရဘူးဆိုပြီး ညွှန်ကြားချက်တွေ ထုတ်ပြန်ထားတဲ့အတွက် ပလင်းကမ်းသာယာ ရောဝတီမြစ်လယ် သဲသောင်ပြင် အပန်းဖြေကမ်းခြေကိုလည်း မတ်လ ၁၉ ရက်နေ့မှစပြီး ပိတ်ထားလိုက်လို့ ဒီရက်ပိုင်းမှာ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေ အလာနည်းသွားတာဖြစ်ပါတယ်"ဟုလည်း ဆင်စခန်းတာဝန်ခံက ဆက်လက်ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပြည်သူများပူးပေါင်းပါဝင်ရေး အသိပညာပေး

**ခမောက်ကြီး မတ် ၂၃**

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း ပြည်သူများ ပူးပေါင်းပါဝင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိုင်း–မြန်မာ နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းခရိုင် ခမောက်ကြီးမြို့၌ ဆောင်ရွက်လျက်ရှိသည်။

ခမောက်ကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးနေလင်းအောင်၏ ဦးဆောင်မှုဖြင့် ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း ပြည်သူများ ပူးပေါင်းပါဝင်ရေးအတွက် အသိပညာပေးလုပ်ငန်းအဖြစ် မတ် ၂၂ ရက်က မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ခမောက်ကြီးမြို့ တိုက်နယ်ဆရာဝန် ဒေါက်တာညီညီဇော်နှင့် သူနာပြုများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာမှု သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ကာ ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် စနစ်တကျ လက်ဆေးနည်းကိုလည်း သရုပ်ပြခဲ့သည်။

ထို့အပြင် "ကိုရိုနာဗိုင်းရပ်စ်(COVID–19)ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း ခရီးသွား မိဘပြည်သူများက ဝိုင်းဝန်းကူညီသောအားဖြင့် ကျန်းမာရေးစစ်ဆေးမှုခံယူရန် မေတ္တာရပ်ခံအပ်ပါသည်" စာတန်းပါသော ဗီနိုင်းကို လမ်းဆုံလမ်းခွများတွင် စိုက်ထူ၍ အသိပေးခဲ့သလို ဌာနဆိုင်ရာရုံးများ၊ ဈေးဆိုင်နှင့် စားသောက်ဆိုင်များတွင်လည်း လက်ဆေးဆပ်ပြာရည်နှင့် Hand Gel များ ထားရှိရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခမောက်ကြီးဒေသအတွင်း ထိုင်းနယ်စပ်ထွက်ပေါက်များရှိရာ ရှမ်းကျေးရွာခြောက်ရွာအနက် အေးချမ်းသာရွာနှင့် ဆိပ်ဖူးကျေးရွာ ထွက်ပေါက်တို့တွင်သာ မိမိနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာမှုကို လက်ခံလျက်ရှိပြီး ကျန်လေးရွာတွင် အဝင်/အထွက်များ ပိတ်ထားကြောင်း မြို့အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**နန့်လေးလေး(ပြန်/ဆက်)**

## ဝန်းသိုမြို့နယ်၌ COVID-19 ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ဝန်းသို မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရေး ရည်ရွယ်လျက် ပြည်သူများထံသို့ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများနှင့် Family Care ဆပ်ပြာများ အခမဲ့ဖြန့်ဝေပေးခြင်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မတ် ၂၁ ရက်က ဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်း၊ ဆပ်ပြာများ ဖြန့်ဝေပေးခြင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဆရာဝန်ကြီး ဦးတင့်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နမ်းခမ်းတိုက်နယ် နမ်းခမ်းကျေးရွာ၌ ဆောင်ရွက်ခဲ့သလို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုက်နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ရင်ခွင်မဲ့ကလေးငယ်များစောင့်ရှောက်ရေးအသင်း စသော လူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍လည်း ဂျိုးတောင်တိုက်နယ် ဂျိုးတောင်မြို့မဈေး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်**

## ရေစကြိုမြို့နှင့် ကန့်ဘလူမြို့၌ အန္တရာယ်ကင်း ပရိတ်ရွတ်ဆို

**ရေစကြို**

ရေစကြိုမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်သော COVID–19 ရောဂါ အန္တရာယ်မှ ကင်းဝေးစေရေးအတွက် သံဃာတော်များက ရေစကြိုမြို့နယ်အတွင်း မတ် ၂၂ ရက်က လှည့်လည်၍ ပရိတ်တရားတော်များနှင့် ပဋ္ဌာန်းဒေသနာတော်များရွတ်ဆိုခဲ့ကြောင်း သိရသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ စုပေါင်း၍ သံဃာတော် ၂၄ ပါးအား ပင့်ဖိတ်ပြီး လှူဖွယ်ဝတ္ထုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ဆက်ကပ်လှူဒါန်းပြီးနောက် သံဃာတော်များက ရေစကြိုမြို့နယ်အတွင်း လှည့်လည်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဆိုပေးခဲ့ခြင်းဖြစ်သည်။ **နွယ်နွယ်အောင်**

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ပြည်သူများ အန္တရာယ်ကင်းရေးအတွက် ပရိတ်တရားတော်များကို ရဟန်းသံဃာတော်များက မြို့တွင်းနှင့် မြို့ပြင်၌ မတ် ၂၂ ရက်က လှည့်လည်ရွတ်ဆိုခဲ့သည်။ အဆိုပါ အန္တရာယ်ကင်း ပရိတ်ရွတ်ဆိုခြင်းကို မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲမှုကော် မတီတို့က ဦးဆောင်စီစဉ်ခြင်းဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက "ပြည်သူတွေ ရောဂါဘယကင်းဝေးစေဖို့နဲ့ အခြား ဘေးအန္တရာယ်တွေ ကင်းဝေးစေဖို့အတွက် ဗုဒ္ဓဘာသာတရားတော်နဲ့အညီ အရံအတားအဖြစ် ပရိတ်တော်တွေ ရွတ်ဖတ်ပူဇော်ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။ ပရိတ်ရွတ်ဆိုရာတွင် မြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော် ၁၂ ပါးက မော်တော်ယာဉ်ရှစ်စီးဖြင့် မြို့ပြင်လမ်းများမှစ၍ မြို့တွင်းလမ်းများအတိုင်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဆိုခဲ့ကြသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၃-၂၀၂၀) ရက်နေ့၊ ည (၁၁:၄၅) နာရီ

## ဓာတ်ခွဲအဖြေအရ COVID-19 ရောဂါပိုးရှိသူ အမျိုးသားနှစ်ဦး တွေ့ရှိ

၁။ အမေရိကန်နိုင်ငံမှ (၁၃-၃-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်လာခဲ့သည့် ချင်းပြည်နယ်၊ တီးတိန်မြို့တွင် နေထိုင်နေသည့် မြန်မာနိုင်ငံသား အမေရိကန်နိုင်ငံမှ Green Card ရရှိထားသူ အသက် (၃၆) နှစ်အရွယ် အမျိုးသားသည် (၁၉-၃-၂၀၂၀) ရက်နေ့တွင် ကိုယ်အပူချိန်မြင့်တက်ဖျားနာခဲ့သဖြင့် Population Services International ဆေးခန်းတွင် သွားရောက်ပြသခဲ့ပြီးနောက် (၂၁-၃-၂၀၂၀) ရက်နေ့တွင် တီးတိန်မြို့နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းခဲ့သဖြင့် စောင့်ကြည့်လူနာအဖြစ် သီးသန့်ခန်းတွင်ထားရှိ၍ (isolation) စောင့်ကြပ်ကုသမှု ပေးခဲ့ပါသည်။ အဆိုပါ လူနာတွင် ချောင်းဆိုးခြင်း အပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများမရှိခဲ့ပါ။

အဆိုပါလူနာထံမှ ဓာတ်ခွဲနမူနာအား (၂၂-၃-၂၀၂၀) ရက်နေ့တွင် ရယူခဲ့ပြီး အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ပေးပို့ခဲ့ရာ ယနေ့ (၂၃-၃-၂၀၂၀) ရက်နေ့တွင် စစ်ဆေးခဲ့သည့် ဓာတ်ခွဲအဖြေအရ COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပါသည်။

(၂၃-၃-၂၀၂၀) ရက်နေ့၊ ည (၁၁) နာရီအချိန် စမ်းသပ်စစ်ဆေးချက်အရ အဆိုပါအမျိုးသား လူနာ၏ ကျန်းမာရေးအခြေအနေမှာ ကိုယ်ပူဖျားနာခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများမရှိဘဲ သက်သာလျက်ရှိပါသည်။ အဆိုပါ လူနာအား ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် သီးခြားထားရှိ (isolation) ၍ စနစ်တကျစောင့်ကြပ်ကုသလျက်ရှိပါသည်။

၂။ အင်္ဂလန်နိုင်ငံမှ (၂၂-၃-၂၀၂၀) ရက်နေ့တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်လာခဲ့သည့် အသက် (၂၆) နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသားအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ (၂၂-၃-၂၀၂၀) ရက်နေ့တွင် လှည်းကူးမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းကျောင်းတွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ကို ဆောင်ရွက်ခဲ့ကာ (၂၂-၃-၂၀၂၀) ရက်နေ့၊ ညပိုင်းတွင် မှော်ဘီမြို့နယ်ရှိ ဓမ္မဒူတ ဇေတဝန်တောရ ဆေးကိန္နရာမကျောင်းတိုက်တွင် ပြောင်းရွှေ့ပြီး အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအမျိုးသားသည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့စဉ်မှ ယနေ့ညအထိ ကိုယ်ပူဖျားနာခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများမရှိသော်လည်း ဓာတ်ခွဲနမူနာအား (၂၃-၃-၂၀၂၀) ရက်နေ့တွင် ရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးခဲ့ရာ ဓာတ်ခွဲအဖြေအရ COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပါသည်။

အဆိုပါအမျိုးသားအား (၂၃-၃-၂၀၂၀) ရက်နေ့၊ ညတွင် ဝေဘာဂီအထူးကုဆေးရုံသို့ လွှဲပြောင်းကာ သီးခြားထားရှိ (isolation) ၍ စနစ်တကျစောင့်ကြပ်ကုသလျက်ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သည် အဆိုပါအမျိုးသား (၂) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးပုံ၊ စစ်ဆေးနည်း (Protocol) (၄) မျိုးဖြင့် ပိုမိုသေချာစေရန် စနစ်တကျ ဓာတ်ခွဲစစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

၄။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအရ အဆိုပါ အမျိုးသား (၂) ဦးထံမှ ဓာတ်ခွဲနမူနာများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ (၂၄-၃-၂၀၂၀) ရက်နေ့တွင် ဆက်လက်ပေးပို့၍ အတည်ပြုချက် ရယူသွားမည်ဖြစ်ပါသည်။

၅။ အဆိုပါ အမျိုးသား (၂) ဦးနှင့် ထိတွေ့ခဲ့သူများအားလုံးကို စုံစမ်းဖော်ထုတ်၍ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား-၁

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂၃-၃-၂၀၂၀) ရက်နေ့၊ ည (၁၁) နာရီ (၄၅) မိနစ်

| စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက် အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | ဆေးရုံစတင်တက်ရောက်သည့် ရက်စွဲ | COVID - 19 ဓာတ်ခွဲအဖြေ |
|---|---|---|---|---|---|---|
| ၀၁ | ၃၆နှစ် | ကျား | အမေရိကန်နိုင်ငံ | တီးတိန်မြို့နယ်ပြည်သူ့ဆေးရုံ၊ ချင်းပြည်နယ် | ၂၁-၃-၂၀၂၀ | တွေ့ရှိ |
| ၀၂ | ၂၆ နှစ် | ကျား | အင်္ဂလန်နိုင်ငံ | ဝေဘာဂီအထူးကုဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး | ၂၃-၃-၂၀၂၀ | တွေ့ရှိ |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ
## မတရားအသင်းအဖြစ် ကြေညာ

စာ » ၃

## တိုကျိုအိုလံပစ်ရဲ့ မသေချာမှုနဲ့အတူ အားကစားပြိုင်ပွဲက နုတ်ထွက်သွားတဲ့ ကနေဒါ

စာ ၁၅

## COVID-19 ရောဂါဂယက်ကြောင့် မလေးရှားမှ စားအုန်းဆီ တင်သွင်းမှု ရပ်တန့်လိုက်သဖြင့် ပြည်တွင်း၌ ဈေးနှုန်းများ မြင့်တက်လာ

**မန္တလေး မတ် ၂၃**

မြန်မာနိုင်ငံအတွင်း အခြေခံလူတန်းစား အများဆုံး စားသုံးနေသည့် စားအုန်းဆီကို COVID- 19 ရောဂါ ဂယက်ကြောင့် မလေးရှားနိုင်ငံမှ တင်သွင်းမှု ရပ်တန့်လိုက်သဖြင့် ပြည်တွင်း၌ စားအုန်းဆီ ဈေးနှုန်းများ မြင့်တက်လာကြောင်း မန္တလေးခရိုင် ဆီစက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

"အရင်က စားအုန်းဆီဈေးနှုန်းဆိုတာ တစ်ပိဿာကို ကျပ်ငါးဆယ်လောက်တောင် တက်ဖို့မလွယ်ကူပေမယ့် အခုပြည်တွင်းကို အဝင် မရှိတော့တဲ့အတွက် ကျပ်သုံးရာလောက်အထိ မြင့်တက်သွားတယ်။ ဒီဆီအမျိုးအစားကလည်း ပြည်တွင်းမှာ အခြေခံလူတန်းစားတွေ အများဆုံး စားသုံးနေတဲ့အတွက် ဈေးနှုန်းမတက်အောင် နည်းလမ်းရှာကြံပြီး ထိန်းသိမ်း ပေးစေလိုပါတယ်" ဟု အဆိုပါအသင်း ပြန်ကြားရေးတာဝန်ခံ ဦးသန်းလွင်က ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑




ဟံသာဝတီအသင်းတိုက်စစ်မှူး အီမီကာ၏ ဖွဲကပင်အသင်းဘက်သို့ ထိုးဖောက်ကစားမှု။ ဓာတ်ပုံ-ဖိုးသော်ဇင်

## ဟံသာဝတီ ဂိုးပြတ်နိုင်ပြီး ဇယားထိပ်ဦးဆောင်

**ရန်ကုန် မတ် ၂၃**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ဟံသာဝတီနှင့် စစ်ကိုင်းအသင်းတို့ ဂိုးပြတ်နိုင်ပွဲရရှိခဲ့ သည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ် ကြောင့် MNL ပွဲအားလုံးကို ရန်ကုန်မြို့ သို့ ပြောင်းရွှေ့ကာ ကွင်းပိတ်ကစား နေခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ဖွဲကပင်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် နိုင်ပွဲဆက်ခဲ့သော်လည်း ဖွဲကပင်အသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ဖွဲကပင် အသင်းသည် နှစ်ဂိုးအရှုံးကို နှစ်ဂိုး ပြန်သွင်းကာ သရေပြန်ကစားနိုင်သော်လည်း ဂိုးများပြန်လည်ခွင့်ပြု

*စာမျက်နှာ ၂၁ ကော်လံ ၃* ❋

## MNL ယူ- ၂၁ ပြိုင်ပွဲ ရောဝတီ၊ အား / ကာသိပ္ပံနှင့် ဟံသာဝတီအသင်း ဂိုးပြတ်နိုင်

**ရန်ကုန် မတ် ၂၃**

၂၀၂၀ ရာသီ MNL ယူ-၂၁ အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ် (၁၁) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရောဝတီ၊ အား/ကာ သိပ္ပံနှင့် ဟံသာဝတီအသင်းတို့ ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

ဒုတိယနေ့တွင် ရောဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံအသင်းက Chinland အသင်းကို လေးဂိုး-ဂိုးမရှိ၊ ဟံသာဝတီအသင်းက ငွေကြယ်ပွင့်အသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရောဝတီအသင်းသည် ယခုပွဲတွင်လည်း ထပ်မံအနိုင်ရခဲ့သောကြောင့် ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ရှုံးပွဲမရှိ မှတ်တမ်းကိုပါ ဆက်ထိန်းထားနိုင်ခဲ့သည်။ ယခုတစ်ပတ်တွင် ဇယားထိပ်ပိုင်းမှ ရောဝတီအသင်းအပါအဝင် ရတနာပုံ၊ အား/ကာသိပ္ပံနှင့် ရှမ်းယူနိုက်တက် အသင်းတို့လည်း နိုင်ပွဲကိုယ်စီရရှိခဲ့သည်။ ပွဲစဉ် (၁၁) တတိယနေ့ကို မတ် ၂၄ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ယောမြေအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းများ

### ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် အာဆင်နယ်နည်းပြ အာတီတာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာ

အာဆင်နယ်နည်းပြ အာတီတာသည် ၎င်းအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ခံစားနေရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း မတ် ၂၃ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၃၇ နှစ်အရွယ် စပိန်လူမျိုး အာတီတာသည် မတ် ၁၂ ရက်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် ပထမဆုံး ပရီမီယာလိဂ် မန်နေဂျာ တစ်ဦး ဖြစ်သည်။

အာဆင်နယ်အသင်းသည် ဖေဖော်ဝါရီလတွင် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် အိုလံပီယာကော့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။ အိုလံပီယာကော့စ် အသင်း ပိုင်ရှင်ဖြစ်သူ မာရီနာကစ်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရပြီဟု အတည်ပြုပြီးနောက် နည်းပြ အာတီတာမှာလည်း နေထိုင်မကောင်းဖြစ်ခဲ့သည်။



### အူဘာမီယန်ကို ကမ်းလှမ်းသွားရန် မန်ယူ ပြင်ဆင်နေ

မန်ယူအသင်းသည် အာဆင်နယ်အသင်းမှ အူဘာမီယန်ကို ကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း၊ အင်တာမီလန်နှင့် ဘာစီလိုနာအသင်းတို့ကလည်း အဆိုပါ ကစားသမားကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဂရစ်ဇ်မန်းကို ရောင်းထုတ်ရန် ဘာစီလိုနာ ဆန္ဒရှိ

ဘာစီလိုနာအသင်းသည် ပြင်သစ်တိုက်စစ်ကစားသမား ဂရစ်ဇ်မန်း (၂၉ နှစ်) ကို အက်သလက်တီကိုမက်ဒရစ်အသင်းမှ ယူရို သန်း ၁၂၀ ဖြင့် ခေါ်ယူပြီး တစ်နှစ်အကြာတွင် ယူရို သန်း ၁၀၀ ဖြင့် ရောင်းထုတ်ရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### မန်စီးတီးမှ လာပေါ်တေးကို ခေါ်ရန် ဘာစီလိုနာ စိတ်ဝင်စား

ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်းမှ ပြင်သစ်ခံစစ်ကစားသမား လာပေါ်တေး (၂၅နှစ်) ကို နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း စပိန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**